ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အောင်မြင်ခြင်းအကြောင်း**

အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်နိုင်ရာ၏။ မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန်ပြောသောသူကို အဟုတ်အမှန်ပြောဆိုခြင်းဖြင့် အောင်ရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၂၂၃)

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက် တနင်္လာနေ့ 30, Monday May 2016 (၈၅၇၇)

# ကလေးသူငယ်များစာဖတ်ရှိန်မြှင့်တင်ရေး ပျော်ပွဲ ရွှင်ပွဲ မဟာဗန္ဓုလပန်းခြံတွင် လှုပ်ရှားဆောင်ရွက်

**ရန်ကုန် မေ ၂၉**

ကလေးသူငယ်များ စာဖတ်စွမ်းရည် မြင့်မားတိုးတက်လာစေရန်၊ စာပေကို ချစ်မြတ်နိုးလာစေရန် ရည်ရွယ်၍ စာဖတ်ရှိန် မြင့်မားတိုးတက်လာစေရန် အတွက် ကလေးငယ်များ စိတ်ဝင်စားစေမည့် လှုပ်ရှားဆောင်ရွက်မှုများကို အဖွဲ့အစည်းအလိုက် ပြုလုပ်လျက်ရှိရာ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်း ကလေးငယ်များနှင့်အတူ အသင်းအဖွဲ့များ၊ လူငယ်လူရွယ်များ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအတွင်း မေ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်မှ စတင်၍ လှုပ်ရှားဆောင်ရွက်မှုတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ကွန်ရက်အဖွဲ့ဝင်များဖြစ်သည့် သပြေကလေးလူငယ်စာကြည့်တိုက်၊ ဗဂျီအိမ်ရှေ့လျားစာကြည့်တိုက်နှင့် ညောင်ပင်သာ ကလေးစာကြည့်တိုက်တို့ ပူးပေါင်း၍ ကလေးလူငယ်များအတွက် အဓိကထားသော စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုကို အချိန်ယူကာ ပြုလုပ်ခဲ့ကြသည်။

အဆိုပါပွဲတွင် ပန်းခြံအတွင်း လာရောက်သော ကလေးသူငယ်များ၊ ရဟန်းသံဃာများ၊ လူကြီးလူငယ်မရွေး စာအုပ်များကို ဖတ်ရှုလေ့လာနိုင်ရန်စီစဉ်ပေးခြင်း၊ သပြေကလေးလူငယ် စာကြည့်တိုက်နှင့် ပူးပေါင်းပါဝင်သောအဖွဲ့များမှ ထုတ်ဝေသော စာအုပ်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်း၊ လက်ကမ်း

စာမျက်နှာ ၃ ကော်လံ ၁ သို့




ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်း ကလေးငယ်များ၊ အသင်းအဖွဲ့များ၊ လူငယ်လူရွယ်များပါဝင်သော စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုမြင်ကွင်း။



## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်အပါအဝင် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် ပညာရေးဝန်ကြီးဌာန ရက်ပေါင်း ၁၀၀ ခရီးစတင်**

စာမျက်နှာ ၁၆ ၁၇




ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ

ဆေးသုံးစွဲသူကျေးဇူးရှင် မိဘပြည်သူများ၏ လိုလားချက်အရ **ကေသီပန်မြတ်သုခအဆီကျဆေး** ကို သောက်သုံးရ လွယ်ကူစေရန် ဆေးတောင့် (Capsule) ပုံစံဖြင့် ထပ်မံထုတ်လုပ် ဖြန့်ချီလိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ (ဆေးတစ်ဘူးကို တစ်လသောက်သုံးနိုင်ပါသည်)

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR - 012714 (0118)
သ/၂၀၁၄/တဆထလ/တိုး(၁၅၉)

# မြေကြီးမှန်

## နိုင်ငံရေးစာပေနှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးဟူသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု ယူဆပါသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ငွေကြေးဥစ္စာပစ္စည်းပေါ် အခြေခံသည့် စီးပွားရေးကဏ္ဍတစ်ခုတည်းနှင့် အကဲဖြတ်ပြောဆို၍ မရနိုင်ပါ။ လူမှုရေးတည်ငြိမ်မှု၊ ပြည်သူတို့ လုံခြုံအေးချမ်းပျော်ရွှင်မှု၊ ယဉ်ကျေးမှုနှင့် နည်းပညာတိုးတက်ရေး အရေးကြီးသလို စာပေဖွံ့ဖြိုးတိုးတက်ရေးကလည်း အရေးကြီးသည်ပဲဖြစ်၏။

၂၈ မေ ၂၀၁၆ ရက်က မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်တစ်ခုအဖြစ် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီ စာအုပ်ဈေးရောင်းပွဲတော် ကျင်းပရန် စာပေနယ်မှ ပုဂ္ဂိုလ်တချို့နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ ဆွေးနွေးကြပါသည်။

မြန်မာနိုင်ငံမှာ အစဉ်အလာအားဖြင့် အခါအားလျော်စွာ ပြုလုပ်ခဲ့သော စာတမ်းဖတ်ပွဲများ မကျင်းပနိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ စာတမ်းဖတ်ပွဲများပြုလုပ်၍ စာပေဆွေးနွေးပွဲများ အပြိုင်းအရိုင်းကျင်းပခဲ့သည့် အတိတ်ကာလကို ပြန်လည်အမှတ်ရစရာ ဖြစ်ပါသည်။ ဝတ္ထုရှည်စာတမ်း၊ ဝတ္ထုတိုစာတမ်း၊ ခရီးသွားစာပေ စသည်ဖြင့် စာရေးဆရာကြီးများ၊ သုတေသီများက စာတမ်းများပြုစုကာ ဖတ်ကြပြောကြ၊ဟောကြ၊ စာတမ်းပါအချက်အလက်များကို တက်ရောက်လာသော သူများက ဆွေးနွေးကြ၊ ငြင်းခုံကြ၊ ဖြည့်စွက်ကြ ပြုလုပ်ခဲ့ကြပါသည်။

ဆွေးနွေးပွဲများပြီးသည့်နောက် စာတမ်းများနှင့် ဆွေးနွေးချက်များကို စုပေါင်း၍ စာအုပ်များအဖြစ် ပြန်လည်ထုတ်ဝေပြီး မှတ်တမ်းမှတ်ရာများနှင့် မြန်မာစာပေလောကအတွက် အလွန်ကျေးဇူးများခဲ့ရပါသည်။ အဆိုပါ စာပေဆိုင်ရာစာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများသည် ဒီမိုကရေစီ မှောင်ကြီးကျမှုနှင့်အတူ ပျောက်ဆုံးခဲ့ရာမှ ယနေ့ အစိုးရသစ်နှင့်အတူ ပြန်လည်လင်းပွင့်လာတော့မည့် အရိပ်အယောင်များ ပေါ်ထွက်လာရာ မြန်မာနိုင်ငံ၏အနာဂတ်အတွက် အားရစရာ အခြေအနေများဖြစ်လာပါပြီ။

ယခုတသစ်ဆန်းပြန်လှည့်လာချိန်မှာ အဖွင့်စာတမ်းဖတ်ပွဲက နိုင်ငံရေးစာပေဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲဖြစ်သည့်အတွက် ပိုမိုစိတ်ဝင်စားစရာများ ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံရေးဝဲဩဃမှာ ကျင်လည်ခဲ့ရသော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ရာ နိုင်ငံရေးစာပေဖွံ့ဖြိုးခဲ့သော နိုင်ငံဟု ဆိုရပါမည်။ နိုင်ငံရေးသဘောတရားနှင့် သီအိုရီများဆိုင်ရာ စာအုပ်စာပေများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်သော သမိုင်းစာအုပ်များ၊ နိုင်ငံရေးနောက်ခံဝတ္ထုတို၊ ရှည်များ၊ ဆောင်းပါးများ၊ နိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ စာအုပ်စာပေများ၊ နိုင်ငံတကာ နိုင်ငံရေးစာအုပ်စာပေများစသည်တို့က မြန်မာပြည်၏ နိုင်ငံရေးလောကအပေါ် များစွာကျေးဇူးပြုခဲ့သလို များစွာလည်း လွှမ်းမိုးဩဇာကြီးခဲ့ပါသည်။

မြန်မာ့ထိပ်သီးနိုင်ငံရေးခေါင်းဆောင်များကိုယ်တိုင် ရေးသားပြုစုခဲ့ကြသော နိုင်ငံရေးစာပေများကိုက အမြောက်အမြား အားရဖွယ်ရာရှိခဲ့သည့် နိုင်ငံဖြစ်ပါ၏။

သခင်အောင်ဆန်း၊ သခင်နု၊ ဗိုလ်လက်ျာ၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်သိန်းဖေ (မြင့်)၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့မှအစ ဗိုလ်မှူးချစ်ကောင်း၊ လေထီးဗိုလ်အုန်းမောင်၊ သခင်ဖေငွေး၊ ဝိစူရ သခင်ချစ်မောင်၊ ရန်ကုန်ဘဆွေ၊ ဗိုလ်မှူးချုပ်အောင်ကြီးတို့အလယ်၊ ဒေါ်အောင်ဆန်းစုကြည်၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ မြအေးတို့အထိ ရေးသားခဲ့ကြသော နိုင်ငံရေးစာအုပ်များ၊ နိုင်ငံရေးနှင့် ဆက်နွှယ်နေသော ကဗျာ၊ ဝတ္ထုများက လောက်လောက်လားလား ရှိခဲ့ပါသည်။ လမ်းစဉ်ပါတီနှင့် အမှောင်ခေတ်တစ်ခုလုံးမှာ တိတ်တဆိတ်ဖြတ်သန်းခဲ့ရသော နိုင်ငံရေးစာပေများ၊ ကဗျာများ၊ ဝတ္ထုများကလည်း အမြောက်အမြား။ တိုင်းပြည်ပြင်ပသို့ ထွက်သွားခဲ့ရပြီး ပြင်ပမှာထုတ်ဝေခဲ့ရသော မြန်မာစာရေးဆရာများ၏ နိုင်ငံရေးစာပေများကလည်း အများအပြား။

ထို့အတူ မြန်မာ့နိုင်ငံရေးနယ်ပယ်မှာ အထူးဩဇာလွှမ်းမိုးခဲ့သော သတင်းစာ၊ဂျာနယ်၊ မဂ္ဂဇင်းတို့၏ အခန်းကဏ္ဍမှာလည်း ကြီးကြီးမားမား ရှိနေခဲ့ပါသည်။

သည်လို ကျယ်ပြန့်နက်ရှိုင်းသော နိုင်ငံရေးစာပေအတွက် စာတမ်းများကို ရေးသားပြုစုနိုင်ရန် ကျယ်ပြန့်သောစာပြုသူများလည်း အများအပြားလိုအပ်မည်ဟု ယူဆပါသည်။

ရန်ကုန်၊ မန္တလေးမြို့ကြီးများသာမက မြန်မာနိုင်ငံအနှံ့အပြားမှာ ရှိနေသောနိုင်ငံရေးစာပေနှင့်နီးစပ်သည့် စာပြုသူများအားလုံးကို ဖိတ်ကြားခေါ်ယူပြီး ကျယ်ပြန့်သည့် နိုင်ငံရေးစာပေ၊ စာတမ်းဖတ်ပွဲနှင့် စာပေနှီးနှောဖလှယ်ပွဲကြီးဖြစ်မြောက်ရန် ဆန္ဒပြုလိုက်ရပါကြောင်း။ ။

## ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ဆက်လက်ဆောင်ရွက်ပေး

**နေပြည်တော် မေ ၂၉**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး သီတင်းပတ်အနေဖြင့် မေ ၂၅ ရက်မှ စတင်၍ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံပေးလျက်ရှိရာ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာ(ထက်၊လယ်၊မူ)ကျောင်းများတွင် မေ ၂၈ ရက်အထိ ကျောင်းလာရောက်အပ်နှံမှု ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၂၄ ဦး လက်ခံရရှိထားပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ ၈၅ ဒသမ ၈၇ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူး ဦးဝင်းဇော်က ပြောကြားသည်။

ကျောင်းနေအရွယ် ကလေးလူငယ်တိုင်း အခြေခံပညာသင်ယူခွင့်ရရှိရန်၊ ကျောင်းအပ်နှံရေး အခွင့်အလမ်းများ တိုးတက်ရရှိစေရန်၊ အခမဲ့ ပညာရေးစနစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်မိမိတို့ဌာနအနေဖြင့် ကြိုးပမ်းလျက်ရှိကြောင်း၊ ကျောင်းအပ်နှံရေးဆိုင်ရာ အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ သတင်းဖြန့်ဖြူးခြင်း၊ မိဘအုပ်ထိန်းသူ၊ ကျောင်းသား၊ ရပ်ရွာပြည်သူများအား ကျောင်းအပ်နှံကြရန် သတင်းဖြန့်ချိ အသိပေး စည်းရုံးခြင်း၊ ကူညီပံ့ပိုးပေးခြင်း၊ အခမဲ့ပညာရေးစနစ်ဆိုင်ရာ ပံ့ပိုးမည့် အစီအစဉ်နှင့် လမ်းညွှန်ချက်များကို အသိပေးကြေညာခြင်း၊ ကျောင်းအပ်လက်ခံခြင်း၊ ပံ့ပိုးပစ္စည်းများထုတ်ပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

၂၀၁၆ -၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းအပ်နှံရာတွင် အခမဲ့ထောက်ပံ့ပေးမည့်ပစ္စည်းများမှာ သူငယ်တန်း(KG)အတွက် ကျောင်းဝတ်စုံတစ်စုံ၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ်ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံတို့ ဖြစ်ကြောင်း သိရသည်။

**ကိုကို(ပြန်/ဆက်)**

## ညောင်တုန်းမြို့၌ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

**ညောင်တုန်း မေ ၂၉**



၂၀၁၆-၂၀၁၇ပညာသင်နှစ်ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၈ ရက်နေ့နံနက် ၉ နာရီကအမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရာပြည့်ခန်းမ၌ကျင်းပရာ ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်းကိုဂုဏ်ပြုသီဆို၍ အခမ်းအနားဖွင့်လှစ်သည်။

ဆက်လက်၍ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့်ပတ်သက်၍အဖွင့်အမှာစကားပြောကြားသည်။ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ကျောင်းအပ်နှံရေးနေ့ ကျင်းပရခြင်းနှင့် နိုင်ငံတော်၏အခမဲ့ပညာသင်ကြားရေးနိုင်ငံတော်မှပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းအသီးသီးမှလှူဒါန်းငွေများနှင့်ကျောင်းဝတ်စုံများ၊ စာရေးကိရိယာ၊ ဗလာစာအုပ်များပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြောင်းသိရသည်။ အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**





မြေကြီးမှန် နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ခုနှစ် ၁၆ ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

# အမှောင်ခွင်း၍ အလင်းဆောင်နေသော ဆရာမင်းသုဝဏ်

**မြင့်ဆွေဦး**

ဆရာ မင်းသုဝဏ်သည် ၁၉၃၃ ခုနှစ် ဇွန်လမှ ၁၉၃၅ ခုနှစ် မေလအထိ အရှေ့တိုင်းပညာရပ်များဌာနခွဲ အချိန်ပိုင်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ ပဲခူးဆောင်တွင် အဆောင်နည်းပြတာဝန်ယူရင်း မဟာဝိဇ္ဇာအချိန်ပိုင်းတက်ခဲ့သည်။ ဆရာမင်းသုဝဏ်သည် တက္ကသိုလ်၌ နည်းပြဆရာဖြစ်နေချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းလည်း တက္ကသိုလ်ရောက်နေပြီဖြစ်ပြီး ၁၉၃၅ ခုနှစ်တွင် ကိုအောင်ဆန်းသည် သမဂ္ဂအမှုဆောင်ဖြစ်နေပြီဖြစ်သည်။

ကိုသိန်းတင်(အိုးဝေ ဦးညိုမြ)သည် ထမင်းစားရာ၌ ထိုစဉ်က ကျူတာကြီးများဖြစ်သည့် ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့နှင့် ထမင်းတစ်ပွဲတည်း စားလေ့ရှိသည်။ ထိုဆရာများမှာ ကိုသိန်းတင်(ဦးညိုမြ)၏ အစ်ကိုများဖြစ်သည့် ဦးတင်ထွဋ်၊ ကိုစိုးတင့်တို့၏ မိတ်ဆွေများဖြစ်သည်။ တစ်နေ့တွင် ညစာစားအပြီးတွင် ဆရာမင်းသုဝဏ်အခန်း၌စကားပြောနေစဉ် ကိုအောင်ဆန်းရောက်လာပြီး သမဂ္ဂမဂ္ဂဇင်းတွင် အယ်ဒီတာလုပ်ဖို့ လာပြောသည်။

ကိုသိန်းတင်နှင့် ကိုအောင်ဆန်းတို့သည် သမဂ္ဂမဂ္ဂဇင်းကို အတူတွဲလုပ်ရန် သဘောတူချက်ရပြီး မဂ္ဂဇင်းအမည်ကို 'အိုးဝေ' မဂ္ဂဇင်းဟု အမည်ပြောင်းခဲ့ကြသည်။ ထိုအချိန်မှစ၍ ကိုသိန်းတင် ထမင်းစားဝိုင်းသို့ ကိုအောင်ဆန်းပြောင်းလာပြီး ထမင်းစားလေသည်။

၁၉၈၅ ခုနှစ်လောက် တစ်ပိုက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီးရှိရာ မြန်မာနိုင်ငံသို့ နှစ်စဉ်လောက်နီးပါး ပြန်လာလေ့ရှိသည်။ မြန်မာနိုင်ငံသို့ ရောက်သည့်အခါတိုင်း အခါအခွင့်သင့်လျှင် ဒေါ်အောင်ဆန်းစုကြည်သည် ဆရာမင်းသုဝဏ်ထံသို့ သွားရောက်တွေ့ဆုံလေ့ရှိသည်။ ဆရာမင်းသုဝဏ်အတွက် ဖတ်စရာစာအုပ်များယူလာပြီး လက်ဆောင်ပေးခဲ့လေသည်။

ဆရာမင်းသုဝဏ်သည် ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးကို စာပေကဏ္ဍမှ အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ် ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးဖြစ်လာသည့်အခါ ဆရာမင်းသုဝဏ်သည် အိမ်အနီးရှိ လှည်းတန်းလမ်းဆုံတွင် အစာငတ်ခံဆန္ဒပြနေသော လူငယ်ကျောင်းသားများထံသို့ ရောက်ရှိသွားသည်။ ထိုအခါ စိတ်ထဲတွင် ထိခိုက်သွားပြီး အိမ်အရောက်တွင် ကဗျာတစ်ပုဒ်ရေးသားခဲ့လေသည်။

**ကမာရွတ်၊ ပြည်လမ်းဆုံ**
**အစာငတ်ခံ ဆန္ဒပြသူများသို့**

ဇာနည်နွယ်ဖွား၊ သမီးသားတို့
အမိုးမရှိ၊ လွင်တီတီတွင်
အမိ မနီး၊ ဖ မနီးနှင့်
ရေစီးထဲမှာ၊ ထိုင်နေပါသည်
ဇာနည်နွယ်ဖွား၊ သမီးသားတို့
အစာမစား လွန်စွန့်စားကြ။
အစာမစား၊ လွန်စွန့်စားသည်
ဇာနည်နွယ်ဖွား၊ သမီးသားတို့
စိတ်အားကိုမွေး၊ မိုးအေးအေး၌
မငေးမငိုက်၊ မေးတုန်စိုက်လျက်
ပြုံးလိုက်ကြည့်ရှင် နေသည် မြင်သော်
ငါ့ရင်ကွဲမျှ၊ ခံစားရလည်း
မြန်မာ့သတ္တိ၊ တန်ခိုးရှိဟု
သိရသောအခါ၊ ငါ ဝမ်းသာသည်
ဇာနည်နွယ်ဖွား၊ သမီးသားတို့
ကိုယ်စိတ်နှစ်ပါး၊ အေးစေသားဟု
တောင်းဆုခြွေလိုက်ပါ၏. . . ဗျာ။ ။

**မင်းသုဝဏ်**
**၁၆၊ ၉၊ ၈၈**
**မနက် ၆ နာရီ**
**ကမာရွတ်**
**ထွန်းလင်းရိပ်သာ**

ထို့နောက်ပိုင်းတွင် ဒီမိုကရေစီအရေးတော်ပုံကြီးက မွေးဖွားပေးလိုက်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းချိန်မှစ၍ အားပေးထောက်ခံခဲ့သည်။ ဤသို့ဖြင့် ဆရာမင်းသုဝဏ်သည် ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ကမာရွတ်မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့သည်။

ရွေးကောက်ပွဲအကြိုကာလ ဆရာမင်းသုဝဏ်၏ မဲဆွယ်စည်းရုံးရေး လက်ကမ်းစာစောင်တွင် အောက်ပါ ကဗျာတစ်ပုဒ်ကို ရေးဖွဲ့ခဲ့လေသည်။

**လူငယ်ရောင်တောက် စိန်ခမောက်**

နေပူမှုလည်း သူ မရှောင်
မိုးရွာမှုကိုလည်း သူ မရှောင်
တို့တစ်တွေ ချမ်းသာမှုကို
ကျိုးပြုရွက်ဆောင်။
ကြည်ညိုမှုရယ်နှင့်
ဝိုင်းစုကြ လူလယ်ကောင်
ဝင်းပြောင်လို့ ရောင်တောက်။
နောင်ရေးကို မျှော်
အောင်တေး တကြော်ကြော်နှင့်
နိုင်ငံတော် သာစေကြောင်းဟာမို့
တို့တစ်တွေ ဆုမွန်တောင်းလို့ရယ်
အောင်သပြေ ညောင်ရေလောင်းကာပ့်
ဆောင်းကြခမောက်။

**မင်းသုဝဏ်**

ဆရာမင်းသုဝဏ်သည် ရရှိသော မဲဆန္ဒပေါင်း ၂၃၃၄၅ မဲ(ရာခိုင်နှုန်း ၇၅ ဒသမ ၈၆)ရရှိသဖြင့် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့လေသည်။

ဆရာမင်းသုဝဏ်သည် ကမာရွတ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရသောအခါ ဆန္ဒမဲပေးပြီး ရွေးချယ်ပေးခဲ့သော ပြည်သူလူထုအား ကျေးဇူးတင်ဂုဏ်ပြုသည့်အနေဖြင့် ကဗျာတစ်ပုဒ် ရေးသားခဲ့လေသည်။

**ကျေးဇူးစကား**

အားလုံး မေတ္တာ၊ စေတနာ
ကြီးပါသောကြောင့်၊ အောင်ခဲ့၏
အောင်ခဲ့ရပါ၊ ခုအခါ
မေတ္တာတုံ့လှည့်၊ ပြန်ပါ၏။
မေတ္တာမက၊ ကြီးပါလှ
ဥပကာရ၊ ကျေးဇူးရှိ။
ပြည်သူ့ကျေးဇူး၊ ဂုဏ်အထူး
ကြည်နူးရွှင်ပျ၊ ထုတ်ဖော်၏။
ပြည်သူ့အကျိုး၊ သယ်ဆောင်ပိုး
ကြိုးစားပါမည်၊ ခိဋ္ဌာန်၏။
ခမောက်အကျိုး၊ သယ်ဆောင်ပိုး
ကြိုးစားပါမည်၊ ခိဋ္ဌာန်၏။ ။

**မင်းသုဝဏ်**
**(ဦးဝန်)**
**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်**
**ကမာရွတ်မြို့နယ် မဲဆန္ဒနယ်။**

၁၉၉၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး၌ မဲဆန္ဒပေါင်း ၄၄၇ နေရာ၌ ပါဝင်ယှဉ်ပြိုင် အရွေးခံခဲ့ရာ မဲဆန္ဒနယ်ပေါင်း ၃၉၂ နေရာတွင် အနိုင်ရ အရွေးချယ်ခံရလေသည်။ တစ်နိုင်ငံလုံးအလိုက် ၈၇ ဒသမ ၆၉ ရာခိုင်နှုန်းအရွေးချယ်ခံရခြင်းဖြစ်သည်။ ထိုကဲ့သို့ တစ်နိုင်ငံလုံး၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တောင်ပြိုကမ်းပြိုအနိုင်ရခဲ့သော်လည်း ထိုစဉ်က စစ်အာဏာရှင်များက အကြောင်းအမျိုးမျိုးပြပြီး အာဏာလွှဲပြောင်းပေးခဲ့ခြင်းမရှိပေ။

ထို့နောက်ပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖိနှိပ်ချုပ်ချယ်လာခဲ့ပြီး အရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဖိအားပေးပြီး အချို့ကို ထောင်ချခဲ့သည်။ အချို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်ခိုင်းသည်။ အရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခိုင်းခဲ့သည်။ ထို့ကြောင့် ဆရာမင်းသုဝဏ်သည် စစ်အစိုးရ၏ ဖိအားပေးမှုကြောင့် ၁၉၉၂ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်အဖြစ် နုတ်ထွက်ခဲ့ရလေသည်။

ထို့အပြင် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဆရာမင်းသုဝဏ်၏ ဆန္ဒအလျောက်တင်ပြလာသဖြင့်ဟူ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ကော်မရှင်က နုတ်ထွက်ခွင့်ပြုခဲ့လေသည်။

ဆရာမင်းသုဝဏ်သည် ၁၉၁၆ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်တွင် ကျရောက်သော ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ဆုတောင်း ကဗျာတစ်ပုဒ်ကို ရေးသားခဲ့လေသည်။

**မွေးနေ့ဆုတောင်း**

ပြည်သူ့အောင်ပန်း၊ မြဲ ဆင်မြန်းသည့်
အောင်ဆန်းစုကြည်၊ ရဲဇာနည်ကို
မြန်ပြည်တစ်လွှား၊ ချစ်သူများခဲ့။
တို့အားတို့အင်၊ တို့အရှင်ကို
ကြည်ရွှင်စေသော၊ မာစေသောဟု
မွေးသောနေ့မှာ၊ တို့ သူ ငါ သည်
မေတ္တာကြည်လင်၊ ရွှင်ရွှင်ပို့။
ဒေါင်းပျိုအိုးဝေ၊ တွန်စေဖို့
မြတ်ဆုမွန်ကောင်း တောင်းကြစို့။

**မင်းသုဝဏ်**
**၁၉-၆-၉၀**

ထိုကဲ့သို့ ဆရာမင်းသုဝဏ်က ပြည်သူလူထုဘက်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အစဉ်ရပ်တည်နေမှုကို စစ်အာဏာရှင်များက မလိုလားခဲ့ပေ။ ထို့ကြောင့် ဆရာမင်းသုဝဏ်အား မြန်မာစာပေသမိုင်းမှ ဖျောက်ဖျက်ပစ်ရန် ကြိုးပမ်းခဲ့လေသည်။ ထိုအချိန်က ထုတ်ဝေနေသော မည်သည့်စာနယ်ဇင်းတွင်မှ ဆရာမင်းသုဝဏ်၏ စာ၊ ကဗျာများကို မဖော်ပြရ။ ကုန်ကုန်ဆိုရလျှင် ဆရာမင်းသုဝဏ်၏ အမည်ကိုပင် မဖော်ပြရဟု တားမြစ်ခဲ့လေသည်။

ထိုသို့ ဖိနှိပ်လုပ်ဆောင်ခဲ့သူများသာ မြန်မာ့သမိုင်းတွင် အမည်းစက်တင်ကျန်ရစ်ခဲ့ပြီး တိမ်မြုပ်သွားတော့သည်။ ဆရာမင်းသုဝဏ်ကမူ စာပေဗိမာန်အတွက် ဆရာရေးသားခဲ့သော ဆောင်ပုဒ်အတိုင်း မြန်မာစာပေသမိုင်းတွင် 'အမှောင်ခွင်း၍ အလင်းဆောင်' နေဦးမည်သာ ဖြစ်လေသည်။ ။

○ ရှေ့ဖုံးမှ

စာစောင်များဖြန့်ဝေခြင်း၊ ကလေးများဆေးရောင်စုံပန်းချီဆွဲနိုင်ရန် စီစဉ်ပေးခြင်း၊ ပုံပြင်များပြောခြင်း၊ ပညာပေးဇာတ်လမ်းတိုများကို သရုပ်ဆောင်ပြသခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး တေးသီချင်းများအား သရုပ်ပြဖျော်ဖြေခြင်းများ ဆောင်ရွက်ကြသည်။

သပြေကလေးလူငယ်စာကြည့်တိုက်တာဝန်ခံ ဦးမောင်ဇော်က "ဒီနေ့ ကျောင်းသားလူငယ်တွေရဲ့စားပွဲပေါ်မှာ ၎င်းတို့ရဲ့မိဘတွေအနေနဲ့ ကျောင်းစာအုပ်မှမရှိရင် ကလေးဆိုးလို့ သတ်မှတ်ကြပါတယ်။ ဒီလိုသတ်မှတ်လို့မရပါဘူး။ ကလေးတွေဖတ်ချင်တဲ့ အခြားစာအုပ်တွေကိုလည်း ပေးဖတ်ရမှာဖြစ်ပါတယ်။ ယခုလိုပွဲတွေကို ယခင်က ရန်ကင်းစင်တာ၊ ကျောက်မြောင်း၊ တာမွေ အစရှိသဖြင့် နေရာများစွာမှာ ကျင်းပခဲ့ပါတယ်။ ဗန္ဓုလပန်းခြံအတွင်း ပြုလုပ်တာဟာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေအပြင် စာကြည့်တိုက်မှူးတွေကို ပညာပေးတဲ့လုပ်ငန်းကိုလည်း လုပ်ဆောင်ပါတယ်။ သူတို့ရဲ့ Facebook Page www.facebook.com/ThaByae မှာလည်း ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါတယ်"ဟု ပြောသည်။

"ဒီနေ့လုပ်တဲ့ပွဲဟာ စိတ်ကူးအလွန်ကောင်းပါတယ်။ အဓိကကတော့ ရည်ရွယ်ချက်အတိုင်း ကလေးတွေ စာဖတ်ရှိန်တက်လာအောင် ကလေးတွေ စိတ်ဝင်စားမှု၊ စိတ်မဝင်စားမှုကို ပြန်လည်သုတေသနလုပ်ပြီး ကလေးတွေ စိတ်ဝင်စားမယ့် နည်းလမ်းသစ်တွေကို တီထွင်ဖန်တီးပြီး စဉ်ဆက်မပြတ်လုပ်သွားရင် ကလေးစာပေပြန်ပြီး ထွန်းကားလာမှာပါ။ အောင်မြင်လာမှာပါ" ဟု ပန်းဘဲတန်းမြို့နယ်မှ နာရီဆိုင်ပိုင်ရှင် ကိုအောင်မြင့်ထွန်းက ပြောပြသည်။

ယခုပြုလုပ်ခဲ့သည့် ကလေးသူငယ်များ စာဖတ်ရှိန်မြှင့်မားရေးလှုပ်ရှားမှုကို မြို့တော်၏အများပြည်သူ အနားယူသည့်ပန်းခြံတွင် ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အများပြည်သူအား အသိပေးလှုံ့ဆော်မှုထိရောက်ခဲ့ကြောင်း သိရသည်။

**ဗညားမောင်မောင်(ပြန်/ဆက်)**

## ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ကျင်းပမည်

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပြီး ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို ပဲခူးတိုင်းဒေသကြီး ဟံသာဝတီဂေါက်ကွင်းတွင် ဇွန်လ ၈ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ (H'cap 0 -12)၊ အမျိုးသမီး(H'cap 0-18)များသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားပါသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး (St. Andrew)ဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် မေ ၂၇ ရက်မှ ဇွန် ၆ ရက်အထိ မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ပညာရှင်အဆင့်တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့် တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြင့် ဖုန်း-၀၉-၄၂၁၁၃၄၁၁၁၊ ၀၉-၄၂၁၀၀၂၂၅၉ တို့သို့ စာရင်းပေးသွင်းနိုင်သည်။

ယင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ကြေးပေးသွင်းပြီးသူများသာ ဇွန်လ ၅၊ ၆ ရက်များတွင် Official Practice Round ကစားနိုင်သည်။ အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲမဝင်နိုင်ပါက ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီမတိုင်ခင် အကြောင်းကြားပေးရန်ဖြစ်သည်။ အကြောင်းကြောင့် အကြောင်းကြားခြင်းမပြုနိုင်ပါက နောက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲဝင်ကြေးအချိန်မီပေးသွင်းခြင်းမပြုပါက ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

**(ဖိုးသော်ဇင်)**

## မြန်မာပြည်သားလူစွန့်စား

ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်
ဖဝါးအောက်က၊ မတ်စောက်မြင့်မား
တောင်ထိပ်ဖျားသို့၊ စိတ်အားထက်သန်
ဇွဲအားမာန်ဖြင့်၊ ပြင်းထန်လေတိုက်
ဆီးနှင်းခိုက်လည်း၊ မောဟိုက်အားကုန်
ချမ်းချမ်းတုန်လည်း၊ တုန်လှုပ်ချောက်ချား
မရှိကြားဘဲ၊ မြင့်မားမတ်စောက်
တောင်ထိပ်ရောက်အောင်၊ ထိုးဖောက်လို့ပင်
အောင်ပွဲဆင်၍၊ နိုင်ငံအလံ
မိုးယံထိမျှ၊ စိုက်ခဲ့ကြသည်
မြန်မာပြည်သား၊ လူစွန့်စားအား
တို့များဂုဏ်ပြုလိုက်ပါ၏။

ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်သို့ တက်ရောက်ခဲ့သော နိုင်ငံဂုဏ်ဆောင်တောင်တက်သမားများကို ဂုဏ်ပြုလျက်

**အေးသန်း(စိန်တုံးကြီး)**

# မောင်းသူမဲ့လေယာဉ် ပျံသန်းမှုကြောင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့ရ




**ပေကျင်း မေ ၂၉**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ နိုင်ငံတကာလေဆိပ်၏ဝေဟင်အတွင်း မောင်းသူမဲ့လေယာဉ်တစ်စင်း ပျံသန်းနေမှုကြောင့် လေကြောင်းခရီးစဉ် ၅၅ ခု နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း လေဆိပ်တာဝန်ရှိသူများ၏ပြောကြားချက်ကို ကိုးကားပြီး ဆင်ဟွာသတင်းဌာနက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချန်ဒူးမြို့ရှိ ချန်ဒူးရွှန်ဂလူ နိုင်ငံတကာလေဆိပ်၏ ဝေဟင်အတွင်း မောင်းသူမဲ့လေယာဉ်တစ်စင်းပျံသန်းနေမှုကို မေ ၂၈ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရှာဖွေတွေ့ရှိခဲ့သည်။ မောင်းသူမဲ့လေယာဉ်ပျံသန်းနေမှုကြောင့် လေယာဉ်ပြေးလမ်းလုပ်ငန်းစဉ်ကို ရပ်ဆိုင်းထားလိုက်ရသဖြင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ည ၇ နာရီ မိနစ် ၄၀ တွင် လေကြောင်းပျံသန်းမှုကို ပြန်လည်စတင်နိုင်ခဲ့သည်။

**ဆင်ဟွာ။**

# ဂျပန်နှင့်ဗီယက်နမ်နိုင်ငံတို့ ပင်လယ်ရေကြောင်းကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်



**တိုကျို မေ ၂၉**

ဂျပန်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပင်လယ်ရေကြောင်းကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် သဘောတူခဲ့ကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဂျီ-၇ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ရောက်ရှိနေသည့် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ရွှန်ဖတ်အား သီးသန့်တွေ့ဆုံရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဖိတ်ကြားခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့သည် မေ ၂၈ ရက်က ဂျပန်ဝန်ကြီးချုပ်ရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် မဟာဗျူဟာကျမိတ်ဖက်နိုင်ငံအချင်းချင်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ရန်ဆန္ဒရှိကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံနှင့် နိုင်ငံရေးဆိုင်ရာ မိတ်ဖက်ယုံကြည်မှုကို တိုးမြှင့်ပြီးဖြစ်ပါကြောင်းနှင့် ယင်းနှစ်နိုင်ငံသည် အရေးပါသော မိတ်ဖက်နိုင်ငံများ ဖြစ်ပါကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်က ဆိုသည်။

ခေါင်းဆောင်နှစ်ဦးက တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးဆိုင်ရာကိစ္စများနှင့် ဗီယက်နမ်နိုင်ငံအပါအဝင် အခြားသောနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား နယ်နိမိတ်အငြင်းပွားမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပင်လယ်ရေကြောင်းကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ကြရန် ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ဟိုချီမင်းမြို့တော်နှင့် အနီးဝန်းကျင်ဒေသများအကြား ရထားလမ်းဖောက်လုပ်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၈၀၀ ကို ဂျပန်နိုင်ငံက ထုတ်ချေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# လစ်ဗျားညီညွတ်ရေးအစိုးရသစ္စာခံတပ်ဖွဲ့များ ဆာတီမြို့အနီးရောက်ရှိနေဟု လစ်ဗျားတပ်ဖွဲ့ဆို

**မစ်ရာတာ မေ ၂၉**

လစ်ဗျားညီညွတ်ရေးအစိုးရသစ္စာခံတပ်ဖွဲ့များသည် လစ်ဗျားနိုင်ငံရှိ အိုင်အက်စ်တို့၏အဓိကစခန်းမြို့ဖြစ်သော ဆာတီမြို့အနီး ၁၅ ကီလိုမီတာအကွာတွင် ရောက်ရှိနေပြီး ယင်းမြို့ကိုဝိုင်းရံထားသည်ဟု အဆိုပါသစ္စာခံအဖွဲ့က ပြောကြားကြောင်း သတင်းများအရ သိရသည်။

ယင်းတပ်ဖွဲ့များကို အနောက်ပိုင်းဒေသ၏ မြို့တော် မစ်ရာတာမှ တိုက်ခိုက်ရေးသမားအများစုဖြင့် ဖွဲ့စည်းထားပြီး ဆာတီမြို့အနီးတွင် တပ်စွဲထားသည်။

ယမန်နှစ်က အဆိုပါတပ်ဖွဲ့များမှာ အိုင်အက်စ်တို့၏ တိုက်ခိုက်မှုကြောင့် မစ်ရာတာမြို့မှဆုတ်ခွာခဲ့ရပြီး အိုင်အက်စ်တို့က အဆိုပါမြို့ကိုသိမ်းယူခဲ့ကြသည်။ လစ်ဗျားအစိုးရသစ်အနေဖြင့် နိုင်ငံအနောက်ပိုင်းတွင် ၎င်း၏အာဏာတည်မြဲရေးအတွက် ကြိုးစားနေရပြီး အနောက်နိုင်ငံအစိုးရများက ၎င်းအစိုးရသစ်အနေဖြင့် လစ်ဗျားရှိ ညွှန့်ပေါင်းအုပ်စုများ၏ အင်အားဖြင့် အိုင်အက်စ်တို့ကို တိုက်ခိုက်ချေမှုန်းနိုင်ရန် မျှော်လင့်လျက်ရှိသည်။

လစ်ဗျားစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အယ်လ်ဂါစီက မိမိတို့၏ တပ်ဖွဲ့များအနေဖြင့် ဆာတီမြို့ အနောက်ဘက်သို့သွားရာလမ်းကို ဦးတည်ချီတက်လျက်ရှိပြီး ၎င်းမြို့ကို ဝိုင်းရံထားကြောင်းဆိုသည်။ မြို့သူ မြို့သားများ ထိခိုက်နာကျင်မှုမရှိစေရေးအတွက် ၎င်းတို့အား ဘေးလွတ် ရာ ပြောင်းရွှေ့စေပြီးမှ မိမိတို့ဝင်ရောက်တိုက်ခိုက်မည်ဖြစ်သည်ဟု ပြောကြားသည်။

**ရိုက်တာ။**

# နိုင်ငံတကာ ဧဝရက်တောင်နေ့အထိမ်းအမှတ် ရှာပါတိုင်းရင်းသားများအား နီပေါအစိုးရ ဂုဏ်ပြု

**ခတ္တမန္ဒူ မေ ၂၉**

နဝမအကြိမ် နိုင်ငံတကာဧဝရက်တောင်နေ့အထိမ်းအမှတ်အဖြစ် ရှာပါတိုင်းရင်းသားကိုးဦးအား ဂုဏ်ပြုသည့်အခမ်းအနားကို ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ သူရဲကောင်းများအဖြစ် သတ်မှတ်ခံရသော ရှာပါတိုင်းရင်းသား ကိုးဦးကို နီပေါအစိုးရအဖွဲ့က ဂုဏ်ပြုသည့်အနေဖြင့် တစ်ဦးလျှင် ရူပီး ၅၀၀၀၀ နှင့် ချီးကျူးဂုဏ်ပြုလွှာတို့ကို အပ်နှင်းပေးခဲ့သည်။



နီပေါနိုင်ငံ၌ လွန်ခဲ့သည့်နှစ်က အပျက်အစီးကြီးမားစေသော မြေငလျင်လှုပ်မှုများဖြစ်ပွားခဲ့ပြီးနောက် ဧဝရက်တောင်ပေါ်တွင် နိုင်ငံတကာ တောင်တက်သမားများ အသုံးပြုနိုင်မည့်ကြိုးများကို သက်စွန့်ဆံဖျား တပ်ဆင်ပေးခဲ့ကြသော ရှာပါတိုင်းရင်းသားကိုးဦးကို အစိုးရအဖွဲ့က ဂုဏ်ပြုခြင်းဖြစ်သည်။

လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း သဘာဝဘေးအန္တရာယ်များနှင့် တွေ့ကြုံခံစားခဲ့ရသော နီပေါနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် အထောက်အကူပေးသူများမှာ နိုင်ငံတကာမှ တောင်တက်သမားများဖြစ်ကြပြီး ၎င်းတို့အတွက် မိမိ ချီးကျူးဂုဏ်ပြုပါကြောင်း ဝန်ကြီးချုပ် ရှားမားအိုလီက ပြောကြားသည်။

ရှာပါတိုင်းရင်းသားများက တောင်ပေါ်တွင် ကြိုးများကို တပ်ဆင်ပေးသည့် အလုပ်ကို သက်စွန့်ဆံဖျားပြုလုပ်ခဲ့ကြပြီး ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နွေဦးပေါက်ရာသီကာလအတွင်း တောင်တက်သမား ၄၀၀ ကျော် ဧဝရက်တောင်ပေါ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ် အိုလီက ပြောကြားသည်။

ရှာပါတိုင်းရင်းသားများသည် နီပေါနှင့် တိဘက်နယ်စပ်ဒေသများ၌ ဟိမဝန္တာတောင်တန်းတွင် နေထိုင်ကြသူများဖြစ်ကြပြီး တောင်တက်မှုစွမ်းရည် ကောင်းမွန်သူများအဖြစ် ထင်ပေါ်ကျော်ကြားကာ တောင်တက်လမ်းပြများ၊ အထမ်းသမားများအဖြစ် အသက်မွေးကြသည်။ **ပီတီအိုင်။**

# အင်န်အက်စ်ဂျီအုပ်စုတွင် အိန္ဒိယပါဝင်မှု လက်နက်ပြိုင်ပွဲဖြစ်ပေါ်နိုင်ခြင်းမရှိဟု အမေရိကန်ပြော

**ဝါရှင်တန် မေ ၂၉**

နျူကလီးယားပစ္စည်းများထောက်ပံ့ပေးရေးအုပ်စု(အင်န်အက်စ်ဂျီ)တွင် အိန္ဒိယနိုင်ငံအားအဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပြုခြင်းဖြင့် လက်နက်ပြိုင်ပွဲတစ်ရပ်ဖြစ်ပေါ်လာနိုင်မည်မဟုတ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် နျူကလီးယားစွမ်းအင်ကို အရပ်ဘက်လုပ်ငန်းများအတွက်သာ အသုံးပြုရန် ရည်ရွယ်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ဒုတိယပြောခွင့်ရပုဂ္ဂိုလ် မာ့ခ်တုန်နာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသောရည်ရွယ်ချက်များဖြင့် အသုံးပြုမည်ဆိုသောအချက်နှင့်ပတ်သက်၍ ပါကစ္စတန်နိုင်ငံအနေဖြင့် နားလည်သဘောပေါက်သင့်ကြောင်း ပြောခွင့်ရသူက ဆက်လက်ပြောကြားသည်။

နျူကလီးယားပစ္စည်းများ ထောက်ပံ့ပေးရေးအုပ်စုသည် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး နျူကလီးယားလက်နက်ပြန့်ပွားမှုထိန်းချုပ်ရန် ရည်ရွယ်သည်။

အဖွဲ့ဝင် ၄၈ နိုင်ငံ ပါဝင်သော ယင်းအုပ်စုသည် အရပ်ဘက်ဆိုင်ရာ နျူကလီးယားကုန်သွယ်မှုမှတစ်ဆင့် စစ်ရေးရည်မှန်းချက်များအတွက် နျူကလီးယားပစ္စည်းများ အသုံးပြုခြင်းမှ တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်သည်။

အိန္ဒိယနိုင်ငံသည် အဆိုပါအုပ်စုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် လျှောက်ထားမှုနှင့်ပတ်သက်၍ သတင်းထောက်များက မေးမြန်းချက်ကို ပြောခွင့်ရသူက ဖြေဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါအုပ်စုတွင် အိန္ဒိယနိုင်ငံ ပါဝင်ခွင့်ရရှိခြင်းဖြင့် ဒေသတွင်း၌ နျူကလီးယားလက်နက်ပြိုင်ပွဲ ဖြစ်ပေါ်လာနိုင်သည်ဟု ပါကစ္စတန်နိုင်ငံက ကန့်ကွက်ပြောကြားခဲ့သည်။

**ပီတီအိုင်။**

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

ဒီမိုကရေစီနိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေမှာ နိုင်ငံရေး ယှဉ်ပြိုင်ဘက်အချင်းချင်း မူဝါဒအရ ဝေဖန်တိုက်ခိုက်တာ၊ ပုဂ္ဂိုလ်ရေးအရ ထိုးနှက်တာဆိုတဲ့ နိုင်ငံရေးအလဲထိုး လုပ်ရပ်တွေကို ရှောင်လွှဲလို့မရပါဘူး။ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဒီမိုကရက်တစ် ပါတီရဲ့ သမ္မတလောင်းဖြစ်ဖို့ သေချာသလောက်ဖြစ်တဲ့ ဟီလာရီကလင်တန်ကို နိုင်ငံရေးအရ အလဲထိုးနိုင်ဖို့ ပစ်မှတ်ထားလာတဲ့ တိုက်ကွက်ကတော့ နိုင်ငံခြားရေး ဝန်ကြီးတာဝန်ထမ်းဆောင်စဉ်မှာ ဟီလာရီကလင်တန် ဟာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အီးမေးလ် (Email) စနစ်ကိုမသုံးဘဲ မိသားစုပိုင်အီးမေးလ်စနစ်ကို သုံးခဲ့တဲ့ ကိစ္စပါ။ ဒီလိုမိသားစုပိုင်အီးမေးလ်စနစ်ကတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနဆိုင်ရာကိစ္စရပ်တွေကို ဟီလာရီ ကလင်တန်က ပေးပို့လက်ခံခဲ့မှုတွေပြုလုပ်ခဲ့ရာမှာ လုံခြုံ ရေးအဆင့်သတ်မှတ်ရမယ့် အီးမေးလ်တွေပါဝင်နေတယ် လို့ စွပ်စွဲဝေဖန်တိုက်ခိုက်နေတာပါ။ စွပ်စွဲဝေဖန်သူတွေရဲ့ အခြေခံရပ်တည်ချက်ကတော့ နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို ထမ်းဆောင်ခဲ့စဉ်က ဟီလာရီကလင်တန်ဟာ နိုင်ငံခြားရေးဝန်ကြီးဌာနက အစဉ်အဆက်ချမှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းနဲ့ ကျင့်ဝတ်တွေကို လိုက်နာခဲ့သလို အစိုးရမှတ်တမ်းများထိန်းသိမ်းရေး ပြည်ထောင်စုဥပဒေ တွေကို ချိုးဖောက်ခဲ့တယ်ဆိုတဲ့ သဘောပါ။ ဒီရပ်တည် ချက်ကိုသာ ဥပဒေကြောင်းအရ သက်သေပြနိုင်ခဲ့ရင် ဟီလာရီကလင်တန်ကို ထောင်ဒဏ်ချမှတ်တဲ့အထိ အရေးယူနိုင်ပါတယ်။ နိုင်ငံရေးထိုးနှက်မှု သဘောအရ ပြောရရင် ဒီလိုရပ်တည်ထိုးနှက်မှုရဲ့ ဦးတည်ချက်က အနိမ့်ဆုံး ဟီလာရီကလင်တန်ဟာ အမေရိကန်နိုင်ငံရဲ့ သမ္မတဖြစ်ထိုက်တဲ့ ကျင့်ဝတ်သိက္ခာမရှိပါဘူးဆိုတဲ့ အချက်ကို မီးမောင်းထိုးပြချင်တာပါ။ ဒီစွပ်စွဲထိုးနှက်ချက် တွေနဲ့ပတ်သက်ပြီး ဟီလာရီကလင်တန်က သူဟာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းနဲ့ ကျင့်ဝတ်တွေ ကို လိုက်နာခဲ့သလို ပြည်ထောင်စုဥပဒေတွေကိုလည်း မချိုးဖောက်ခဲ့ပါဘူးလို့ တုံ့ပြန်ရှင်းလင်းခဲ့ပါတယ်။ သူ့အရင် နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို ထမ်းဆောင် ခဲ့တဲ့ပုဂ္ဂိုလ်တွေလည်း ပုဂ္ဂလိကပိုင်အီးမေးလ်စနစ် သုံးခဲ့တာကို ဟီလာရီကလင်တန်ကထောက်ပြခဲ့ ပါတယ်။

ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်ကိုပြန်ကောက်ရရင် ဟီလာရီ ကလင်တန်ဟာ နီးစပ်ရင်းနှီးတဲ့အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်တွေနဲ့ အီးမေးလ်အပြန်အလှန်ပို့တဲ့ အခါ သူကိုင်နေတဲ့ ဘလက်(ခ)ဘယ်ရီ(Black Berry) လက်ကိုင်ဖုန်းကတစ်ဆင့်ပဲ ပို့တာလက်ခံတာကို လုပ်ပါ တယ်။ ဒီလိုလက်ကိုင်ဖုန်းကနေ ပေးပို့လက်ခံတဲ့ အီးမေးလ် တွေကို ဟီလာရီကလင်တန်ရဲ့ နယူးယောက် အိမ်မြေ အောက်ထပ်မှာရှိတဲ့ မိသားစုပိုင်အီးမေးလ်စနစ် (a private server)က ထိန်းချုပ်ဆောင်ရွက်ပေးနေ တာပါ။ နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို ဟီလာရီ ကလင်တန် ထမ်းဆောင်တဲ့အချိန်မှာတော့ ဌာနဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတွေက ဘလက်(ခ)ဘယ်ရီ လက်ကိုင်ဖုန်းကနေ အီးမေးလ်ပေးပို့လက်ခံနေတာဟာ အန္တရာယ်ရှိတာကိုထောက်ပြပြီး လုံခြုံရေးစနစ်တပ်ဆင် ပြီးသားဌာနပိုင်ကွန်ပျူတာကတစ်ဆင့် အီးမေးလ်ပို့ လက်ခံဖို့ ဟီလာရီကလင်တန်ကို အကြံပြုခဲ့ပါတယ်။ ဒါပေမယ့် ဒီအကြံပြုချက်ကို ဟီလာရီကလင်တန်က မလိုက်နာခဲ့ပါဘူး။ အမေရိကန်နိုင်ငံရဲ့ သံတမန်



လုံခြုံရေးဗျူရို (Bureau of Diplomatic Security)က ဟီလာရီကလင်တန်ရဲ့ အာရှခရီးစဉ်အတွင်း သူ့ရဲ့ လက်ကိုင်ဖုန်းကတစ်ဆင့် သတင်းပေါက်ကြားမှု တွေရှိခဲ့တာကို ဟီလာရီကလင်တန်ဆီ တင်ပြခဲ့တယ်လို့ လည်း သိရပါတယ်။ ပြောရရင် ဟီလာရီကလင်တန် နိုင်ငံခြားရေးဝန်ကြီးတာဝန် ထမ်းဆောင်နေစဉ်က အီးမေးလ်ကိစ္စကို ပြဿနာတစ်ရပ်အနေနဲ့ ကြီးကြီးကျယ် ကျယ်ဝေဖန်ပြောဆိုတာမျိုး မရှိခဲ့ပါဘူး။ ၂၀၀၉ ခုနှစ် အစပိုင်းလောက်မှာ အမေရိကန်အမျိုးသားမော်ကွန်း တိုက်(NARA)က ဟီလာရီကလင်တန်လက်ထက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့မှတ်တမ်းထိန်းသိမ်းမှုတွေဟာ ဥပဒေနဲ့အညီ မထိန်းသိမ်းနိုင်မှာကို စိုးရိမ်တဲ့အကြောင်း ထုတ်ပြောခဲ့တာပဲရှိပါတယ်။

ဟီလာရီကလင်တန်ရဲ့ အီးမေးလ်ကိစ္စကို စဖွခဲ့တဲ့သူ ကတော့ Guccifer ဆိုတဲ့ အင်တာနက်ဖောက်ထွင်းရေး သမား (hacker) ပါ။ Guccifer က ဟီလာရီကလင်တန်ဆီ ဂျာနယ်လစ်သမားတစ်ဦးဖြစ်တဲ့ Sidney Blumenthal ကပေးပို့ခဲ့တဲ့ အီးမေးလ်တွေကို တရားမဝင်ဖောက်ထွင်း ရယူပြီး ကျယ်ကျယ်ပြန့်ပြန့်ပြန်ဖြန့်ဝေခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် မတ်လက အခုလိုဖောက်ထွင်းရယူပြန်ဖြန့်ခဲ့တာပါ။ ဒီအီးမေးလ်တွေထဲမှာ ဘင်ဂါဇီသံရုံးတိုက်ခိုက်မှုနဲ့ တခြားလစ်ဗျားနိုင်ငံဆိုင်ရာကိစ္စတွေ ပါဝင်ပါတယ်။ ဘင်ဂါဇီသံရုံးတိုက်ခိုက်မှုဆိုတာက လစ်ဗျားနိုင်ငံ ဘင်ဂါဇီ (Benghazi)မှာရှိတဲ့ အမေရိကန်သံရုံးကို အစွန်းရောက် အစ္စလာမ်အကြမ်းဖက်သမားတွေက တိုက်ခိုက်ပြီး အမေရိကန်သံအမတ်ကြီးနဲ့ အမေရိကန်နိုင်ငံခြားရေး ဝန်ထမ်းတစ်ဦးတို့ကိုသတ်ဖြတ်ခဲ့တဲ့ကိစ္စပါ။ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၁ ရက်က ဖြစ်ခဲ့တာ။ Sidney Blumenthal ဟာ သမ္မတဟောင်း ကလင်တန်နဲ့ရော ဟီလာရီကလင်တန်နဲ့ပါ အင်မတန်ရင်းနှီးခင်မင်တဲ့ ဂျာနယ်လစ်သမားပါ။ သူဟာ သမ္မတကလင်တန်ရဲ့ အကြံ ပေးအရာရှိအဖြစ်ဆောင်ရွက်ခဲ့သလို ဟီလာရီကလင်တန်ရဲ့ ၂၀၀၈ ခုနှစ် သမ္မတဖြစ်ရေး မဲဆွယ်စည်းရုံးရေးအဖွဲ့ရဲ့ အကြံပေးအရာရှိအဖြစ်လည်း ဆောင်ရွက်ဖူးပါတယ်။ ဘင်ဂါဇီအရေးအခင်းဆိုင်ရာ အောက်လွှတ်တော်စုံစမ်း စစ်ဆေးရေးကော်မတီရဲ့ လုပ်ငန်းစဉ်များနဲ့ဆက်နွှယ်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဟီလာရီ ကလင်တန်ကနေ မက်ဒလင်းအောဘရိုက်အထိ နိုင်ငံခြား ရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေဆီကနေ ဌာနနဲ့ဆက်စပ်နေတဲ့ အီးမေးလ်နဲ့ စာရွက်စာတမ်း အားလုံးကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ ပြန်တောင်း ယူခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှာ ဟီလာရီကလင်တန်ရဲ့ရှေ့နေတွေက အီးမေးလ် ၃၀၀၀၀ ကျော်ကို ပရင့် (Print)ထုတ်ပြီး ပေးအပ်ခဲ့ပါတယ်။ ဒါပေမယ့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အီးမေးလ် ၃၂၀၀၀ ကို ချန်လှပ်ထားခဲ့ပါတယ်။ ဒီလိုချန်လှပ်ထားတာကိုလည်း တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ ၂ ရက်နေ့မှာ New York Times သတင်းစာက အောက် လွှတ်တော် ဘင်ဂါဇီစုံစမ်းစစ်ဆေးရေးကော်မတီရဲ့ တွေ့ရှိချက်အရ ဟီလာရီကလင်တန်ဟာ နိုင်ငံခြားရေး ဝန်ကြီး သက်တမ်းတစ်လျှောက် ဌာနဆိုင်ရာ အီးမေးလ် စနစ်ကိုမသုံးဘဲ မိသားစုပိုင်အီးမေးလ်စနစ်ကိုသာ အသုံးပြု ခဲ့ကြောင်း ဖော်ထုတ်ရေးသားခဲ့ပါတယ်။

ကလင်တန်က မိသားစုပိုင်အီးမေးလ်စနစ်သုံးစွဲခဲ့ တာနဲ့ပတ်သက်ပြီး ဝေဖန်တိုက်ခိုက်တဲ့အချက်နှစ်ချက်ရှိ ပါတယ်။ ပထမတစ်ချက်က သတင်းအချက်အလက် လွတ်လွတ်လပ်လပ်ရယူပိုင်ခွင့်ဥပဒေ ( The Freedom of Information Act - FOIA)ကို ချိုးဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်ပါ။ ဒုတိယအချက်က အမျိုးသားမော်ကွန်းဥပဒေ (The Federal Records Act)ရဲ့ သတ်မှတ်ပြဋ္ဌာန်းချက်ကို ချိုးဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်ပါ။ ဟီလာရီကလင်တန် နိုင်ငံခြားရေးဝန်ကြီးတာဝန်ကနေ နုတ်ထွက်ပြီးနောက်ပိုင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ ၂၀၁၄ ခုနှစ် အမျိုးသားမော်ကွန်း ဥပဒေအရ လုပ်ငန်းနဲ့ဆက်စပ်နေတဲ့ ပုဂ္ဂိုလ်ရေးအီးမေးလ် တွေကို ရက်ပေါင်း ၂၀ အတွင်း ပြည်ထောင်စုအစိုးရ အီးမေးလ်စနစ်ဆီ လွှဲပြောင်းပေးပို့ဖို့လိုအပ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ ရာဇဝတ်မှုနှင့်ပြစ်မှုဆိုင်ရာကိုဓဥပဒေ အရ လုံခြုံမှုအဆင့်အတန်းသတ်မှတ်ထားတဲ့ အချက် အလက်စာရွက်စာတမ်းတွေကို ဖျောက်ဖျက်တယ် (ဒါမှမဟုတ်) ခွင့်ပြုချက်မရှိတဲ့နေရာမှာ သိမ်းဆည်းခဲ့ရင် ထောင်ဒဏ်တစ်နှစ်အထိချမှတ်နိုင်ပါတယ်။ ၂၀၁၆ ခုနှစ် မေလမှာ Washington Post သတင်းစာက နိုင်ငံခြား ရေးဝန်ကြီးဌာန စုံစမ်းစစ်ဆေးရေးမှူးချုပ်ရဲ့စာမျက်နှာ (၈၃) မျက်နှာပါတဲ့ အစီရင်ခံစာမိတ္တူကိုရရှိခဲ့ပါတယ်။ ဒီအစီရင်ခံစာက ဟီလာရီကလင်တန်နဲ့ သူ့အရင်အဆက် ဆက်က တာဝန်ယူခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီးတွေရဲ့ အီးမေးလ်အသုံးပြုမှုတွေကို စုံစမ်းစစ်ဆေးခဲ့ပြီး နိုင်ငံခြား ရေးဝန်ကြီးဌာနရဲ့ အချက်အလက်သိမ်းဆည်းရေးစနစ်ဟာ ဥပဒေရဲ့သတ်မှတ်ပြဋ္ဌာန်းချက်အဆင့် မပြည့်မီတာကို ထောက်ပြခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ကောလင်း ပါဝဲလ် (Collin Powel)က ပုဂ္ဂလိကပိုင်အီးမေးလ်စနစ် သုံးခဲ့တာကိုလည်း ဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ပြောရရင် မိသားစုပိုင်အီးမေးလ်စနစ်က ပေးပို့ခဲ့တဲ့ ဟီလာရီကလင်တန်ရဲ့ အီးမေးလ်တွေဟာ ပေးပို့ခဲ့စဉ်က လုံခြုံမှုအဆင့်အတန်းသတ်မှတ်ချက်မရှိပါဘူး။ ဒီအီးမေးလ် တွေထဲက အီးမေးလ် ၂၀၉၃ စောင်ကို နိုင်ငံခြားရေး ဝန်ကြီးဌာနက နောက်ကြောင်းပြန် လုံခြုံရေးအဆင့်အတန်း သတ်မှတ်မှုတွေပြုလုပ်ခဲ့ပါတယ်။ အီးမေးလ် ၆၅ စောင်ကို လျှို့ဝှက် အီးမေးလ် ၂၀ ကျော်ကို ထိပ်တန်းလျှို့ဝှက်လို့ သတ်မှတ်ပြီး ကျန်အီးမေးလ်တွေကတော့ ကန့်သတ်အဆင့်ပဲ သတ်မှတ်ခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဌာန တွင်း စုံစမ်းစစ်ဆေးမှုတွေလည်း မိသားစုပိုင်အီးမေးလ် စနစ်ကပေးပို့ခဲ့တဲ့ ဟီလာရီကလင်တန်ရဲ့ အီးမေးလ်တွေ ဟာ လုံခြုံမှုအဆင့်အတန်းသတ်မှတ်ဖို့လိုတာကို တွေ့ရှိခဲ့ ပါတယ်။ စီအိုင်အေ(CIA)လို တိုင်းပြည်လုံခြုံရေးကို တာဝန်ယူရတဲ့အဖွဲ့အစည်းတွေကလည်း ဒီဌာနတွင်း စစ်ဆေးတွေ့ရှိမှုကို ထပ်ဆင့်အတည်ပြုပြောဆိုခဲ့ပါတယ်။ ပြဿနာက နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်ရဲ့ ပုဂ္ဂိုလ်ရေးအီးမေးလ်တွေထဲမှာ (၁၀)စောင်က လုံခြုံရေး အဆင့်အတန်းသတ်မှတ်ရမယ့် အီးမေးလ်တွေဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ရဲ့ ပုဂ္ဂိုလ်ရေး အီးမေးလ်(၂)စောင်ကလည်း လုံခြုံမှုအဆင့်အတန်း သတ်မှတ်ရမယ့် အီးမေးလ်တွေဖြစ်နေပါတယ်။ ပြောလို တာက ဖြစ်ပျက်ခဲ့တဲ့သမိုင်းစဉ်တစ်လျှောက်ကို ကြည့်လိုက် ရင် ဟီလာရီကလင်တန်တစ်ယောက်တည်းကိုပဲ ကွက်ပြီး ဥပဒေချိုးဖောက်တယ်လို့ စွပ်စွဲပြောဆိုရင် တရားမျှတမှု ရှိတယ်လို့ မပြောနိုင်သလို မှန်ကန်ပါတယ်လို့လည်း အခိုင်အမာရပ်တည်ပြောဆိုဖို့လည်း မဖြစ်နိုင်ပါဘူး။ သေသေချာချာပြောနိုင်တာက အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနမှာ အီးမေးလ်စနစ်နဲ့ပတ်သက်ပြီး ပြည့်စုံတိကျ တဲ့ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်ရှိမနေတာပါ။ နောက် တစ်ချက်က ဟီလာရီကလင်တန်ပေးပို့ခဲ့တဲ့ အီးမေးလ် တွေရဲ့လုံခြုံရေးအဆင့်အတန်းသတ်မှတ်ချက်ကို ဘယ်လို စံပေတံတွေနဲ့တိုင်းတာခဲ့သလဲဆိုတာကလည်း ရှင်းရှင်း လင်းလင်းမရှိပါဘူး။ လုံခြုံရေးအဆင့်အတန်းသတ်မှတ် တဲ့အခါ အခြေအနေအချိန်အခါရဲ့ အကျိုးသက်ရောက်မှု ကိုလည်း မဖြစ်မနေထည့်သွင်းစဉ်းစားရမှာပါ။ ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ The Tonight Show ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ကနေ တင်ဆက်သူ Jimmy Fallon က ဟီလာရီကလင်တန်ကို အီးမေးလ်တွေထဲ မှာဘယ်လိုအကြောင်းအရာတွေပါသလဲလို့ မေးပါတယ်။ ဟီလာရီကလင်တန်က ရယ်ရယ်မောမောနဲ့ အရေးကြီးတာ ဘာမှမပါပါဘူးလို့ပြောပြီး “အီးမေးလ်တွေက ဘယ်လောက် ပျင်းစရာကောင်းတာကို လူထုသာသိခဲ့ရင် ကျွန်မတော့ စိတ်ပျက်ရ၊ ရှက်ရတော့မှာပါပဲ” လို့နောက်ပြောင်ခဲ့ပါ တယ်။ The New York Times သတင်းစာကတော့ အမေရိကန်လူထုအနေနဲ့ ခေါင်းဆောင်ကို နှိုင်းယှဉ် ရွေးချယ်ရာမှာ ပိုစိတ်မချရတဲ့ ခေါင်းဆောင်ကိုမရွေးဘူး ဆိုတာမျိုး တရားသေမဆုပ်ကိုင်ဖို့ တိုက်တွန်းထားပြီး ဟီလာရီကလင်တန်ကိုလည်း တရားဝင်အစီရင်ခံစာ တွေက ထွက်ပေါ်လာတဲ့မေးခွန်းတွေကို ပွင့်ပွင့်လင်းလင်း ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြဖို့ အကြံပြုထားပါတယ်။ ဒီနည်းလမ်းကပဲ ဟီလာရီကလင်တန်ကို သမ္မတ ဖြစ်အောင် မဲဆွယ်စည်းရုံးရာမှာ ခွန်ပြည့်အားပြည့် ဆောင်ရွက်နိုင်မယ့် အကောင်းဆုံးနည်းလမ်းဖြစ်လိမ့် မယ်လို့လည်း မှတ်ချက်ပြုထားပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံမှာ အစိုးရတာဝန်ရှိပုဂ္ဂိုလ်တွေက ပုဂ္ဂလိကအီးမေးလ်သုံးကြတာက အသစ်အဆန်းကိစ္စ မဟုတ်ပါဘူး။ ၂၀၀၇ ခုနှစ်မှာ သမ္မတဂျော့ဒဗလျူဘုရှ် အစိုးရအဖွဲ့က အစိုးရရှေ့နေ ခုနစ်ဦးကို မကြုံစဖူး အလုပ်ကနေထုတ်ပစ်ခဲ့မှုနဲ့စပ်လျဉ်းပြီး ကွန်ဂရက်က စုံစမ်းစစ်ဆေးတဲ့အခါ အိမ်ဖြူတော်ဝန်ထမ်းတွေဟာ ရီပတ်ဗလီကင်ပါတီနိုင်ငံလုံးဆိုင်ရာ ကော်မတီက ကိုင်တွယ်စီစဉ်တဲ့ ပုဂ္ဂလိကအီးမေးလ်စနစ်ကတစ်ဆင့် ဌာနဆိုင်ရာကိစ္စတွေကို ပေးပို့လုပ်ကိုင်နေကြတာကို တွေ့ရှိခဲ့ရပါတယ်။ ၂၀၀၉ ခုနှစ် အစီရင်ခံစာထုတ်ပြန် ချက်အရ ကွန်ဂရက်က မစစ်ဆေးနိုင်အောင် အိမ်ဖြူတော် ဝန်ထမ်းတွေက အီးမေးလ် ၂၂ သန်းလောက်အထိ ဖျက်ဆီးခဲ့တယ်လို့ယူဆရပါတယ်။ ပြောလိုတာက အမေရိကန်နိုင်ငံမှာ တာဝန်ရှိပုဂ္ဂိုလ်တွေက ပုဂ္ဂလိက အီးမေးလ်ကို သုံးကြတာက ဖြစ်လေ့ဖြစ်ထရှိတဲ့ကိစ္စမျိုးပါ။ ဖြစ်လေ့ဖြစ်ထရှိတဲ့ကိစ္စမျိုးကို သက်သေအထောက် အထားမခိုင်လုံဘဲ ဟီလာရီကလင်တန်ကပဲ ဥပဒေချိုး ဖောက်သလို စွပ်စွဲဝေဖန်တာက နိုင်ငံရေးထိုးနှက်ချက် ထက်မပိုပါဘူး။

**ဟီလာရီကလင်တန်ပေးပို့ခဲ့တဲ့ အီးမေးလ်တွေရဲ့လုံခြုံရေးအဆင့်အတန်းသတ်မှတ်ချက်ကို ဘယ်လိုစံပေတံတွေနဲ့တိုင်းတာခဲ့သလဲဆိုတာကလည်း ရှင်းရှင်းလင်းလင်းမရှိပါဘူး။ လုံခြုံရေးအဆင့်အတန်းသတ်မှတ်တဲ့အခါ အခြေအနေအချိန်အခါရဲ့ အကျိုးသက်ရောက်မှုကိုလည်း မဖြစ်မနေထည့်သွင်းစဉ်းစားရမှာပါ။**

# လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်

**ဒေါက်တာကံညွန့်**

အမေရိကန်နိုင်ငံက နာဆာ (NASA-National Aeronautic and Space Administration) အဖွဲ့ကြီးရဲ့ လွန်ခဲ့တဲ့ အောက်တိုဘာလက ထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ်ဟာ လေထုအညစ်ညမ်းဆုံးနှစ်လို့ ဆိုပါတယ်။ ကမ္ဘာတစ်လွှား တစ်နှစ်မှာ လူပေါင်း ၃ ဒသမ ၃ သန်းဟာ လေထုညစ်ညမ်းမှုကြောင့် သေဆုံးနေကြပြီး ဒီအထဲက ၃၉ ဒသမ ၇ ရာခိုင်နှုန်းဟာ Stroke ခေါ် လေဖြတ်ရောဂါကြောင့်ဖြစ်ရပြီး ၃၂ ဒသမ ၇ ရာခိုင်နှုန်းကတော့ နှလုံးရောဂါကြောင့် သေဆုံးရတာဖြစ်တယ်လို့ ဆိုပါတယ်။

လေထုညစ်ညမ်းမှုကို ဆိုးရွားစွာခံစားရသူတွေကတော့ သက်ကြီးရွယ်အိုတွေ၊ သွေးတိုး၊ နှလုံးနှင့် အသက်ရှူလမ်းကြောင်းရောဂါရှိသူတွေနဲ့ ကလေးငယ်တွေဖြစ်ကြတယ်လို့ဆိုပါတယ်။ လေထုညစ်ညမ်းမှုဟာ အသက်ရှူလမ်းကြောင်းဖြစ်တဲ့ နှာခေါင်း၊ လည်ချောင်း၊ အဆုတ်နဲ့ Sinus တွေပါ ရောဂါဖြစ်စေတယ်လို့ ဆိုပါတယ်။

လေထုညစ်ညမ်းမှုကို PSI ခေါ် Pollutant Standard Index နဲ့ တိုင်းတာတယ်လို့ သိရပါတယ်။ လေထုမှုန်မှိုင်းနေမှုဟာ Particulate Matter ခေါ်တဲ့ အမှုန်အမွှားတွေ လေထုထဲမှာ များပြားနေတာကြောင့်ဖြစ်ပြီး P.M 10 ဆိုလျှင် Particular Matter ကြီးတဲ့အခိုးအငွေ့ပါဝင်ပြီး P.M 2.5 ကိုတော့ 2.5 Micron ထက်သေးငယ်တဲ့ အမှုန်တွေပါဝင်တာကို ဆိုလိုတာဖြစ်ပါတယ်။ Pollutant Standard Index ဆိုတာ ဒီလေထုထဲမှာ တစ်နေ့မှာ P.M ဘယ်လောက်ပါနေသလဲဆိုတာကို ဖော်ပြထားတာ ဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုဟာ ဒီ PM ခေါ်တဲ့ Particulate Matter အဖြစ် လူတွေအတွက် အန္တရာယ်ပြုနိုင်တဲ့ ဓာတ်ငွေ့တွေဖြစ်တဲ့ Sulphurdioxide, Ozone, Carbonmonoxide နဲ့ Nitrogen Oxide စတဲ့ ဓာတ်ငွေ့တွေလည်း ပါဝင်နေတာကြောင့် လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေတာ ဖြစ်တယ်။ PSI ကို အောက်ပါအတိုင်း အဆင့်သတ်မှတ်ထားပါတယ်။

| | | |
|---|---|---|
| ကောင်းမွန်သောလေထု | (Good) | 0-5 |
| အသင့်အတင့်ကောင်းမွန် | (Modrate) | 51-100 |
| ကျန်းမာရေးအတွက် စတင်ဆိုးရွားနိုင် | (Unhealthy) | 101-200 |
| ပိုဆိုးနိုင်သော အခြေအနေ | (Very Unhealthy) | 201-300 |
| အဆိုးဆုံးအဆင့် | (Hazudous) | above 300 |

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းမှာ တောမီးလောင်ကျွမ်းမှုကြောင့် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မလေးရှားနှင့် စင်ကာပူနိုင်ငံတွေမှာ လေထုညစ်ညမ်းမှုတွေဖြစ်ခဲ့ရတာ အားလုံးအသိဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၉၉၇ ခုနှစ်က လေထုညစ်ညမ်းမှုဟာ စင်ကာပူနိုင်ငံမှာ PSI 226 အထိ ရှိခဲ့ပြီး ယင်းနှစ်မှာ လေကြောင်းသွားလာမှု၊ စက်ရုံ၊ အလုပ်ရုံနှင့် ကျောင်းတွေပိတ်ခံရမှု၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရမှုတွေကြောင့် အမေရိကန်ဒေါ်လာ ကိုးဘီလီယံဖိုးခန့် နစ်နာခဲ့ရတယ်လို့ဆိုပါတယ်။







**လေထုညစ်ညမ်းမှုကို အမြဲတိုင်းတာနေခြင်း၊ PSI ၂၀၀ ထက်ကျော်ပါက အသိပေးခြင်း၊ ပတ်ဝန်းကျင်လေထု မညစ်ညမ်းရအောင် တောမီးလောင်ခြင်း၊ တောမီးရှို့ခြင်း၊ စက်ရုံ၊ အလုပ်ရုံတို့ကို နေရာကျဲကျဲ ဆောက်လုပ်ခြင်း၊ မော်တော်ယာဉ်အသုံးပြုခြင်းကို ကန့်သတ်ခြင်း၊ အန္တရာယ်ရှိတဲ့ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်နေကြတဲ့ ဝန်ထမ်းများကို Mask ခေါ် နှာခေါင်းအုပ် အဝတ်များ တပ်ဆင်စေခြင်း၊ တစ်နှစ်မှာ တစ်လဖြစ်စေ၊ တစ်ပတ်မှာ နှစ်ရက်ဖြစ်စေ တာဝန်မှ အနားယူခိုင်းခြင်းတို့ ဆောင်ရွက်သင့်ပါကြောင်း။**

လွန်ခဲ့တဲ့နှစ် စက်တင်ဘာလမှာလည်း အင်ဒိုနီးရှားနိုင်ငံက တောမီးလောင်ကျွမ်းမှုကြောင့် မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှာ လေထုညစ်ညမ်းမှု PSI ၃၀၀ ကျော်ထိ ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်မယ့် အဆိုးဆုံးအခြေအနေပါပဲ။

အာရှတိုက်မှာ လေထုညစ်ညမ်းမှုအရှိဆုံးမြို့တွေကတော့ တရုတ်နိုင်ငံ ပေကျင်းမြို့တော်နှင့် အိန္ဒိယနိုင်ငံက နယူးဒေလီမြို့တွေဖြစ်တယ်လို့ သိရပါတယ်။ ဒီမြို့တွေဟာ စီးပွားရေးမြို့တော်တွေဖြစ်ပြီး စက်ရုံ၊ အလုပ်ရုံများပြားခြင်း၊ လူဦးရေများပြားခြင်း၊ မော်တော်ယာဉ်များပြားခြင်းတွေဟာ လေထုညစ်ညမ်းမှုတွေရဲ့ အဓိကအကြောင်းရင်းတွေပဲ ဖြစ်ပါတယ်။

အများအားဖြင့် တချို့က လေထုညစ်ညမ်းမှုဟာ အဆုတ်ကို ပိုထိခိုက်စေတယ်လို့ ထင်ခဲ့ကြတယ်။ ဒါပေမယ့် United Nations University International Institute of Global Health က သုတေသီတွေရဲ့ လေ့လာထားချက်အရတော့ လေထုညစ်ညမ်းမှုဟာ Stroke ခေါ် လေဖြတ်ခြင်းနှင့် Heart Attack နှလုံးသွေးကြောပိတ်ရောဂါကြောင့် သေဆုံးရတာများတယ်လို့ ဆိုပါတယ်။ အသက်ရှူလမ်းကြောင်းဖြစ်တဲ့ နှာခေါင်း၊ လည်ချောင်းနှင့် အဆုတ်လေပွန်တို့ဟာ လေထုနှင့်ထိတွေ့မှု မြန်ပေမယ့် နှာခေါင်းပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်းလောက်သာ အများအားဖြင့်ဖြစ်ကြပြီး အသက်ဆုံးရှုံးနိုင်လောက်အောင် မဖြစ်ဘူးလို့ The Nature ဂျာနယ်က ယင်းသုတေသီတို့ရဲ့ စာတမ်းမှာ ပါရှိတယ်။

ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု မရှိပေမယ့် တချို့လူတွေ အန္တရာယ်ပြုနိုင်တဲ့ Chemical တွေပါတဲ့ စက်ရုံ၊ အလုပ်ရုံ၊ ဥပမာ-ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ကျောက်မီးသွေးနှင့် ဘိလပ်မြေစက်ရုံတွေမှာ အလုပ်လုပ်ကြတဲ့ လူတချို့မှာလည်း Carbon Particles တွေ နှစ်ရှည်လများ ရှူရှိုက်နေရတာကြောင့် အဆုတ်ကင်ဆာပိုဖြစ်နိုင်တယ်လို့လည်း ထောက်ပြထားပါတယ်။

ဒါကြောင့် လေထုညစ်ညမ်းမှုကို အမြဲတိုင်းတာနေခြင်း၊ PSI ၂၀၀ ထက်ကျော်ပါက အသိပေးခြင်း၊ ပတ်ဝန်းကျင်လေထု မညစ်ညမ်းရအောင် တောမီးလောင်ခြင်း၊ တောမီးရှို့ခြင်း၊ စက်ရုံ၊ အလုပ်ရုံတို့ကို နေရာကျဲကျဲ ဆောက်လုပ်ခြင်း၊ မော်တော်ယာဉ်အသုံးပြုခြင်းကို ကန့်သတ်ခြင်း၊ အန္တရာယ်ရှိတဲ့ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်နေကြတဲ့ ဝန်ထမ်းများကို Mask ခေါ် နှာခေါင်းအုပ်အဝတ်များ တပ်ဆင်စေခြင်း၊ တစ်နှစ်မှာ တစ်လဖြစ်စေ၊ တစ်ပတ်မှာ နှစ်ရက်ဖြစ်စေ တာဝန်မှ အနားယူခိုင်းခြင်းတို့ ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# ဇွန်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် မေ ၂၉**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ဇွန် ၁ ရက်မှ ၅ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ ဇွန် ၆ ရက်မှ ၁၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

ရှမ်းပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နှစ်ရက်မှ လေးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် လေးပေမှ ငါးပေခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အထက်မြင့် တက်နိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၇ ပေမှ ၉ ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၆ ပေမှ ၇ ပေခန့်၊ လက်ရှိရေမှတ်များ၏အထက်မြင့်တက်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## သန်လျင်မြို့နယ်၌ ရေရရှိရေး ဆောင်ရွက်

**သန်လျင် မေ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိ ရက် ၁၀၀ စီမံချက်ပါ ရေပေးရေးလုပ်ငန်းဖြစ်သော ကုလားဝဲကျေးရွာ မြေသားရေကန်သုံးကန်ကို ရေကန်အနက်ဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကျေးလက်လမ်းလုပ်ငန်းဖြစ်သည့် သနပွင်-အုတ်ဖိုစု ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခဲ့သည့်လုပ်ငန်းသို့ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) အဖွဲ့တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချောစုဂံ(သန်လျင်)**

# ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

**မောင်ခိုင်မာ(အထက်မင်းလှ)**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က နှစ်စဉ်မေလ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No Tobacco Day) အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပကြပါသည်။ ရည်ရွယ်ချက်မှာ ကမ္ဘာသူကမ္ဘာသားများအနေဖြင့် ဆေးလိပ်၏ ဆိုးကျိုးအန္တရာယ်ကိုသိရှိကာ သတိပြုရှောင်ရှားနိုင်ကြစေရန် နှိုးဆော်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပကာ ဆွေးနွေးဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယနေ့ကမ္ဘာပေါ်တွင် ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ စီးကရက်၊ ဆေးတံစသော ဆေးရွက်ကြီးနှင့် စီမံပြုလုပ်ထားသော ပစ္စည်းအမျိုးမျိုးကို နည်းမျိုးစုံဖြင့် ထုတ်လုပ်/သုံးစွဲနေကြပါသည်။ ဆေးရွက်ကြီးထွက်ပစ္စည်းများကို အဓိကအားဖြင့် အငွေ့ထွက်သော ဆေးရွက်ကြီးပစ္စည်းများ (Smoking Tobacco) (ဥပမာ-စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်၊ ဆေးတံ၊ ရေပြောင်းစသည်)နှင့် အငွေ့မထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်းများ (Smokeless Tobacco) (ဥပမာ- ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းယာထဲထည့်၍ဆေးပေါင်း၊ နှပ်ပေါင်းအဖြစ်ထည့်စားခြင်း၊ ဆေးရွက်ကြီးရေစိမ်သောက်ခြင်း စသည်) ဟူ၍ခွဲခြားထားပါသည်။

**ဆေးလိပ်သမိုင်း**

နယ်မြေသစ်ရှာဖွေသူ ကိုလံဘတ်က ၁၄၉၂ ခုနှစ်တွင် အမေရိကတိုက်ရှိ ဗဟားမားကျွန်းသို့ရောက်သောအခါ ကျွန်းသားများက သစ်ရွက်တစ်မျိုး (ဆေးရွက်ကြီး)ကို မီးရှို့၍ ရှူရှိုက်နေသည်ကို တွေ့ရာမှစတင်ကြောင်း၊ အဆိုပါသစ်ရွက်များကို သယ်ဆောင်လာခြင်းဖြင့် ဥရောပတိုက်သို့ ဆေးရွက်ကြီး စတင်ရောက်ရှိလာကြောင်း၊ ထို့ပြင် စပိန်ဆရာဝန်(ဖရန်စစ္စကိုဟာနန်ဒက်)သည် မက္ကဆီကို နိုင်ငံသို့ သံတမန်အဖြစ်သွားရောက်ခဲ့ရာမှ ဆေးရွက်ကြီးပင်ကို ဥရောပတိုက်သို့ သယ်ဆောင်လာခဲ့ကြောင်း၊ ပေါ်တူဂီသံအမတ် "ဇန်းနီကော" က ပြင်သစ်ဘုရင်မ၏ မယ်တော်အား ဆေးရွက်ကြီးမျိုးစေ့ကို ဆက်သခဲ့ကြောင်း၊ ဆေးရွက်ကြီးတွင်ပါဝင်သော စွဲလမ်းစေသည့်ဓာတ် "နီကောတင်း" သည် ထိုသံအမတ်ကြီး "နီကော" အားဂုဏ်ပြုမှည့်ခေါ်ခြင်းဖြစ်ကြောင်း၊ အင်္ဂလန်၌ ၁၆၆၄ ခုနှစ်မှ ၁၆၆၆ ခုနှစ်များအတွင်း ပလိပ်ရောဂါမှ ကာကွယ်ရန်၊ လူငယ်များအား တစ်နေ့လျှင် ဆေးတံတစ်အိုးခန့် ရှူရှိုက်စေခဲ့ကြောင်း၊ ၁၀ ရာစုခန့်တွင် ပေါ်တူဂီနှင့် အီတလီနိုင်ငံတွင် စက္ကူဖြင့် ဆေးလိပ် လိပ်သောက်သည့်ဓလေ့ထွန်းကားခဲ့ကြောင်း၊ "စီးကရက်" ဆိုသော ဝေါဟာရကို ပြင်သစ်နိုင်ငံမှစတင်ခဲ့ကြောင်း၊ ၁၈၅၃ ခုနှစ်တွင် ကျူးဘားနိုင်ငံ ဟားဗားနားမြို့တွင် ပထမဆုံး စီးကရက်စက်ရုံ ပေါ်ထွန်းခဲ့ကြောင်း၊ ၂၀ ရာစုဦးပိုင်းတွင် ကမ္ဘာတစ်ဝန်း၌ စီးကရက်စက်ရုံများ အပြိုင်အဆိုင်ပေါ်ပေါက်လာကြောင်း၊ မြန်မာနိုင်ငံ၌ မြန်မာသက္ကရာဇ် ၉၉၁ သာလွန်မင်းတရားကြီးလက်ထက်တွင် ဆေးလိပ်သောက်ဆေးစတင်ရောက်ရှိခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၁၁၂၈ တွင် ဆင်ဖြူရှင်မင်းတရားကြီးသည် ဒွါရာဝတီကို အောင်နိုင်ပြီးနောက် ယိုးဒယားလူမျိုးတို့ ငှက်ပျောဖက်ဆေးလိပ်သောက်သည်ကို အတုယူကာ မြန်မာစစ်သည်တို့က ဖက်ဆေးလိပ်များ ပြုလုပ်သုံးစွဲခဲ့ကြောင်း၊ ပထမကမ္ဘာစစ်ပြီးစလောက်တွင် မြန်မာနိုင်ငံသို့ စီးကရက်စတင်ရောက်ရှိလာပြီး ဒုတိယကမ္ဘာစစ်အပြီးတွင် သုံးစွဲမှုကျယ်ပြန့်လာကြောင်း၊ ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဗာဂျီးနီးယားဆေးစီမံကိန်း စတင်အကောင်အထည်ဖော်ခဲ့ကြောင်းသိရသည်။

**ကမ္ဘာနှင့်မြန်မာဆေးလိပ်သောက်သုံးမှု**

WHO ၏ ခန့်မှန်းချက်အရ ကမ္ဘာတွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းတစ်ထောင်ကျော်ရှိကြောင်း၊ အများစုသည် အာရှတိုက်မှဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီး၏အန္တရာယ်ကို နားလည်သိရှိကြပြီး သောက်သုံးသူလျော့ကျနေချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ မြင့်တက်လျက်ရှိနေကြောင်း၊ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးငယ်များတွင် သိသာစွာ တိုးတက်များပြားလာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောင်းသားလူငယ်များ၏ ဆေးလိပ်သောက်သုံးမှု အခြေအနေကိုသိရှိရန် WHO နှင့် ပူးပေါင်း၍ အသက် ၁၃ နှစ်မှ ၁၅ နှစ်အတွင်း ကျောင်းသားလူငယ်များ ဆေးလိပ်သောက်သုံးမှုကို သုတေသနစစ်တမ်း (Global Youth Tobacco Survey- GYTS) အား ၂၀၀၁၊ ၂၀၀၄၊ ၂၀၀၇ နှင့် ၂၀၁၁ ခုနှစ်များတွင် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ၂၀၀၁ ခုနှစ်တွင် ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းကျောင်းသားများ ဆေးလိပ်သောက်သုံးမှု ၁၀ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၀၇ ခုနှစ် စစ်တမ်းအရ ၄ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်စစ်တမ်းအရ ၆ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ အခြားတွေ့ရှိချက်အဖြစ် ၇ ဒသမ ၅ ရာခိုင်နှုန်းသည် ကွမ်းယာထဲတွင် ဆေးရွက်ကြီးကိုထည့်၍ သုံးစွဲခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၀၀ ပြည့်နှစ်စစ်တမ်းများအရ မန္တလေး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အမျိုးသား ၅၉ ဒသမ ၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၈ ဒသမ ၈ ရာခိုင်နှုန်းတို့သည် ဆေးလိပ်သောက်ကြကြောင်း သိရသည်။

**ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်**

စီးကရက်သည် ရှိုက်ပြီးရှူရသည့်အရာဖြစ်၍ အန္တရာယ်များကြောင်း၊ စီးကရက်မှထွက်လာသော ဆေးလိပ်ငွေ့တွင် ဓာတုပစ္စည်းအမယ်ပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ၆၀ သည်ကင်ဆာရောဂါဖြစ်စေသည်ဟု ၁၉၈၆ တွင် စတင်သိရှိပြီး ၁၉၉၂ ခုနှစ်တွင် ဆေးလိပ်ကို ကင်ဆာဖြစ်စေသည့် အဓိကဓာတုပစ္စည်းအဖြစ်သတ်မှတ်ခဲ့သည်။ ဆေးလိပ်တွင် အဓိကကျသော အဆိပ်သုံးမျိုးမှာ (၁) နီကိုတင်းဓာတ် (Nicotine) (နီကိုတင်းဓာတ်သည် သွေးထဲသို့ ချက်ချင်းရောက်ရှိသွားပြီး သောက်သုံးသူအား စွဲလမ်းစေကြောင်း၊ စီးကရက်တစ်လိပ်တွင် နီကိုတင်း 1mg ပါဝင်ကြောင်း၊ ထိုပမာဏသည် သွေးကြောထဲတွင် တစ်ကြိမ်ထဲထိုးသွင်းပါက လူကို ချက်ချင်းသေစေကြောင်း သိရသည်။) (၂) ကာဗွန်မိုနောက်ဆိုက် (Carbon-monoxide) (စီးကရက်ကို ဖွာရှိုက်လိုက်ပါက အဆုတ်မှတစ်ဆင့် သွေးကြောထဲသို့ ၎င်းဓာတ်ရောက်ရှိသွားပြီး အောက်ဆီဂျင် (Oxygen)အစား၊ အစားထိုးနေရာယူသဖြင့် နှလုံးနှင့်သွေးကြောများတွင် ရောဂါဖြစ်စေကြောင်းသိရသည်။) (၃) ကတ္တရာ သို့မဟုတ် ဆေးချေး(ဂျီး) Tar (၎င်းဓာတ်သည် အဆုတ်ကို ထိခိုက်စေကြောင်း၊ ဖော်မယ်လ်ဒီဟိုက် (Formaldehyde)၊ အမိုးနီးယား (Ammonia) နှင့် ဘင်ဇင်း (Benzene) ဓာတ်တို့သည်လည်း အဆိပ်ဓာတ်များဖြစ်ကြောင်း သိရသည်။)

ဆေးလိပ်သောက်သုံးခြင်းဖြင့် အဆုတ်ကင်ဆာအဖြစ်များကြောင်း၊ အဓိကရရှိသော ရောဂါများမှာ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးလိုလိုတွင် ဖြစ်တတ်သောကင်ဆာရောဂါတို့ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း သို့မဟုတ် တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူခြင်းတို့ကြောင့်လည်း ကိုယ်ဝန်ပျက်ကျခြင်း၊ သားအိမ်ပြင်ပ၌ သန္ဓေတွယ်ခြင်း၊ ကလေးအသေမွေးခြင်း၊ ကလေးပေါင်ချိန်မပြည့်ဘဲမွေးခြင်း၊ ကိုယ်အင်္ဂါမစုံဘဲမွေးခြင်း၊ လမစေ့ဘဲမွေးခြင်း စသည်တို့ဖြစ်ပွားတတ်ပါသည်။ နေအိမ်တွင် ဆေးလိပ်သောက်သူရှိသဖြင့် ဆေးလိပ်ငွေ့ရှူရှိုက်နေရသော ကလေးများတွင် သုံးနှစ်အရွယ်၌ သွားပိုးစားရောဂါဖြစ်ပြီး သွားပေါက်ဖြစ်ခြင်း (Tooth Cavity) ဖြစ်ဖို့များကြောင်း၊ ဂျပန်နိုင်ငံ Kyoto University မှ သွားဆရာဝန်များက လေ့လာတွေ့ရှိထားကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးအသုံးပြုမှုကြောင့် နှစ်စဉ်လူပေါင်းသုံးသန်းအသက်ဆုံးရှုံးနေပြီး ၂၀၂၀ ပြည့်နှစ်တွင် လူပေါင်း ၁၀သန်းခန့် အသက်ဆုံးရှုံးနိုင်ကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းနှင့်နီးနွယ်သောရောဂါကြောင့် သေဆုံးရသူများမှာ ကမ္ဘာတစ်ဝန်း ၄ ဒသမ ၉ သန်းကျော်ရှိကြောင်း၊ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်နေရမှုကြောင့် သေဆုံးနေသူမှာ ခြောက်သိန်းကျော်ရှိကြောင်း သိရသည်။ ထို့ကြောင့် "စီးကရက် (ဆေးလိပ်)တိုင်းသည် သင့်အားပျက်စီးစေသည်" (Every Cigarette is doing you damage.) ဟုဆိုပါသည်။

**အီး-စီးကရက်**

ဆေးလိပ်ဖြတ်လိုသူများအတွက်ဟုဆိုကာ ၂၀၁၄ ခုနှစ် ဧပြီ ၂၃ ရက်တွင် ချီကာဂို၌ စမ်းသပ်ထုတ်ဖော်ခဲ့သော အီး-စီးကရက်(ခေါ်) လျှပ်စစ်စီးကရက် (Electronic Cigarettes) ကို ယခုအခါတွင် WHO က အိမ်တွင်အသုံးပြုခြင်းကို ပိတ်ပင်ရန်နှင့် လုံခြုံမှုရှိ မရှိ စစ်ဆေးရန် ညွှန်ကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အီး-စီးကရက်သည် လူသိနည်းသော ရုတ်တရက်ပေါက်ကွဲစေတတ်သည့် အန္တရာယ်ရှိကြောင်း၊ Toxicant ခေါ် အဆိပ်အတောက်ဖြစ်စေသော အငွေ့များပါဝင်နိုင်သောကြောင့်ဟု ဆိုပါသည်။

**ကွန်ဗင်းရှင်းနှင့် မြန်မာ**

WHO ၏ ဦးဆောင်မှုဖြင့် "ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း"ကို ၂၀၀၃ ခုနှစ်မေလတွင် ကျင်းပခဲ့သော (၅၆) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံတွင် အတည်ပြုခဲ့သည်။ ၎င်းကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ရက်တွင် သဘောတူလက်မှတ်ရေးထိုးပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ပါသည်။ ထိုသို့ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်နှင့်အညီ ကွန်ဗင်းရှင်းပါအချက်အလက်များကို အခြေခံလျက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်းသိရသည်။

**ဆေးလိပ်ငွေ့ကင်းစင်သော**

အင်္ဂလန်ဆေးပညာရှင်ဆာဘွဲ့ရဆရာဝန်ကြီး "ရစ်ချတ်ဒေါလ်" က ဆေးလိပ်လုံးဝမသောက်ခြင်းဖြင့် ကင်ဆာကြောင့် သေဆုံးရသူ၏ သုံးပုံတစ်ပုံ၊ နှလုံးသွေးကြောပိတ်ခြင်းကြောင့် သေဆုံးရသူ၏ လေးပုံတစ်ပုံလျော့နည်းလာနိုင်ပြီး အသက်ရှူလမ်းကြောင်းထိခိုက်မှုကြောင့်ဖြစ်ရသည့် နာတာရှည်အဆုတ်ရောင်ရောဂါမဖြစ်ပွားသလောက် နည်းပါးသွားမည်ဖြစ်ကြောင်းကို ၎င်း၏ စာတမ်းတစ်စောင်တွင် ဖော်ပြထားကြောင်းသိရသည်။

၎င်းလောကမြေမဟီဝယ် ဆေးလိပ်ကြောင့်ဖြစ်ပေါ်ရသည့် ဆိုးကျိုးအန္တရာယ်များကို တစ်နေ့ထက်တစ်နေ့ ပိုမိုသိမြင်လာကြပြီဖြစ်သည့်အပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်၍ အသက်ဝင်သည့် ထောင်စုနှစ်သစ်အတွက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးပန်းတိုင် (Sustainable Development Goals-SDGs) ၁၇ ရပ်အနက် ပန်းတိုင်အမှတ် (၃)တွင် "လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေး" (Goal 3- Ensure healthy lives and promote well-being for all at the ages.) ဟူ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက ချမှတ်ပေးထားသည်ဖြစ်ရာ တစ်ကမ္ဘာလုံး ကျန်းမာချမ်းသာကြစေရေးအတွက် ကျွန်ုပ်တို့အားလုံးသည် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းစသည်တို့ကို ဆန့်ကျင်ရှောင်ရှားကြပြီး ဆေးလိပ်ငွေ့ကင်းစင်သော ကမ္ဘာမြေအဖြစ် ထုဆစ်ပုံဖော်ကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။ ။

**ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့**

**(၂၀၁၆)ခုနှစ် မေလ (၃၁)ရက်**




**ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှု လျှော့ချရေး**

**ထုပ်ပိုးမှုစံသတ်မှတ်ပေး**

**ပိုင်းဝန်းအကောင်အထည်ဖော်စို့မနှေး**

**ဆေးလိပ်၊ ဆေးရွက်ကြီးအသုံးပြုမှုကြောင့် နှစ်စဉ်လူပေါင်းသုံးသန်းအသက်ဆုံးရှုံးနေပြီး ၂၀၂၀ ပြည့်နှစ်တွင် လူပေါင်း ၁၀ သန်းခန့် အသက်ဆုံးရှုံးနိုင်ကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းနှင့် နီးနွယ်သော ရောဂါကြောင့် သေဆုံးရသူများမှာ ကမ္ဘာတစ်ဝန်း ၄ ဒသမ ၉ သန်းကျော်ရှိကြောင်း၊ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်နေရမှုကြောင့် သေဆုံးနေသူမှာ ခြောက်သိန်းကျော်ရှိကြောင်း သိရသည်။ ထို့ကြောင့် "စီးကရက် (ဆေးလိပ်)တိုင်းသည် သင့်အားပျက်စီးစေသည်" (Every Cigarette is doing you damage.) ဟုဆို...**

## ကျောက်ထုမြို့၌ သင်ကြားသင်ယူမှု ဆင့်ပွားပညာပေးသင်တန်းဖွင့်

**ကျောက်ထု မေ ၂၉**

မူလတန်းအဆင့် သင်ကြားသင်ယူမှု ဆင့်ပွားပညာပေးသင်တန်းဖွင့်ပွဲကို မေ ၂၈ ရက်က ဂန့်ဂေါခရိုင် ကျောက်ထုမြို့ မြို့မအမကဒ္ဒကျင်းပရာ ကျောက်ထုမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေတိုးက အမှာစကားပြောကြားသည်။

သင်တန်းတွင် မူလတန်းကြိုကျောင်းမှတစ်ဆင့် သူငယ်တန်းသို့ ကူးပြောင်းသင်ကြားသော ကျောင်းသားကျောင်းသူများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင်ရိုးညွှန်းတမ်းအသုံးပြု၍ အတတ်ပညာ၊ အသိပညာများ ထိရောက်စွာတိုးပွားကျွမ်းကျင်စေရေးတို့ကို သင်ကြားပို့ချပေးသည်။

သင်တန်းသို့ သင်ရိုးညွှန်းတမ်းနယ်ပယ် ခြောက်ခုမှ ဆရာ ဆရာမများ တက်ရောက်ကြ၍ ကျောင်းသားကျောင်းသူများအတွက် စာအုပ်၊ ခဲတံများကို အဆိုပါသင်တန်းသား ဆရာ ဆရာမများမှတစ်ဆင့် ပေးအပ်ထောက်ပံ့သည်။

**ခရိုင်(ပြန်/ဆက်)**

**ဘင်္ဂလားပင်လယ်အော်**

**အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့တွေ့ဆုံ ကျောင်းသားများ၏ တောင်းဆိုချက်များအဆင်ပြေ၊ ၎င်းတို့အနေဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ အဆင့်မြင့်ပညာရေးဦးစီးဌာနတွင် ယနေ့ နေ့လယ်ပိုင်းက ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးအပါအဝင် တာဝန်ရှိသူတို့နှင့် နိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(န. က. သ)တို့ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ကျောင်းသားများတောင်းဆိုသည့် အချက်များအဆင်ပြေရရှိခဲ့သည့်အပြင် ၎င်းတို့အနေဖြင့် အစိုးရနှင့် အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း (န. က. သ)မှ အလုပ်အမှုဆောင်ကော်မတီဝင် ကိုဇေယျာလွင်က ပြောသည်။

"ဒီနေ့ဆွေးနွေးတဲ့အကြောင်းကတော့ အချက်လေးချက်အပြင် တက္ကသိုလ်တွေထဲမှာရှိနေတဲ့ ဘုံကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးမှုအားလုံးနီးပါး အဆင်ပြေခဲ့ပါတယ်။ တချို့ကိစ္စတွေကတော့ အချိန်ပေးပြီးဆောင်ရွက်သွားရမယ့်အပိုင်းတွေရှိသလို နောက်ထပ်ဆွေးနွေးမှုလုပ်သွားရမယ့်အပိုင်းတွေလည်းရှိပါတယ်။ ဝန်ကြီးနဲ့ဆွေးနွေးမှုအနှစ်ချုပ်အနေနဲ့ကတော့ ပညာရေးနဲ့ပတ်သက်တဲ့ကိစ္စတွေအပြင် ကျောင်းသားအရေးနဲ့ပတ်သက်တာတွေအားလုံးကို ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကျွန်တော်တို့အားလုံး သဘောတူခဲ့ကြပါတယ်" ဟု ၎င်းက တွေ့ဆုံဆွေးနွေးမှုအပြီးတွင် မီဒီယာများအား ပြောကြားသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် (န. က. သ) အနေဖြင့် အဆင့်မြင့်ပညာဥပဒေတွင် ကျောင်းသားသမဂ္ဂများကို ဥပဒေအရ တရားဝင်မပါဝင်လာနိုင်သေးခင်အချိန်ကာလအတွင်း တက္ကသိုလ်များရှိ ကျောင်းသားသမဂ္ဂများ၏ ရပ်တည်လှုပ်ရှားခွင့်များ တရားဝင်ရရှိရေး၊ အဆင့်မြင့်ပညာရေးဥပဒေကို ကျောင်းသားသမဂ္ဂများ ပါဝင်ရေးဆွဲခွင့်ရရှိရေးနှင့် တက္ကသိုလ်တစ်ခုချင်းစီတွင်ရှိသည့် ပဋိညာဉ်များကိုရေးဆွဲသည့်အခါတွင် ကျောင်းသားသမဂ္ဂများကို ပါဝင်ရေးဆွဲခွင့်ပေးရေး၊ နည်းပညာကျောင်းသားများ၏ မြန်မာအင်ဂျင်နီယာကောင်စီဥပဒေကိစ္စများအပြင် ပညာရေးဝန်ကြီးဌာန၏ ဖိတ်ခေါ်ကမ်းလှမ်းချက်အရ ပညာရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ကာလတွင် ပညာရေးအရည်အသွေးထိန်းညှိနိုင်ရန်ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။


(န. က. သ)မှ အလုပ်အမှုဆောင်ကော်မတီဝင် ကိုဇေယျာလွင်

"ဆွေးနွေးတဲ့အခါမှာ အဆင့်မြင့်ပညာဥပဒေထဲမှာ ကျောင်းသားသမဂ္ဂတွေပါဝင်ရေးဆွဲခွင့်ရဖို့နဲ့ တက္ကသိုလ်တစ်ခုချင်းစီက ပဋိညာဉ်တွေထဲမှာ ကျောင်းသားသမဂ္ဂတွေပါဝင်ရေးဆွဲခွင့်ရဖို့ ဝန်ကြီးဆီက အာမခံချက်ရခဲ့ပါတယ်။ နောက်တစ်ခုအနေနဲ့ အစိုးရရဲ့ ရက် ၁၀၀ စီမံကိန်းမှာ ကျွန်တော်တို့အနေနဲ့ တက္ကသိုလ်ထဲမှာရှိတဲ့ ကျောင်းသူကျောင်းသားတွေအားလုံးရဲ့အသံကို ပြန်ယူရပါမယ်။ ဒါ့အပြင် စာသင်တဲ့အခါမှာ တက္ကသိုလ်ဆရာ ဆရာမတွေက အချိန်မှန်ဝင်လေ့ရှိသလား၊ စာသင်တဲ့အခါမှာ သေချာသင်ပေးမှုရှိသလား၊ ပျက်ကွက်မှုတွေရှိသလား ဆိုတာတွေကို လေ့လာသုံးသပ်မှုတွေလုပ်ရမှာပါ။အဲဒီလို လုပ်ဆောင်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ ကျောင်းသားသမဂ္ဂက ပူးပေါင်းလုပ်ဆောင်မယ်လို့ပြောခဲ့ပါတယ်" ဟု ၎င်းက တွေ့ဆုံဆွေးနွေးမှုရလဒ်များကို ပြန်လည်ပြောပြသည်။

ဆက်လက်၍ ၎င်းက "နောက်တစ်ခုကတော့ ကျောင်းသားသမဂ္ဂတွေရဲ့ရပ်တည်လှုပ်ရှားမှုကို သူတို့အနေနဲ့ အသိအမှတ်ပြုတယ်။ ဆက်လက်ပြီးတော့ ကျောင်းထဲမှာ ရပ်တည်လှုပ်ရှားခွင့်နဲ့ ရုံးခန်းတွေပေးဖို့အတွက်ကိုလည်း ညှိနှိုင်းခဲ့တယ်။ သိပ်မကြာခင်ကာလမှာ ရလာဖို့ အခွင့်အလမ်းများပါတယ်။ နည်းပညာကျောင်းသားတွေကိစ္စကတော့ ဥပဒေကိစ္စဖြစ်တဲ့အတွက် ဥပဒေကို ပြေလျှော့နိုင်ဖို့ နည်းပညာကျောင်းသားတွေရဲ့ ခံစားနေရတဲ့ ခံယူချက်ကို ပြေပျောက်သွားအောင်လုပ်ဖို့က ဥပဒေအရ လုပ်ဆောင်သွားရလိမ့်မယ်။ ဒီကိစ္စကိုတော့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်လို့ အချိန်တော့ ပေးရပါလိမ့်မယ်။ နောက်ထပ် ဆက်ပြီးညှိနှိုင်းဆောင်ရွက်ရမယ့်ဟာတွေရှိသလို ဥပဒေအရ ကန့်သတ်ဆောင်ရွက်သွားရမယ့်အပိုင်းတွေရှိနေတဲ့အတွက်တော့ လောလောဆယ် ဒီလောက်နဲ့ပြတ်ခဲ့ပါတယ်" ဟု ဆိုသည်။

အဆိုပါဆွေးနွေးမှုများအပြင် တက္ကသိုလ်တစ်ခုချင်းစီ၌ဖြစ်ပေါ်နေသည့် ကျောင်းသား ကျောင်းသူများ၏ သွားလာရေးအဆင်မပြေသည့်ကိစ္စ၊ လက်တွေ့ခန်းများတွင် အဆင်မပြေသည့်ကိစ္စ၊ ကျောင်းသန့်ရှင်းရေးကိစ္စ စသည်တို့အပါအဝင် အခြေခံအချက်အလက် ၁၅ ချက်ခန့်ကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့နှင့် ဆွေးနွေးခဲ့ကြပြီး ထိုအချက်များနှင့်ပတ်သက်၍ ပထမအဆင့်လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များနှင့် ရေရှည်လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များဟူ၍ခွဲခြားကာ ဆက်လက်ညှိနှိုင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးမှုကို ပြည်ထောင်စုဝန်ကြီး၏ ဖိတ်ခေါ်မှုအရ ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့နှင့်အတူ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(န. က. သ)မှ အလုပ်အမှုဆောင်ကော်မတီဝင် ၂၇ ဦးတို့ တက်ရောက်ဆွေးနွေးကြရာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(န. က. သ)အနေဖြင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အဆင့်မြင့်ပညာရေးဥပဒေကိစ္စနှင့်ပတ်သက်၍ ပါဝင်ခွင့်ရမည်ဖြစ်ကြောင်း အာမခံချက်ရရှိခဲ့သည့်အပြင် ကျောင်းသားသမဂ္ဂများနှင့်ပတ်သက်သည့်ကိစ္စများတွင်လည်း ၈၀ ရာခိုင်နှုန်းခန့်အထိ ဆွေးနွေးမှုအပိုင်း အောင်မြင်မှုရရှိခဲ့ပြီး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂ(တကသ)နှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(မြေလတ်ဒေသ) တို့က ပူးပေါင်းအစည်းအဝေးတစ်ရပ်ပြုလုပ်၍ ပြုပြင်ပြောင်းလဲရေးအတွက် မေ ၂၅ ရက်တွင် နိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(န. က. သ)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီပညာရေးစနစ်ဖြစ်ပေါ်လာရေး၊ ကျောင်းသားထုအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ ကျောင်းသားထုစွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းသားသမဂ္ဂများ လွတ်လပ်စွာရပ်တည်လှုပ်ရှားခွင့်ရရှိရေးတို့ကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး (ပဏီတ)**

# ရေရှားပါးသည့်ဒေသများတွင်အသုံးပြုရန် ရေသယ်ယာဉ်များလှူဒါန်း

**နေပြည်တော် မေ ၂၉**

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် ရပ်ကွက်များအတွင်း သောက်သုံးရေလိုအပ်လျက်ရှိသော ဒေသများသို့ သောက်သုံးရေဖြန့်ဖြူးပေးနိုင်ရန်အတွက် မေ ၂၆ ရက်က ကမ္ဘောဇဘဏ်လီမိတက် ဖလမ်းဘဏ်ခွဲမန်နေဂျာ ဒေါ်စောအိအိထွေးက ဖလမ်းမြို့ မြို့မိမြို့ဖ ဦးစာမောင်၊ ဦးခွန်နှင်းတို့ထံ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

အလားတူ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ဦးဝေလင်းအောင်က ချင်းပြည်နယ် ဟားခါးမြို့မှ မြို့မိမြို့ဖ ဦးရှန်မန်းနှင့် မြို့မိမြို့ဖများထံသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွက် ကျောက်ဆည်မြို့ ကမ္ဘောဇဘဏ်ခွဲတာဝန်ခံ ဦးဇော်လင်းအောင်က ကျောက်ဆည်မြို့ မြို့မိမြို့ဖ ဦးစောလင်းထံသို့လည်းကောင်း၊ ကူမဲမြို့နယ်အတွင်းရှိ ပြည်သူများအတွက် ကူမဲမြို့နယ် ကမ္ဘောဇဘဏ်ခွဲတာဝန်ခံ ဦးကျော်ဇင်ဦးက မြို့မိမြို့ဖ ဦးတင်ထွေးထံသို့လည်းကောင်း ရေဂါလန် ၃၀၀၀ ဆံ့ ရေဘောက်ဆာယာဉ် အသစ်တစ်စီးစီ ပေးအပ်လှူဒါန်းခဲ့သည်။



မြန်မာနိုင်ငံအနှံ့အပြားရှိ ရေရှားပါးသောဒေသများ၌ စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ အိမ်တိုင်ရာရောက်ရေဖြန့်ဝေပေးခြင်းနှင့် ရပ်မိရပ်ဖများနှင့် ပရဟိတအဖွဲ့အစည်းများထံသို့ ရေဘောက်ဆာယာဉ်များ လှူဒါန်းခြင်းတို့ကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက မြို့နယ်တာဝန်ခံများမှတစ်ဆင့် လှူဒါန်းပေးလျက်ရှိပြီး ဆက်လက်၍ ရေရှားပါးသောဒေသများသို့ သောက်သုံးရေဖြန့်ဝေပေးနိုင်ရန် ရေဘောက်ဆာယာဉ် ၄၃ စီးအထိ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝဝ)**

# ပြည်ထောင်စုဝန်ကြီး ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မေ ၂၈ ရက် ညနေပိုင်း၌ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ ချယ်ရီအိမ်ရာ၊ မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ ကံ့ကော်အိမ်ရာနှင့် မေ ၂၉ ရက် မွန်းလွဲပိုင်း၌ ဘောဂသိဒ္ဓိရပ်ကွက်ရှိ ပိတောက်အိမ်ရာ၊ သဇင်(၃)နှင့်(၄) အမျိုးသမီးဆောင်၊ စက်မှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနေထိုင်သည့် အိမ်ရာများသို့ သွားရောက်၍ သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ အဆောက်အအုံနှင့် အဆောက်အအုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အိမ်ရာများအတွင်း ဝန်ထမ်းမိသားစုများ နေထိုင်လျက်ရှိသည့်အခြေအနေ၊ လျှပ်စစ်နှင့် ရေသုံးစွဲမှုအခြေအနေ၊ ရေဆိုးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်မှု ရှိ၊ မရှိ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို စီစဉ်ဖြည့်ဆည်းပေးခဲ့သည်။

လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မိမိနေထိုင်သည့် အိမ်ရာများကို မိမိအိမ်ကဲ့သို့ သဘောထား၍ စည်းကမ်းရှိစွာဖြင့် သန့်သန့်ရှင်းရှင်းထိန်းသိမ်းနေထိုင်ကြစေလိုကြောင်း၊ အိမ်ရာများရှိ သွယ်တန်းထားသည့် လျှပ်စစ်ဝါယာကြိုးများအား အန္တရာယ်မဖြစ်စေရေး စနစ်တကျသုံးစွဲရန်နှင့် လိုအပ်ချက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိလ္လာကန်အတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်းမပြုရန်၊ မိုးရာသီကာလတွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေလျှံမှုများမဖြစ်ပေါ်စေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်မှသာ ခြင်များပေါက်ပွားမှုမရှိဘဲ သွေးလွန်တုပ်ကွေးနှင့် အခြားသောရောဂါများမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးကောင်းမွန်ပြီး စိတ်ကြည်လင်လန်းဆန်းနေမှသာ မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများလည်းအောင်မြင်မည်ဖြစ်၍ ကျန်းမာရေးကို အလေးထားဂရုပြုနေထိုင်ကြရန်မှာကြားခဲ့ပြီး ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်ချက်များရှိပါက တင်ပြရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

✿ **ဖူးပွင့်လန်းဆန်းနေသောမှ**

သမီးကောင်းရတနာလေးတွေအဖြစ် နဲ့ နိုင်ငံတော်ကို ပြန်လည်အလုပ်အကျွေးပြု စောင့်ရှောက်နိုင်အောင်၊ လူကြီးမိဘ ဆရာသမားကိုရိုသေကိုင်းရှိုင်းပြီး ယဉ်ကျေးတဲ့၊ ရဲဝံ့တဲ့၊ အကျင့်စာရိတ္တမြင့်မားတဲ့ ရင်သွေးလေးတွေအဖြစ် ပြုစုပျိုးထောင်ပေးချင်လို့ ဒီသင်တန်းကို တည်ထောင်ခဲ့ပါတယ်” ဟု ဦးစွာရှင်းလင်းမိန့်ကြားခဲ့သည်။

သင်တန်းကို ယနေ့မှစတင် ဖွင့်လှစ်ခဲ့သည်။ ဖွင့်လျှင်ဖွင့်ချင်းအနီးနားမှ ကလေးသူငယ် အယောက် ၃၀၀ ကျော် လာရောက်တက်ရောက်ကြသည်။ ကလေးငယ်များ၏ ကျောင်းပိတ်ရက် တစ်ပတ်လျှင် တစ်ရက်တာမျှ အချိန်ပေးကာ ၎င်းတို့၏ဘဝ စိတ်ဓာတ်မြင့်မားရေးကို ပျော်ရွှင်တက်ကြွစွာဖြင့် လာရောက်သင်ကြားနေကြသည်ကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ပီတိဖြစ်မိသည်။ သင်ကြားပြသပေးကြသော ဆရာမများမှာ မအားလပ်သည့်ကြားမှ တစ်ပတ်လျှင် တစ်ရက်တာ စေတနာ့ဝန်ထမ်း ပြသပေးကြသည်။

“ကျွန်မက ဂရိတ်(၅) အတန်းက ဆရာမဒေါ်ခင်သန္တာပါ။ စီးပွား/စီမံနဲ့ ဘွဲ့ရပြီး အလုပ်အားလပ်ရက်မှာ ကလေးတွေကို လာရောက်သင်ကြားပေးတာပါ။ ကလေးတွေကို လိမ္မာစေချင်တဲ့စေတနာနဲ့ ဝါသနာလည်းပါလို့ သင်ပေးတာပါ။ ဆရာဖြစ်မွမ်းမံသင်တန်းလည်းတက်ခဲ့ပါတယ်” ဟု ရှင်းပြသည်။

ဆက်လက်၍ ကျောင်းသား မောင်ကျော်ထက်လွင်က “ကျွန်တော် ကိုးတန်းအောင်လို့ ၁၀ တန်းတက်ရပါတော့မယ်။ ကျောင်းပိတ်ရက်မှာ ဗုဒ္ဓရဲ့တရားတော်တွေကိုလည်း သိချင်တယ်။ ယဉ်ကျေးလိမ္မာသူတစ်ယောက်လည်းဖြစ်ချင်လို့ ဒီသင်တန်းကို လာတက်တာပါ” ဟု လက်အုပ်ချီကာ ယဉ်ကျေးလိမ္မာစွာ ဖြေကြားသည်။

ထို့နောက် သင်တန်းသူ မမြတ်မြင့်မိုရ်က “သမီး ဗုဒ္ဓဖြစ်စဉ်တော်တွေကို စိတ်ဝင်စားပါတယ်။ ဗဟုသုတတွေရချင်တယ်။ ယဉ်ကျေးလိမ္မာတဲ့သူဖြစ်ချင်လို့ သင်တန်းလာတက်တာပါ။ သမီးက ရှစ်တန်းအောင်လို့ ကိုးတန်းတက်ရမှာပါ။ ကျောင်းပိတ်ရက်မှာ သင်တန်းတက်ရလို့ ဝမ်းသာပီတိဖြစ်မိပါတယ်”ဟု ယဉ်ကျေးဖော်ရွေစွာရှင်းပြသည်။ သင်တန်းတွင် ကလေးငယ်များအသက်အရွယ်အလိုက်၊ ကျောင်းပညာအလိုက် သင်တန်းဆင့်များခွဲထားသည်။ ဂရိတ်(၃)မှ ဆရာမ ဒေါ်လှလှကြူက “ကျွန်မ မြန်မာစာနဲ့ ကျောင်းပြီးခဲ့ပြီးနောက် လုပ်ငန်းခွင်ဝင်ရင်းနဲ့ ယခုသင်တန်းကျောင်းကို ရောက်ခဲ့ပါတယ်။ စေတနာဝန်ထမ်း ဆရာမ နှစ်နှစ်တာဝန်ထမ်းဆောင်ပြီး မွမ်းမံသင်တန်းလည်းတက်ခဲ့ပါတယ်။ ပရဟိတကိုဝါသနာပါပြီး ဘယ်နေရာရောက်ရောက် ယဉ်ကျေးလိမ္မာတဲ့ ရင်သွေးငယ်များကို ပြုစုပျိုးထောင်ပေးနေမှာပါ”ဟု ၎င်း၏ ဝါသနာနှင့် စေတနာကို ရှင်းပြသည်။ ဆရာမ သင်ကြားပြသပေးနေသော အဆင့်(၂)သင်တန်းမှ သင်တန်းသူ မမြကြာညိုသင်းက “သမီးက လေးတန်းတက်ရမှာပါ။ ကဗျာတွေ၊ ပုံပြင်တွေကို ကြိုက်လို့ပါ။ သင်တန်းကိုလည်း တက်ချင်လို့ပါ၊ သင်တန်းတက်ရတာ ပျော်ပါတယ်။ အရင်က မသိတဲ့ အသိတွေ တိုးလာပါတယ်”ဟု ကလေးပီပီ ရိုးသားပွင့်လင်းစွာရှင်းပြသည်။

သင်တန်းသူလေး မရွှေယမုံကျော်ကလည်း “သမီးလည်း သုံးတန်းတက်ရတော့မယ်။ လိမ္မာယဉ်ကျေးချင်လို့ သင်တန်းတက်ပါတယ်။ ကဗျာတွေ သင်ပြပါတယ်။ ပုံပြင်တွေပြောပြပါတယ်။ မုန့်တွေလည်းစားရပါတယ်။ သမီးနှစ်တိုင်းတက်ပါမယ်။ သမီးလိမ္မာလေးဖြစ်ချင်ပါတယ်”ဟု ပွင့်ပွင့်လင်းလင်းပြောသည်။

ယခင်က မူလတန်းကလေးငယ်၊ အလယ်တန်း ကလေးငယ်များသာ သင်တန်းသို့ လာရောက်ကြရာမှ ယခုအခါ ၁၀ တန်းအထိ ကျောင်းသား ကျောင်းသူလေးများပါ လာရောက်သင်ယူလာကြပြီဖြစ်ရာ ဂရိတ်(၁၂) အထိရည်မှန်း၍ ဗုဒ္ဓစာပေအပြင် အတွေးအခေါ်၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ အင်္ဂလိပ်စာနှင့် အဘိဓမ္မာ အဆင့်အထိ သင်ကြားပေးနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်းလည်း ဆရာတော်က မိန့်ကြားသည်။


ဆရာမ ဒေါ်လှလှကြူ


ဆရာမ ဒေါ်ဝင်းဝင်းမော်


ဆရာမ ဒေါ်ခင်သန္တာ

ကလေးများအတွက် သင်ခန်းစာများတွင် ဗုဒ္ဓဖြစ်စဉ်တော်များအပြင် (၃၈)ဖြာမင်္ဂလာတရားတော်ကို ကလေးများ နားလည်လွယ်သော ပုံဝတ္ထုလေးများပါသကဲ့သို့ တိရစ္ဆာန်လေးများကို ကိုယ်ချင်းစာကြင်နာရန်၊ အမှိုက်ကောက်ကြမည် စသည်ဖြင့် ကဗျာလေးများ၊ သီချင်းလေးများကိုလည်း တွေ့နိုင်သည်။ ကလေးများက အပြိုင်အဆိုင်သီဆိုကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လက်ခုပ်တီး၍ အားပေးကြသည်။ စေတနာဆရာမလေးများနှင့် ကလေးများပါပျော်ရွှင်ကြသည်။ ကစားချိန်တွင်ကစားကြသည်။ မုန့်တစ်မျိုးမျိုး၊ အာဟာရတစ်မျိုးမျိုး အမြဲကျွေးမွေးသည်။ ပန်းများအပြိုင်ခူးကြသည်။ အလှဆုံးဖြစ်အောင်စုပေါင်း၍ ဘုရားတွင် ကပ်လှူကြသည်။ မဟာရတနာသိုက်ချောင်းတပ်ဦးကျောင်း ဓမ္မစကူး သင်တန်းဖွင့်ခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်သည်။ ပထမနှစ်တွင် ဂရိတ် ၁၊ ၂၊ ၃ နှင့်စ၍ ကျောင်းသား ကျောင်းသူ ၉၀၊ ဒုတိယနှစ်တွင် ဂရိတ် ၁၊ ၂၊ ၃၊ ၄ ဖြစ်လာ၍ ကျောင်းသား ကျောင်းသူ ၁၈၀၊ ယခုနှစ်တွင် ဂရိတ်(၅) အဆင့်အထိဖြစ်လာပြီး ကျောင်းသား ကျောင်းသူ ၃၁၇ ဦးအထိ တိုးတက်လာကာ စေတနာ ဆရာမ ခုနစ်ဦးက သင်ကြားပေးလျက်ရှိသည်။ အတန်းများ၊ ကျောင်းသားများတိုးတက်လာသကဲ့သို့ သင်ကြားချိန်ကိုလည်း ယခင်က ကစားချိန်မပါ နှစ်နာရီမှ ယခု လေးနာရီအထိ တိုးတက်ခဲ့ပြီး သင်ခန်းစာတွင်မပါသော လက်တွေ့ကျလူမှုကျင့်ဝတ်များ၊ သိမှတ်ဖွယ် ဗဟုသုတများ၊ ကလေးတို့ ပိုမိုသိရှိနိုင်ရန်၊ သင်ကြားနိုင်ရန် ရည်ရွယ်သည်ဟု သိရသည်။

ရင်သွေးငယ်များ၏ စိတ်ပါဝင်စားမှု၊ စေတနာဆရာမတို့၏ ကြိုးစားသင်ကြားမှု၊ ဆရာတော်၏ပံ့ပိုးမှုများနှင့် တိုးတက်စည်ပင်လာသည့် ဓမ္မစကူးမှ အနာဂတ်မျိုးဆက်သစ်ရတနာလေးများ ပွင့်လန်းလာတော့မည်မှာ မဝေးတော့ပါကြောင်း လေ့လာမေးမြန်းတင်ပြအပ်ပါသည်။ ■


မောင်ကျော်ထက်လွင်


မမြတ်မြင့်မိုရ်


မမြကြာညိုသင်း


မရွှေယမုံကျော်

# KG သူငယ်တန်း ကျောင်းအပ်နှံမှုများပြား၍ မိဘများအခက်အခဲတွေ့

**မန္တလေး မေ ၂၉**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာ ရပ်ကွက် (၈၆)လမ်းနှင့် (၁၄)လမ်းထောင့်ရှိ အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် KG သူငယ်တန်းအပ်နှံသူများပြား၍ တက်ရောက်ခွင့် မရသူများရှိနေခြင်းကြောင့် မိဘများ အခက်အခဲတွေ့နေရကြောင်း သိရသည်။ မေ ၂၅ ရက်က ကျောင်းအပ်လက်ခံခဲ့ကာ ကျောင်းအပ်နှံမှုမှာ ၄၀၀ ကျော်ရှိခဲ့ပြီး မေ ၂၈ ရက်က ကျောင်းသား ၃၀၀ သာ လက်ခံမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကျောင်းသားမိဘများအနေဖြင့် အခက်အခဲနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

“ကျွန်မတို့သားသမီးတွေ ကျောင်းအပ်နှံရေးသီတင်းပတ် အစနေ့(မေ ၂၅ ရက်)မှာ လိုအပ်တဲ့စာရွက်စာတမ်းအပြည့်အစုံနဲ့ ကျောင်းအပ်ခဲ့တာပါ။ ဒီနေ့ သူငယ်တန်း KG တက်ရောက်ခွင့်ရှိသူများစာရင်း ထုတ်ပြန်ခဲ့တော့ ကျွန်မတို့သားသမီးတွေမပါတာတွေ့ရပါတယ်။ အခုချိန်မှ ကျောင်းပြောင်းအပ်ရင် ကျောင်းတွေက လူပြည့်ကုန်လို့ ကျွန်မတို့မှာ အခက်အခဲဖြစ်ရပါတယ်။ ကျောင်းစတင်အပ်နှံစဉ်က စိစစ်ပြီး အပ်နှံမှုကိုလက်သင့်ခံသင့်ပါတယ်။ တတ်ရောက်ခွင့်လျှောက်လွှာကို အတိုင်းအဆမရှိလက်ခံပြီး လူများနေလို့ ဖြုတ်လိုက်ရတယ်ဆိုတာ ကျောင်းအပ်နှံစဉ်ကပဲ ဖြစ်သင့်ပါတယ်။ ကျွန်မတို့သားသမီးကို ဘယ်မှာအပ်နှံရမှာလဲ။ ကျောင်းတော်တော်များများက လူပြည့်ကုန်လို့ လျှောက်လွှာတွေ ပိတ်ကုန်ချိန်မှ ဒီလိုလုပ်ခံရတာဟာ ပွင့်လင်းမြင်သာမှုမရှိတာပါ။ အဲဒီနေ့မှာပဲ လျှောက်လွှာ တစ်ခါတည်းလက်မခံတာသိရင် တခြားကျောင်းကို သွားအပ်ဖြစ်မှာ”ဟု ကျောင်းတက်ရောက်ခွင့်မရရှိသော ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ပြောင်းလဲလာသောပညာရေးစနစ်အရ ဘာသာရပ်ဆိုင်ရာသင်ကြားခြင်းထက် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားခြင်းဖြစ်သဖြင့် စာသင်ဆောင်လိုအပ်ချက်များရှိနေပြီး သင်ကြားမှုပိုမိုထိရောက်စေရန်အတွက် ယခုကဲ့သို့ ကျောင်းသားဦးရေ ကန့်သတ်ရခြင်းဖြစ်ကာ အဆိုပါကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် ကျောင်းအပ်နှံသောလျှောက်လွှာများ လက်ခံခဲ့ရာမှ ကျောင်းသား ကျောင်းသူ ၃၀၂ ဦးသာ တက်ရောက်ခွင့်ရှိခြင်းဖြစ်သည်။

“အခုလက်ခံထားတဲ့ ကျောင်းသားအရေအတွက် ၃၀၀ ကျော်ဟာ အလွန်များတဲ့ကျောင်းသားဦးရေဖြစ်ပါတယ်။ KG သူငယ်တန်းဟာ အရင်လိုစာသင်ရုံသက်သက်မဟုတ်ဘဲ ကျောင်းသားများဗဟိုပြုပညာရေးစနစ်အဖြစ် ပြောင်းထားတာကြောင့် ဆရာ၊ ကျောင်းသား၊ စာသင်ခန်းနိုင်မှာမဟုတ်ဘူး” ဟု ပညာရေးဌာနမှ အငြိမ်းစားတစ်ဦးက ပြောသည်။



အဆိုပါကျောင်းအား ကျောင်းသားမိဘများအနေဖြင့် အစွဲအလမ်းကြီးမှုကြောင့် လာရောက်အပ်နှံမှုများပြားခြင်းလည်းဖြစ်ကာ ကျောင်းသားဟောင်းများ၏ ညီအစ်ကိုမောင်နှမကို ဦးစားပေးရွေးချယ်ရကြောင်း သိရသည်။

“ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနရဲ့ မူအတိုင်း အပ်နှံခြင်းကို လက်ခံထားတာပါ။ ကျောင်းသားဟောင်း ညီအစ်ကို၊ အမျိုးရှိတဲ့လူကို ဦးစားပေးရွေးချယ်လိုက်တာပါ။ ပညာရေးဝန်ကြီးဌာနကထုတ်ပြန်ထားတဲ့ ပိုစတာတွေလည်း ကပ်ထားပါတယ်။ ကျောင်းသားမိဘတွေကိုက သားသမီးဇောကပ်နေလို့ ဒေါသဖြစ်ကြတာပါ”ဟု အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမော်က ရှင်းလင်းပြောကြားသည်။

**(၀၀၂)**

# ဆားလင်းကြီးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

**ဆားလင်းကြီး မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၈ ရက်က အထက (ဆားလင်းကြီး) ပန်းမြတ်သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းခိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှလှအေးက ပညာရေးနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးထွန်းထွန်းလင်း-ဒေါ်အေးအေးအောင် မိသားစုက စာအုပ်ဒါဇင် ၃၀၊ ဦးကျော်စိုးလှိုင်က ၁၀ ဒါဇင်၊ ကိုကိုဆွေ(ကပ်ဝါးရောင်းဝယ်ရေး)က ၁၀ ဒါဇင်၊ ဦးဆန်းဝင်းက ၁၀ ဒါဇင်တို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဌာနမှ (အခမဲ့) ဖြန့်ဝေထားသော ပစ္စည်းများအား ပေးအပ်ကြောင်း သိရသည်။

**အောင်သီဟ(ဆားလင်းကြီး)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အငှားအိမ်ရာတိုက်ခန်းများ ငှားရမ်း၊ တန်ဖိုးသင့်အိမ်ရာများ ဇွန်လဆန်းမှ စတင်အကောင်အထည်ဖော်မည်

**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၈) မြို့ရှောင်လမ်းမဘေးတွင် တည်ဆောက်ပြီးစီးသော အခန်းလေးခန်းတွဲပါ လေးထပ်တိုက်အိမ်ရာ ခုနစ်လုံးရှိ နေအိမ်အခန်းများကို အငှားစနစ်ဖြင့် စီမံဆောင်ရွက်ထားပြီဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးတွင် လက်ရှိ တာဝန်ထမ်းဆောင်နေပြီး ပဲခူးမြို့တွင် အခြေချနေထိုင်လိုသော အငြိမ်းစားယူရန် နှစ်နှစ်အလိုဝန်ထမ်းများ၊ ပဲခူးမြို့တွင် အိမ်ပိုင်မရှိသဖြင့် အိမ်ငှားနေထိုင်လျက်ရှိသော အငြိမ်းစားဝန်ထမ်းများနှင့် ပဲခူးမြို့တွင် အနည်းဆုံးငါးနှစ်ဆက်တိုက်နေထိုင်ပြီး အိမ်ပိုင်မရှိသော အိမ်ငှားနေထိုင်သူများအား ဦးစားပေး လျှောက်လွှာခေါ်ယူ၍ မဲစနစ်ဖြင့် အငှားချထားခြင်းဖြစ်သည်။

"လူနေတိုက်ခန်း အကျဉ်း၊ အကျယ်အပေါ် မူတည်ပြီး ဈေးသတ်မှတ်ထားတယ်။ တိုက်ခန်းအကျဉ်းဆိုတစ်လ ကျပ် ၂၅၀၀၀ ကျသင့်ပြီး တိုက်ခန်းအကျယ်က ကျပ် ၃၀၀၀၀ ပေးနေရတယ်။ အပြင်ငှားနေရတာထက် အဆင်ပြေပါတယ်။ ရေ၊ မီးစုံပါတယ်"ဟု အငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောသည်။

အိမ်ပိုင်မရှိသူများအား ငါးနှစ်စာချုပ်ချုပ်ဆိုပြီး သတ်မှတ်အခန်းတန်ဖိုးအလိုက် အငှားစာချုပ်ဖြင့် ငှားရမ်းနေထိုင်ခွင့် ပြုထားသည်။

"အငှားစနစ်နဲ့နေထိုင်ခွင့် ပြုထားတာပါ။ နှစ်ရှည်ပိုင်ဆိုင်ခွင့်ပုံစံ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အပြင်မှာ ငှားရမ်းနေထိုင်ရတာထက် အဆင့်မြင့်အိမ်ရာဖြစ်ပါတယ်။ အိပ်ခန်း၊ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာ အားလုံးပါတယ်"ဟု အိုးအိမ်တာဝန်ရှိသူ တစ်ဦးက ပြောသည်။

အငှားအိမ်ရာကို အစိုးရကပိုင်ဆိုင်ပြီး စာချုပ်စည်းကမ်းအရ ရေ၊ မီးခွန်နှင့် သန့်ရှင်းရေးခွန်များပါ တိုက်ခန်းငှားရမ်းသူက ပေးဆောင်ရမည်ဖြစ်သည်။

"အိမ်ခန်းအထပ်ပေါ် မူတည်ပြီး အိမ်ခန်းတန်ဖိုးသတ်မှတ်ရင် ပိုအဆင်ပြေမယ်။ အခုလည်း အဆင်မပြေလို့ မဟုတ်ပါဘူး"ဟု တိုက်ခန်းငှားနေထိုင်သူ အငြိမ်းစားတစ်ဦးက ပြောသည်။



ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တန်ဖိုးသင့်အိမ်ရာများကို ထပ်မံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအနေဖြင့် တန်ဖိုးသင့်အိမ်ရာများကို ဇွန်လဆန်းမှ စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၂၈)**

# လုပ်အားဆု ချီးမြှင့်ပွဲနှင့် ယာဉ်လုပ်သားဝတ်စုံပေးအပ်

**ရန်ကုန် မတ် ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၅ ခုနှစ်အတွက် လုပ်အားဆု၊လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်ပွဲနှင့် ယာဉ်လုပ်သားဝတ်စုံ အခမဲ့ပေးအပ်ခြင်း အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီက မ. ထ. သ ဗဟိုသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က အမှာစကားပြောကြားပေးပြီး မြောက်ပိုင်းခရိုင် မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ယာဉ်မောင်း ယာဉ်လုပ်သားများအနေဖြင့် ခရီးသွားပြည်သူများအား ချိုသာစွာဆက်ဆံရန်၊ ယာဉ်လုပ်သားများအား စည်းကမ်းလိုက်နာကြရန် ပြောကြားပြီး ၂၀၁၅ ခုနှစ် အတွက် လုပ်အားဆု၊ လုပ်အားယှဉ်ပြိုင်ဆု၊ ယာဉ်လုပ်သားဝတ်စုံများကို (ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် စုစုပေါင်း ၄၅၀ တက်ရောက်ခဲ့သည်။ ယာဉ်လုပ်အား ယှဉ်ပြိုင်ဆု၊ ယာဉ်လုပ်သားဝတ်စုံ အခမဲ့ပေးခြင်း စုစုပေါင်း ငွေကျပ် ၇၅၄၉၀၀၀၀ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(ငွေးကြိုင်)**

# လယ်ယာသုံးစက်ကိရိယာများ အခမဲ့ကွင်းဆင်းပြုပြင်

**လယ်ဝေး မေ ၂၉**

စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၇) စက်မှုလယ်ယာစခန်း လယ်ဝေးမြို့နယ်အနေဖြင့် တောင်သူပိုင်လယ်ယာသုံး စက်ကိရိယာများ မိုးသီးနှံအချိန်မီ စက်စွမ်းအားပြည့် လုပ်ငန်းခွင်ဝင်ရောက်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုလယ်ယာ စက်ပြင်ဝန်ထမ်းများဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ စက်ကိရိယာပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာတွင် မေ ၂၆ ရက်မှ စတင်၍ စက်ကိရိယာပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လိုအပ်သော စက်အပိုပစ္စည်းတချို့အား ဌာနမှ ပံ့ပိုးကူညီပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေကို နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန တိုင်ဦးစီးမှူး ဦးကျော်စိုး၊ ဒက္ခိဏခရိုင် ဦးစီးမှူး ဦးဝင်းသန့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဇော်ဦးတို့က လှည့်လည်ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# မန္တလေးဈေးချိုတော် ရတနာပုံ လူကူးခုံးကျော်တံတားဖျက်သိမ်း

**မန္တလေး မေ ၂၉**

မန္တလေးဈေးချိုတော် (၈၄) လမ်းကိုဖြတ်၍ (၂၇) လမ်းမြောက်ဘက် တိုက်တန်း၊ တောင်ဘက်တိုက်တန်းများကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရတနာပုံလူကူးခုံးကျော်တံတားကို မေ ၂၈ ရက် ည ၇ နာရီမှစတင်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ တာဝန်ခံအင်ဂျင်နီယာများ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ စက်ယန္တရားအင်အား၊ လုပ်သားအင်အားတို့ဖြင့် ဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ် (၈၄) လမ်းနှင့် (၂၇) လမ်းဆုံယာဉ်ကြောကျပ်တည်းမှုနှင့် သုံးစွဲသူနည်းပါးခြင်းကြောင့် ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများက တင်ပြလာသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဖျက်သိမ်းခြင်းဖြစ်သည်။

ဈေးချိုတော်အသစ် ပြန်လည်တည်ဆောက်ပြီးနောက် (၂၆) လမ်းမှ (၂၈) လမ်းအတွင်း (၈၄)လမ်းတွင် အလယ်မှသံဆန်ခါများတပ်ဆင်ပြီး နှစ်လမ်းမောင်းအဖြစ် အသုံးပြုခဲ့ရာ ဈေးချိုလာရောက်သူများ၊ ယခင်မြန်မာ့ကုန်တိုက်သို့ ဈေးဝယ်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်စေရေးအတွက် လူကူးခုံးကျော်တံတားကို တည်ဆောက်ခဲ့သည်။ ယခုအခါ ယာဉ်သုံးစွဲမှုများပြားလာပြီး ဈေးချိုယာဉ်ကြောရှုပ်ထွေးမှု မရှိစေရေးအတွက် (၈၄)လမ်း (၂၆)လမ်းနှင့် (၂၈)လမ်းအား တစ်လမ်းမောင်းစနစ်သတ်မှတ်ခဲ့ပြီး လမ်းလယ်မှ သံဆန်ခါများ ဖြုတ်သိမ်းခဲ့သဖြင့် ရတနာပုံလူကူးခုံကျော်တံတားကို အသုံးပြုမှုမရှိကြောင်း သိရသည်။

တံတားဖျက်သိမ်းရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဈေးပိတ်ရက်ဥပုသ်နေ့ပြီးစီးရေး စက်ယန္တရားကြီးများ၊ လုပ်သားအင်အားများဖြင့် နေ့ဆိုင်းညဆိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# လူမှုရေးရာ အသိပညာပေးဆွေးနွေး

**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး လူမှုရေးရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး လူမှုရေး၊ စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က လည်းကောင်း၊ အမျိုးသမီးရေးရာများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်းကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခက်ခက်ရှိန်က လည်းကောင်း၊ မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးနှင့်ပတ်သက်၍ ဦးစီးအရာရှိ ဒေါ်ရီမာတင်ကလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင် အဆင့်ဌာနဆိုင်ရာများမှ စုစုပေါင်း ၅၀ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# စာပေဟောပြောပွဲနှင့် ဆုပေးပွဲ ကူမဲ၌ ကျင်းပ

**မြစ်သား မေ ၂၉**

စာပေဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ပုံဆွဲဆုများ ချီးမြှင့်ပွဲကို မေ ၂၈ရက် နံနက် ၉ နာရီက မြစ်သားမြို့နယ် စာပန်းဥယျာဉ် ကူမဲစာကြည့်တိုက်တွင် ကျင်းပကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် စာကြည့်တိုက်နာယက ဦးခင်မောင်လှ၊ ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က စာပေရေးရာများ ပြောကြားခဲ့ပြီး မေလတစ်လလုံး ပါဝင်ဆင်နွှဲကြသော လူငယ်များအား တာဝန်ရှိသူများက စာစီစာကုံး၊ ကဗျာ၊ ပုံဆွဲဆုများ ချီးမြှင့်ပေးခဲ့သည်။ ထို့နောက် စာရေးဆရာ ချစ်စရာ(မန္တလေး)က စာဖတ်ကြပါ ခေါင်းစဉ်ဖြင့်ဟောပြောခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

# ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် သက်ရှာမှ မြန်မာ့ရိုးရာမြေထည်လုပ်ငန်း

**ရေစကြို မေ ၂၉**

ရေစကြိုမြို့နယ်အတွင်းမှ သက်ရှာကျေးရွာသည် တစ်ရွာလုံးနီးပါး မြန်မာ့ရိုးရာမြေထည်လက်မှုပညာအိုးလုပ်ငန်းကို လုပ်ကိုင်ကြသော ရွာတစ်ရွာဖြစ်သည်။

သက်ရှာကျေးရွာသည် ရေစကြို- ပခုက္ကူကားလမ်းဘေးကပ်လျက် တည်ရှိသဖြင့် ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများ လွယ်လင့်တကူဝင်ရောက်လေ့လာနိုင်သောနေရာဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားများ မကြာခဏ ကြည့်ရှုလေ့လာကြောင်း ဒေသခံများက ပြောသည်။

အလားတူ မေ ၂၈ ရက် နံနက်ပိုင်းကလည်း ပြင်သစ်နိုင်ငံသား ကိုးဦးတို့သည် Myanmar Toures ခရီးသွားလုပ်ငန်းအစီအစဉ်ဖြင့် မုံရွာမြို့မှ ပုဂံမြို့သို့အသွား ရေစကြိုမြို့နယ် သက်ရှာကျေးရွာ မြန်မာ့ရိုးရာမြေထည် လက်မှုပညာအိုးလုပ်ငန်းခွင်တွင် အိုးလုပ်ရန် ခြေနင်းမောင်းဆုံဖြင့် မြေထောင်းနေပုံ၊ အိုးလုပ်နေပုံများကို စိတ်ဝင်စားစွာလေ့လာကြပြီး အသက် (၈၆) နှစ်ရှိ အဘွားဒေါ်ချစ်အုံနှင့် အမှတ်တရဓာတ်ပုံများရိုက်ပြီး သိလိုသည်များကိုလည်း မေးမြန်း၍ လက်ဆောင်ပစ္စည်းများကိုလည်း ပေးကြသည်။ အဆိုပါ သက်ရှာကျေးရွာမှ သောက်ရေအိုးအမျိုးမျိုး၊ ပန်းအိုးအမျိုးမျိုး၊ ဟင်းချက်အိုးအမျိုးမျိုး၊ အင်တုံအမျိုးမျိုးနှင့် မြူအိုးများကို ပြုလုပ်ကြပြီး လွန်ခဲ့သောနှစ် ၁၀၀ ကျော်ကတည်းက မြန်မာ့ရိုးရာမြေထည် လက်မှုပညာ ထွန်းကားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။ **(ဖေထွက်းဇော်)**

**(ယာပုံ)**



## ပြင်ဆင်သိမှတ်ပါရန်

၂၉-၅-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြပါရှိသည့် **"အိန္ဒိယ-ကော့ကရိတ်လမ်းအပိုင်း အဆင့်မြှင့်တင်ရေးသတင်း"**၏ တတိယစာပိုဒ်တွင် **"အာရှဖွံ့ဖြိုးရေးရန်ပုံငွေ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀၊ အာဆီယံအခြေခံအဆောက်အအုံ ရန်ပုံငွေ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀"** ဟု ပြင်ဆင်သိမှတ်ပါရန်။ **(စာတည်း)**

# ၂၀၁၅ အထွေထွေရွေးကောက်ပွဲစောင့်ကြည့်ရေးအစီရင်ခံစာ မျှဝေခြင်းနှင့် ဆွေးနွေးခြင်းကို မုံရွာမြို့၌ ကျင်းပ

**မုံရွာ မေ ၂၉**

နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ဘက်မလိုက်သည့်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းပေါင်း ၁၆၀ က သဘောတူလက်မှတ်ထိုးထားသည့် ဘက်မလိုက်သော ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များ လိုက်နာရမည့် ကမ္ဘာလုံးဆိုင်ရာ ကြေညာစာတမ်းကို ၂၀၁၄ ခုနှစ်တွင် ပါဝင် လက်မှတ်ရေးထိုးထားသော PACE အဖွဲ့၏ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲစောင့်ကြည့်ရေး အစီရင်ခံစာမျှဝေခြင်းနှင့် ဆွေးနွေးခြင်း အခမ်းအနားကို မေ ၂၈ ရက်က မုံရွာမြို့ Light House တွင် ကျင်းပသည်။

People's Alliance For Credible Elections (PACE) အဖွဲ့သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၅ ရွေးကောက်ပွဲစောင့်ကြည့်ရေးလုပ်ငန်းကို စေတနာလုပ်အားရှင် ၂၀၀၀ ခန့်ဖြင့် လုပ်ကိုင်ခဲ့သည်။ စောင့်ကြည့်ရေးဆိုသည်မှာ မဲဆန္ဒရှင်စာရင်းကပ်ခြင်း၊ မဲဆန္ဒရှင်ပညာပေးခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲနေ့ မဲပေးခြင်းလုပ်ငန်းအားလုံးကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ ညှိနှိုင်းရေးမှူး ကိုဇော်သူရိန်ထွန်းထံမှ သိရသည်။

"PACE အဖွဲ့ဟာ အစိုးရမဟုတ်တဲ့ လွတ်လပ်တဲ့ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အရပ်ဘက်အဖွဲ့အစည်းဖြစ်ပါတယ်။ ရွေးကောက်ပွဲဖြစ်စဉ်မှာ အများပြည်သူရဲ့အခွင့်အရေးကိုကာကွယ်ရင်း ကိုယ်တိုင်ပါဝင်လှုပ်ရှားလာရေးတို့ကို မြှင့်တင်တဲ့အနေနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အင်စတီကျူးရှင်းတွေ ပိုမိုအားကောင်းလာစေဖို့ရည်မှန်းပြီး ၂၀၁၃ ခုနှစ် ရန်ကုန်မှာ စတင်ထူထောင်ခဲ့တာဖြစ်ပါတယ်။ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို တစိုက်မတ်မတ်လေ့လာပြီး ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနဲ့ ပြည်သူပြည်သားအားလုံးပါဝင်နိုင်မှုအတွက် ရွေးကောက်ပွဲနဲ့ပြည်သူ့နီတိဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနဲ့ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွေကို အဓိကထားဆောင်ရွက်ခဲ့ကြပါတယ်။ PACEအဖွဲ့ဟာ လူ့အခွင့်အရေးကို တန်ဖိုးထားပြီး လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များနဲ့အညီ လူမျိုး ဘာသာ ကျား-မ ခွဲခြားမှုမရှိဘဲ အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ကိုဇော်သူရိန်ထွန်းက ပြောသည်။

PACE သည် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်မှ ၁၈ ရက်အတွင်း ပြုလုပ်ခဲ့သော မဲဆန္ဒရှင် စာရင်းပြုစုခြင်း ရွေ့ပြောင်းစီမံချက်အား လုပ်အားပေးဝန်ထမ်း ၇၀ ကျော်ဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် စောင့်ကြည့်လေ့လာခဲ့ပြီး ၂၀၁၅ ခုနှစ် မေလတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအခင်းအကျင်းနှင့် ပတ်သက်၍ ကြိုတင်သိရှိနိုင်ရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံလူထုသဘောထားစစ်တမ်းကို လုပ်အားပေးဝန်ထမ်း ၅၀၀ ခန့်ဖြင့် တွေ့ဆုံမေးမြန်းမှု ၃၀၀၀ ကျော် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

PACE သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ဖြစ်စဉ်အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စောင့်ကြည့်လေ့လာခဲ့ရာ မဲဆန္ဒရှင်စာရင်း ကြေညာပြသခြင်း၊ မဲဆွယ်စည်းရုံးရေးများ၊ ကြိုတင်မဲကောက်ယူခြင်း၊ မဲဆန္ဒရှင် သက်သေခံကတ်ပြား ဝေငှခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးခြင်းဖြစ်စဉ်တို့အား ကာလရှည် စောင့်ကြည့်လေ့လာသူ ၁၂၉ ယောက်နှင့် ကာလတိုစောင့်ကြည့်လေ့လာသူ ၂၀၀၀ ခန့်ဖြင့် စောင့်ကြည့်လေ့လာခဲ့ကြောင်းသိရသည်။ ရွေးကောက်ပွဲစောင့်ကြည့်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ ပြုပြင်ပြောင်းလဲရေးနှင့် ပြည်သူ့နီတိသင်တန်းများပို့ချခြင်း စသည့်အစီအစဉ်များကို အကောင်အထည် ဖော်ခြင်းဖြင့် လွတ်လပ်စွာ မဲပေးပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့် စသည့်နိုင်ငံသားများ၏ နိုင်ငံရေးအခွင့်အရေးများနှင့် ပြည်သူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရန် PACE အဖွဲ့ကရည်မှန်းထားကြောင်း သိရသည်။

မုံရွာမြို့တွင် ကျင်းပသော ၂၀၁၅ အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်ရေးအစီရင်ခံစာမျှဝေခြင်းနှင့် ဆွေးနွေးခြင်းကို PACE ညှိနှိုင်းရေးမှူး ကိုကျော်ဇင်ထိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ညှိနှိုင်းရေးမှူး ကိုဇော်သူရိန်ထွန်းတို့က ဦးဆောင်ဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်သူ နိုင်ငံရေးပါတီဝင်များနှင့် လေ့လာသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဖျာပုံမြို့နယ် သမိန်ထောကျေးရွာ၌ ဆေးကုသရေးအဖွဲ့က အခမဲ့ဆေးကုသပေးခဲ့

**ဖျာပုံ မေ ၂၉**

ဖျာပုံခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် မေ ၂၈ ရက် နံနက် ၈ နာရီက ဖျာပုံမြို့နယ် သမိန်ထောကျေးရွာအရောက် သွားရောက်ကာ လူနာများအား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။



ဖျာပုံခရိုင်ဆေးရုံအုပ်ကြီးနှင့်အတူ ဖျာပုံခရိုင် ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးမှ အထွေထွေ၊ ခွဲစိတ်၊ သားဖွားနှင့်မီးယပ်၊ ကလေး၊ အရိုးအကြော၊ သွားနှင့်ခံတွင်း၊ မျက်စိနှင့်ပတ်သက်သော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များပါဝင်ကာ သမိန်ထောကျေးရွာရှိ အထွေထွေ၊ သားဖွားနှင့်မီးယပ်၊ သွားနှင့်ခံတွင်း၊ အရေပြား၊ အရိုးအကြော၊ ကလေး၊ ခွဲစိတ်စသည့် လူနာများအား အခမဲ့စမ်းသပ်ဆေးကုသပေးခဲ့ကြသည်။

"အခုလို အထူးကုဆရာဝန်တွေကိုယ်တိုင်လာပြီး ဆေးကုသပေးတဲ့အတွက် ဝမ်းသာပါတယ်။ မြို့သွားမယ်ဆို သွားလာရအခက်အခဲတွေရှိတဲ့အတွက် တော်ရုံနဲ့ ဆေးမပြဖြစ်ပါဘူး။ ခုတော့ ကိုယ့်ဒေသမှာတင် လွယ်လွယ်ကူကူပြခွင့်၊ ကုသခွင့်ရလို့ ကျေးဇူးတင်ပါတယ်"ဟု သမိန်ထောကျေးရွာမှ ဦးဝင်းဦးက ပြောသည်။

"ကျွန်မတို့အနေနဲ့ အထူးကုဆရာဝန်ကြီးတွေနဲ့ မြို့အထိ လာရောက်မပြသနိုင်တဲ့ ကျေးလက်တောရွာက ပြည်သူတွေရဲ့ လိုလားချက်တွေကို ဖြည့်ဆည်းပေးဖို့နဲ့ ကျေးလက်နှင့်မြို့ပြကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေ ကွာဟမှုမရှိဘဲ တစ်ပြေးညီဖြစ်စေဖို့ ရည်ရွယ်ပါတယ်။ နောင်မှာလည်း ဒီလို အထူးကုဆရာဝန်တွေပါဝင်တဲ့ ဆေးကုသပေးခြင်းကို ဆက်လက်ကွင်းဆင်းလုပ်ဆောင်သွားဖို့ စီစဉ်ထားပါတယ်"ဟု ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာစိန်စိန်က ပြောသည်။

အဆိုပါဆေးကုသခြင်းအတွက် ဆေးဝါးကုန်ကျစရိတ်ငွေကျပ် ၁၂ သိန်းကျော်ကို P T T E P ရေနံကုမ္ပဏီက လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## RBE ရထားတွဲလေးဆိုင်းကို တိုးကြောင်လေး၊ မင်္ဂလာဒုံနှင့် လှော်ကားဘူတာသို့ အစားထိုးပြေးဆွဲပေးမည်

**ရန်ကုန် မေ ၂၉**

မြန်မာ့မီးရထားလုပ်ငန်းက RBE ရထားတွဲလေးဆိုင်းကို တိုးကြောင်လေး၊ မင်္ဂလာဒုံနှင့် လှော်ကားဘူတာသို့ မကြာခင်အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ်(၇) သွားလာရေးဌာန လက်ထောက်အထွေထွေမန်နေဂျာဦးကျော်စိုးလင်းက ပြောသည်။

ပြေးဆွဲပေးရာတွင် တိုးကြောင်လေးနှစ်ဆိုင်း၊ မင်္ဂလာဒုံတစ်ဆိုင်းနှင့် လှော်ကားဘူတာသို့ တစ်ဆိုင်း အသီးသီးပြေးဆွဲပေးမည်ဖြစ်ကာ လက်မှတ်ခအနေဖြင့် မည်သို့ကောက်ခံမည်ကို ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။

"လက်မှတ်ခကိုတော့ ၁၅ မိုင်ကို ကျပ် ၁၀၀ နဲ့ ၁၅ မိုင်ကျော်ရင် ကျပ် ၂၀၀ ကောက်ခံဖို့ စီစဉ်ထားတယ်။ အခုလို ကောက်ခံဖို့အတွက်လည်း ပြည်သူတွေဆီက အကြံပြုချက်တွေ တောင်းခံထားတယ်။ မြန်မာ့မီးရထားတိုင်းအမှတ်(၇)သွားလာရေးဌာနကို လာရောက်ပြီးအကြံပြုလို့ ရပါတယ်။ RBE ရထားတွဲလေးဆိုင်းကိုလည်း ဒီစနစ်ဆောင်ရွက်တာနဲ့ တစ်ပြိုင်နက်ပြေးဆွဲပေးသွားမှာပါ။ ဒီအတွက် တွဲတွေကရှိပြီးသားပါ"ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော RBE အဲကွန်းရထားများသည် သက်တမ်းကြာမြင့်နေသဖြင့် မေ ၉ ရက်တွင် အဆိုပါရထားများကို အဲကွန်းမပန်ကာများ အစားထိုးပြောင်းလဲတပ်ဆင်၍ ယခင် ကျပ် ၃၀၀ မှ ကျပ် ၂၀၀ သို့ ပြောင်းလဲကောက်ခံခဲ့ခြင်းဖြစ်သည်။

ထိုသို့ မြို့ပတ်ရထားလမ်းပိုင်းတွင် အဲကွန်းရထားပြေးဆွဲမှုကို ရပ်ဆိုင်းထားသော်လည်း နောက်ပိုင်းကာလများတွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ အရည်အသွေးမြင့် RBE အဲကွန်းရထားများကိုတင်သွင်းကာ မြို့ပတ်ရထားလမ်းပိုင်း၌ အစားထိုးပြေးဆွဲသွားရန် စီမံချက်များ ချမှတ်ထားကြောင်း၊ မြို့ပတ်ရထားလမ်းပိုင်း၌ပြေးဆွဲရန် မြန်မာနိုင်ငံအတွက် သီးသန့်ထုတ်လုပ်ထားသည့် ဂျပန်နိုင်ငံမှ RBE ရထားတွဲဆိုင်းသစ်များကိုလည်း မှာယူထားပြီးဖြစ်ရာ ၂၀၁၈ ခုနှစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ ရထားစီးရေ ၂၃ ဆိုင်းဖြင့် နေ့စဉ်အခေါက်ရေ ၂၁၅ ခေါက် ပြေးဆွဲပေးလျက်ရှိသည်။ **(ရဲဝင်း)**

## ၂၁ ရာစု ပင်လုံညီလာခံ

နိုင်ငံတော်စင်ပေါ်
၆၈ နှစ်ကြာ
ဟသ်ာကိုးသောင်း ဇာတ်တော်ကြီး
ခင်းခဲ့ကြလို့။

သေနတ်သံတွေ တဒိန်းဒိန်း
အမြောက်သံတွေ တဂျိမ်းဂျိမ်း
ဗုံးသံတွေ တခြိမ်းခြိမ်း
ယမ်းခိုးယမ်းငွေ့တွေ တလူလူ
ငိုသံတွေ သောသောည်
မျက်ရည်တွေ တဝေဝေ
သွေးစက်တွေ နီနီရဲ
နိုင်ငံတော် အကျည်းတန်။

နိုင်ငံတော် ပြန်လှအောင်
ဘာလုပ်ကြမလဲ
ဘယ်လိုလုပ်ကြမလဲ။

အပေး အယူ
အသွေး အတူ
အရေး အကူ
ကြည်ဖြူမှုတ
ညီညွတ်ကြရင် . . .။

နိုင်ငံတော်ပေါ်
ချိုးဖြူ ပျံသန်း
အလှလွှမ်း . . .။

ရိုစ်



# ကန်သာယာအဆင့်မြင့် ရုပ်ရှင်ရုံသစ်ဖွင့်လှစ်

**ရန်ကုန် မေ ၂၉**

ရုပ်ရှင်ဝါသနာရှင်များအတွက် နာမည်ကြီး ရုပ်ရှင်ဇာတ်ကားကောင်းများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ရန် Royal Ace Mega ကုမ္ပဏီက ကန်သာယာအဆင့်မြင့် ရုပ်ရှင်ရုံသစ်ကြီးကို မေ ၂၅ ညနေ ၅ နာရီက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Kantharyar Shoppingmall ၌ ဖွင့်လှစ်လိုက်သည်။

Royal Ace Mega ကုမ္ပဏီလီမိတက်မှ မမြဖြိုးဝေက "Royal Ace Mega ကုမ္ပဏီက ဖွင့်လှစ်တဲ့ Mega Ace ရုပ်ရှင်ရုံပေါ့။ မြောက်ဥက္ကလာပရိသတ်တွေအတွက် အဓိက ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ အကုန်လုံးက ဒစ်ဂျစ်တယ်စနစ်နဲ့သွားတာ၊ ဇာတ်ကားတွေကတော့ နိုင်ငံခြားဇာတ်ကား၊ မြန်မာဇာတ်ကားတွေပြသွားမယ်။ ရုပ်ရှင်ကြည့်ပရိသတ်တွေ စိတ်ကျေနပ်ပျော်ရွှင်မယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက "ဒီလိုရုပ်ရှင်ရုံတွေ တစ်နိုင်ငံလုံးမှာ ၄၀ ကျော်လောက်ရှိတယ်။ နောင်လည်း ရုပ်ရှင်ရုံတွေ ဆက်တိုးဖို့အလားအလာရှိတယ်။ ကျွန်တော်တို့ဆီကို ရုပ်ရှင်ရုံတွေဆောက်မယ်။ ဘယ်လိုအကူအညီပေးနိုင်မလဲဆိုပြီး ကမ်းလှမ်းလာတာရှိတယ်။ ပြန်ကြားရေးက ရုပ်ရှင်ရုံတွေ ရောင်းထားတာ၊ ငှားထားတာတွေရှိတယ်။ မလုပ်နိုင်ရင် ပေါင်းစပ်လုပ်ရမှာပေါ့။ ဒီနှစ်အတွင်းမှာကို ခြောက်ရုံလောက် ဆက်ဖွင့်ဖို့ရှိတယ်။ ရုပ်ရှင်ရုံတွေ များများပေါ်လာတော့ ပြည်သူတွေ စိတ်အပန်းဖြေအနားယူဖို့ ရတာပေါ့" ဟု ပြောသည်။

ယနေ့ဖွင့်လှစ်သည့် ကန်သာယာအဆင့်မြင့် ရုပ်ရှင်ရုံကြီးတွင် 2D, 3D ရုပ်ရှင်ပေါင်း သုံးရုံပါရှိပြီး ကောင်းမွန်သော အသံစနစ်၊ အလင်းစနစ်၊ကျယ်ဝန်းသော ခေတ်မီထိုင်ခုံများ ခင်းကျင်းထားမှုများနှင့် သင့်တင့်မျှတသော လက်မှတ်ဈေးနှုန်းဖြင့် ရုပ်ရှင်ကြည့်ပရိသတ်များအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး အဆိုပါ ရုံသုံးရုံလုံးတွင် ဇာတ်ကားသုံးကား တစ်ပြိုင်နက်တည်း ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ရွှေမင်းသမီး ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးသက်လွင်က "အခုလို ရုပ်ရှင်ရုံတွေပေါ်လာတော့ ကျွန်တော်တို့ ရုပ်ရှင်ထုတ်လုပ်သူတွေအနေနဲ့ အရမ်းဝမ်းသာတယ်။ တစ်ချိန်က ရွှေမန်းရုပ်ရှင်ရုံလုပ်ခဲ့တယ်။ ရုပ်ရှင်ရုံသမားတွေရဲ့ ရင်းနှီးမြုပ်နှံမှုက ဘယ်လောက်အရင်းအနှီးကြီးတယ်ဆိုတာသိတယ်။ ဒီလိုရုံတွေတိုးလာတဲ့အခါမှာ အလွန်အဆင်ပြေတယ်။ ထုတ်လုပ်သူတွေအနေနဲ့လည်း နောက်ပိုင်းမှာ ဒီထက်မက ရုပ်ရှင်ကားတွေထုတ်လို့ရသွားပြီ။ ရုပ်ရှင်ကားတွေက ရိုက်ထားတာ ရာဂဏန်းလောက်ရှိနေပြီ။ ပြဖို့စောင့်နေရတယ်။ ဒီလိုရုပ်ရှင်ရုံတွေ အများကြီးပေါ်လာတဲ့အခါကျတော့ စောင့်စရာမလိုတော့ဘူး။ ပြည်သူတွေအတွက်ရော အားလုံးအတွက် ကောင်းတာပေါ့" ဟု ပြောသည်။

ကန်သာယာအဆင့်မြင့် ရုပ်ရှင်ရုံဖွင့်ပွဲသို့ လာရောက်ကြည့်ရှုသည့် ပရိသတ်များအား နာမည်ကျော်အနုပညာရှင်များဖြစ်သည့် နေတိုး၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်၊ အေးဝတ်ရည်သောင်းတို့က အမှတ်တရလက်မှတ်များ လာရောက် ရေးထိုးပေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် လိုင်စင်ရယူထားသည့် ရုပ်ရှင်ရုံပေါင်း ၈၈ ရုံရှိပြီး ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသသည့် ရုံ ၄၆ ရုံရှိကြောင်း ကျန်သည့်ရုပ်ရှင်ရုံများမှာ ဖလင်ဖြင့်ပြသသည့် ရုံများဖြစ်ကြောင်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ သိရသည်။

**(သတင်း-သီသီမင်း။ ဓာတ်ပုံ-နေလင်း)**






# ဂျက်စီကာ၏ ပထမဆုံးတစ်ကိုယ်တော်အယ်လ်ဘမ် Music Charts အတော်များများတွင် ထိပ်ဆုံးမှနေရာယူ

တောင်ကိုရီးယားနွယ်ဖွားအနုပညာရှင်တစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံတွင် အခြေစိုက်ကာ စီးပွားရေးလုပ်ငန်းများ၊ ဖက်ရှင်ဒီဇိုင်နာ၊ တေးရေးဆရာနှင့် သရုပ်ဆောင်လုပ်ငန်းများလုပ်ကိုင်လျက်ရှိသူ ဂျက်စီကာ၏ မေ ၁၇ ရက်က ထွက်ရှိခဲ့သည့် With Love, J အမည်ရှိ တေးအယ်လ်ဘမ်သည် ပရိုမိုးရှင်းပွဲစဉ်များမပြုလုပ်ရသေးခင်မှာပင် Music Charts အတော်များများ၌ ထိပ်ဆုံးမှနေရာယူကာ အောင်မြင်မှုရရှိနေကြောင်းသိရသည်။

ဂျက်စီကာ၏ ပထမဆုံးအယ်လ်ဘမ်ဖြစ်သည့် အဆိုပါတေးအယ်လ်ဘမ်သည် Hanteo နှင့် Gaon ဂီတဇယားများတွင် နံပါတ်တစ်အဖြစ် ထိပ်ဆုံးမှရပ်တည်နေပြီး Title သီချင်းဖြစ်သည့် Fly သီချင်းမှာ ဂီတဇယားအတော်များများနှင့် Billboard's World Albums chart တွင်လည်း ထိပ်တန်းမှရပ်တည်နေသည်။

ထွက်ရှိပြီး ရက်သတ္တတစ်ပတ်ကြာသာရှိသေးသော အဆိုပါအယ်လ်ဘမ်၏ ရောင်းအားမှာ အချပ်ရေပေါင်း ခုနစ်သောင်းခန့်ရှိပြီး အမျိုးသမီးတစ်ကိုယ်တော်တေးသံရှင်တစ်ဦးအနေဖြင့် ယခုနှစ်အတွက် ရောင်းအားအကောင်းဆုံးသော အယ်လ်ဘမ်တစ်ခု ဖြစ်လာခဲ့သည်။

ယင်းအတွက် ဂျက်စီကာ၏အေဂျင်စီဖြစ်သော Coridel အင်န်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက "အားပေးကြတဲ့ပရိသတ်ကြီးနဲ့ အထောက်အပံ့ပေးခဲ့ကြသူအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလို ဂျက်စီကာရဲ့သီချင်းတွေ ထိပ်ဆုံးကိုရောက်လာတာဟာ ကောင်းမွန်တဲ့ရလဒ်ပါ။ ကျွန်တော်တို့ဘက်ကလည်း ပရိသတ်တွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ပရိသတ်တွေ့ဆုံပွဲအတွက် မတူညီတဲ့ပုံစံတွေနဲ့ ကျင်းပပြုလုပ်ပေးသွားဖို့ အစီအစဉ်ရှိပါတယ်။ ဂျက်စီကာကို ဆက်လက်ပြီး အားပေးကြပါဦး"ဟု ပြောကြားခဲ့သည်။

ဂျက်စီကာသည် ၂၀၀၇ ခုနှစ်က တောင်ကိုရီးယား၏ထိပ်တန်းအမျိုးသမီးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Girls' Generation ၏ အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတလှုပ်ရှားမှုများဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် သူ၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်အဖွဲ့မှ နုတ်ထွက်ခဲ့သည်။

**(မျိုးစန္ဒာမောင်)**

## ရုပ်မြင်သံကြားအစီအစဉ်များ
[၃၀ - ၅ - ၂၀၁၆ (တနင်္လာနေ့)]

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၄၀ "ဝိဓုရပညာရှိအကြောင်း" (အပိုင်း-၂) တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၇၇)
၇:၃၀ MRTV-4 သတင်း
၈:၀၀ "မင်္ဂလာပါ" The Morning Show
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၄)
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၀၀ အနုပညာမိုးကောင်းကင်
၁၁:၂၅ သွားမယ်စားမယ်(ရွှေရိုးရာ စတား)
၁၁:၄၅ MRTV-4 Stage
၁၂:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင်(ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၄)
၁၂:၅၀ ရန်ကုန်မြင်ကွင်းကျယ် [Study Abroad (Education Road Show 2016 Press Conference)]
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၃၃)
၃:၄၀ ရန်ကုန်မြင်ကွင်းကျယ်
- Ocean Super Center အမေများနေ့အထိမ်းအမှတ် အကောင်းဆုံးမေမေဆုချီးမြှင့်ခြင်းအခမ်းအနား
- SP Bakery မှ Mango Season Products အသစ်မိတ်ဆက်ပွဲ အခမ်းအနား
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၈)
၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၃၄)
၈:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၅)
၉:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင်(ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၅)
၁၀:၃၀ MRTV-4 Stage
၁၀:၅၅ World of Knowledg (Hitler Secret Attack On America
၁၁:၄၀ သွားမယ်စားမယ် (ရွှေရိုးရာ စတား)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ
"ရေမြင့်သည်ကြာ ပဒုမ္မာသို့"
၆:၃၀ ကာတွန်းအစီအစဉ်"Aladdin" (အပိုင်း-၂)
၇:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းသော နေ့သစ်ဆီ" (အပိုင်း-၇)
၇:၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့အလှတရား" (အပိုင်း-၅၅)
၈:၂၀ တေးဂီတအစီအစဉ်
၈:၄၀ စိတ်ကူးယဉ်ဖန်ဆင်းခြင်း
၉:၁၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉:၃၀ ထန်းတောဗုံ (အပိုင်း-၁)
၉:၄၀ တေးဂီတအစီအစဉ်
၁၀:၁၀ ကျွဲအကာ ကရအောင်
၁၀:၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဝိုးတဝါးပုံရိပ်"
၁၂:၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MWD

၆:၀၃ တရားတော်
၇:၁၆ မေတ္တာပို့
၇:၂၀ ဓမ္မပူဇာတေး
၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၇:၃၅ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈:၁၀ အမျိုးသားရေးတေးကဗျာ
၈:၁၅ ရွှေဟောင်းသုတ
၈:၂၀ DVD Hits
၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉:၀၀ မြဝတီနေ့စဉ်သတင်း
၉:၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၉:၂၀ ကျန်းမာသုတ
၉:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၁၀:၀၀ Casual Talk
၁၀:၁၅ အစွန်းလွတ်ရာဆီသို့
၁၀:၂၅ မေးမြန်းစူးစမ်း
၁၀:၄၅ သီချင်းလက်ဆောင်
၁၁:၀၀ နိုင်ငံတကာသတင်း
၁၁:၁၀ မြန်မာ့ရှုခင်း
၁၁:၂၅ ပျိုပျိုမေ
၁၁:၃၅ Cooking Art
၁၂:၀၀ အောင်မြင်ကျော်ကြားဓာတ်ပြားရတေးများ
၁၂:၁၅ မြန်မာသံစဉ်ချိုနားဝင်
၁၂:၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂:၄၅ Guide For You
၄:၀၂ နိုင်ငံတော်သီချင်း
၄:၀၅ တစ်ပတ်အတွင်းမွေးမြူရေးသတင်း
၄:၁၅ မျိုးချစ်တပ်မတော်
၄:၂၀ စိုက်ပျိုးသုတ
၄:၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မင်းသမီးနဲ့ကျွန်တော် အပိုင်း(၂၅)
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အာရုဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၂၄)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ အမျိုးသားရေးတေးကဗျာ
၆:၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၃၆)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

# ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဖလား(၁၁)ကြိမ်မြောက်ဆွတ်ခူး




ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအဖြစ် မြို့ခံပြိုင်ဘက် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် မေ ၂၉ ရက် နံနက်ပိုင်းက မီလန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုမက်ဒရစ် အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ဖလား(၁၁) ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းခေါင်းဆောင်ရာမို့စ်၏ ပွဲကစားချိန် ၁၅ မိနစ်တွင် သွင်းယူပေးခဲ့သည့် သွင်းဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းစောစီးစွာချေပဂိုးရရှိမည့် ပင်နယ်တီရရှိခဲ့သော်လည်း ဂရစ်ဇ်မန်းက ပင်နယ်တီသွင်းဂိုးလွဲချော်ခဲ့သည်။ သို့ရာတွင် ပွဲကစားချိန် ၇၉ မိနစ်တွင် လူစားဝင်ကစားသမား ကာရက်စ်ကိုက အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် အချိန်ပို မိနစ် ၃၀ ထပ်မံကစားခဲ့သော်လည်း ပွဲရလဒ်သည်ပြောင်းလဲခြင်း မရှိခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။ ထိုသို့ ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းက ငါးဂိုးအထိသွင်းယူနိုင်ခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ဂျူအန်ဖရန်၏ ပင်နယ်တီသွင်းဂိုးလွဲခဲ့ရခြင်းကြောင့် သုံးဂိုးသာရရှိခဲ့သည်။

ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းအား အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ်ဆုဖလားကို(၁၁)ကြိမ်မြောက်အထိ ဆွတ်ခူးနိုင်ခဲ့သည့် စံချိန်တင်သွားခဲ့ပြီဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ကစားသမားဘဝနှင့်ရော နည်းပြဘဝနှင့်ပါ ချန်ပီယံလိဂ်ဖလားရရှိခဲ့သည့် မူနေ့ဇ်ပြီးနောက် ချန်ပီယံလိဂ်ဖလားရယူပေးနိုင်ခဲ့သည့် ဒုတိယမြောက်နည်းပြလည်းဖြစ်လာခဲ့သည်။

ထို့ပြင် ချန်ပီယံလိဂ်သမိုင်းတွင်လည်း ချန်ပီယံလိဂ်ဆုဖလားကိုရယူနိုင်ခဲ့သည့် ပထမဆုံးပြင်သစ်နိုင်ငံသား နည်းပြတစ်ဦးလည်းဖြစ်လာခဲ့သည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ရာမို့စ်သည် ရာအူးလ်၊ အီတူး၊ မက်ဆီနှင့်စီရိုနယ်လ်ဒိုတို့ပြီးပါက မတူညီသည့်ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲနှစ်ကြိမ်တွင် ဂိုးသွင်းယူနိုင်သည့် ငါးဦးမြောက်ကစားသမားလည်းဖြစ်လာခဲ့ပြီး ပထမဆုံး နောက်တန်းကစားသမားလည်းဖြစ်လာခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် ဂရစ်ဇ်မန်းသည် ပင်နယ်တီလွဲခဲ့ရခြင်းကြောင့် ၂၀၁၂ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပင်နယ်တီလွဲခဲ့သည့် အာဂျန်ရော်ဘင်ပြီးနောက် ပထမဆုံးပင်နယ်တီလွဲခဲ့သည့် ကစားသမားလည်းဖြစ်လာခဲ့သည်။ ယခုပွဲစဉ်တွင် ချန်ပီယံလိဂ်သမိုင်းတွင် အချိန်ပိုကစားရသည့် ရှစ်ပွဲမြောက်ချန်ပီယံလိဂ်ဗိုလ်လုပွဲဖြစ်လာခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ခံယူရသည့် ခုနစ်ပွဲမြောက် ချန်ပီယံလိဂ်ဗိုလ်လုပွဲလည်း ဖြစ်လာခဲ့သည်။

**(ငွေကြယ်)**

## ဖိအားကို တွန်းအားအဖြစ် ပြောင်းလဲနိုင်ခဲ့သူ(သို့မဟုတ်) ဇီနက်ဒင် ဇီဒန်း



မေ ၂၉ရက်မှာ ရီးယဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို ပင်နယ်တီ အဆုံးအဖြတ် ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ယူနိုင်ခဲ့ပြီးနောက် ရီးယဲလ်နည်းပြ ဇီဒန်းဟာ ချန်ပီယံလိဂ်ကို ကစားသမားဘဝမှာရော နည်းပြဘဝမှာပါ ဆွတ်ခူးနိုင်ခဲ့တဲ့ သတ္တမမြောက် ပုဂ္ဂိုလ်ဖြစ်လာခဲ့ပါတယ်။ဇီဒန်းကတော့ သူရဲ့ နည်းပြဘဝပထမရာသီမှာပဲ ရီးယဲလ်မက်ဒရစ်အသင်းကို (၁၁)ကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့တဲ့ နည်းပြအဖြစ်မှတ်တမ်းဝင်သွားခဲ့ပါတယ်။ သူက ရီးယဲလ်နည်းပြအဖြစ် တာဝန်ယူပြီး ခြောက်လမပြည့်ခင်အချိန်မှာ အခုလိုဥရောပရဲ့ အမြင့်ဆုံးဆုဖလားကို ရယူပေးနိုင်ခဲ့တာက သူ့ရဲ့ကစားသမားတွေအပေါ်ထားရှိတဲ့ အပေါင်းလက္ခဏာဆောင်တဲ့ သဘောထားကြောင့် ဖြစ်တယ်လို့ သုံးသပ်ပြောကြားလိုက်ပါတယ်။

ရီးယဲလ်မက်ဒရစ် ဥက္ကဋ္ဌဖလော်ရန်တီနို ပီရက်ဇ်က ဇီဒန်းဟာ အဆိုးထဲကနေ အကောင်းဘက်ကို ရုန်းထွက်နိုင်အောင်ဦးဆောင်နိုင်စွမ်းရှိသူဖြစ်ပြီး ကလပ်အသင်းနဲ့ကာလကြာရှည် လက်တွဲသွားနိုင်မယ်လို့ ယုံကြည်ကြောင်း ရီးယဲလ်ဝက်ဘ်ဆိုက်ကနေတစ်ဆင့် ပြောကြားခဲ့ပါတယ်။ ဇီဒန်းဟာ ကစားသမားဘဝမှာတော့ ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလား၊ စီးရီးအေဖလားအပြင် ကမ္ဘာ့ဖလား၊ ဥရောပဖလားတွေပါ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါ့ကြောင့် သူ့ရဲ့ ကစားသမားဘဝအောင်မြင်မှုကို အထူးတလည် ပြန်လည်ဖော်ပြဖို့ထက် နည်းပြဘဝကို ဘယ်လိုစတင်လာသလဲဆိုတာကိုသာ အကျဉ်းချုပ် ပြန်လည်ရှင်းပြလိုပါတယ်။

ဇီဒန်းက လွန်ခဲ့တဲ့ ခြောက်လကမှ ထုတ်ပယ်ခံလိုက်ရတဲ့ ဘင်နီတက်ဇ်နေရာကို အစားထိုး တာဝန်ယူခဲ့သူဖြစ်ပါတယ်။ ရီးယဲလ်ကို သူစတင်တာဝန်ယူချိန်မှာ ရီးယဲလ်မက်ဒရစ်ဟာ ဖရိုဖရဲအခြေအနေဖြစ်နေခဲ့ပြီး ကစားသမားတွေနဲ့ နည်းပြအဖွဲ့ဝင်တွေကြား မကျေနပ်မှုတွေ ကြီးထွားနေချိန်ဖြစ်ပါတယ်။ ဘင်နီတက်ဇ်ဟာ လီဗာပူး၊ ဗလင်စီယာတို့နဲ့ အောင်မြင်မှုတွေရယူနိုင်ခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်လို ထိပ်တန်းကစားသမားတွေပေါများတဲ့အသင်းကို ဘယ်လို တည့်မတ်အောင်ထိန်းကျောင်းရမလဲဆိုတဲ့နေရာမှာတော့ လစ်ဟာခဲ့တဲ့အတွက် ကစားသမားတွေဟာ နည်းပြအပေါ်လေးစားမှု နည်းပါးရာက အစပြုလို့ ရလဒ်ပိုင်းတွေ ယိုင်သွားခဲ့တာဖြစ်ပါတယ်။

ဘင်နီတက်ဇ်လက်အောက် ရီးယဲလ်ဟာ လာလီဂါမှာ ရလဒ်မတည်ငြိမ်ဘဲ အက်သလက်တီကို၊ ဘာစီလိုနာတို့နဲ့ ရမှတ်ကွာဟခဲ့သလို ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာ ချီရီရှက်ဗ်ကို အသုံးပြုခဲ့မှုကြောင့် ပြိုင်ပွဲကနေ ထုတ်ပယ်ခံခဲ့ရပါတယ်။ စီရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ ရာမို့စ်၊ပီပီတို့အစပြုလို့ ကျန်ကစားသမား အတော်များများဟာ ဘင်နီတက်ဇ်အသုံးပြုတဲ့ နည်းစနစ်တွေအပေါ် မကျေနပ်ခဲ့ကြပါဘူး။ ဒါ့ကြောင့်လည်း ကစားသမားအများစုရဲ့ ယုံကြည်မှုမခံရတဲ့ ဘင်နီတက်ဇ်ဟာ ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ် ကိုးလသာ တာဝန်ထမ်းဆောင်ခွင့်ရပြီးနောက် ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌပီရက်ဇ်က ရီးယဲလ်မက်ဒရစ်ရဲ့ အကျပ်တည်းဆုံးကာလမှာ ရီးယဲလ်အသင်းလူငယ်နည်းပြ ဇီဒန်းကို နည်းပြအဖြစ် ယုံယုံကြည်ကြည်ပဲ တာဝန်ပေးခဲ့ပါတယ်။ ဒီလို ခန့်အပ်မှုအပေါ် အကောင်းမြင်တဲ့ဘက်က ရှုမြင်သူထက် အပျက်ဘက်က တွေးထင်သူတွေကသာ ပိုမိုများပြားခဲ့ပြီး ပီရက်ဇ်ဟာ ဇီဒန်းလို အတွေ့အကြုံမရှိသူကို စမ်းသပ်ခံအဖြစ် ချကျွေးခဲ့တယ်လို့ နည်းပြဟောင်း၊ ကစားသမားဟောင်းအချို့နဲ့ ပရိသတ်အများစုက ဝေဖန်ခဲ့ကြပါတယ်။ ဇီဒန်းဟာ ရီးယဲလ်လူငယ်အသင်းကို ၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်က စတင်တာဝန်ယူခဲ့ပြီး ၅၇ ပွဲ မှာ အနိုင် ၄၅ ဒသမ ၆၁ ရာခိုင်နှုန်းသာ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် အခုလို ဝေဖန်မှုတွေ ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရီးယဲလ်မက်ဒရစ် ဘုတ်အဖွဲ့ဝင်တွေဘက်ကလည်း ဇီဒန်းကို စာချုပ်သက်တမ်း အတိအကျနဲ့ တာဝန်ပေးခဲ့တာမဟုတ်ဘဲ ရာသီကုန် အသင်းရဲ့အခြေအနေပေါ်မူတည်ပြီးမှသာ ဆက်လက်လက်တွဲသင့်၊ မသင့်ဆိုတာ ဆုံးဖြတ်မယ့်ပုံစံနဲ့ ခန့်အပ်ခဲ့တာဖြစ်ပါတယ်။ ဇီဒန်းရဲ့ နည်းပြဘဝပွဲဦးထွက်မှာ ဒီပို့တီဗိုကို ငါးဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ပြီးနောက် ရသဆန်တဲ့ ကစားဟန်ကို ပြောင်းလဲခဲ့တဲ့ သူ့ရဲ့ နည်းစနစ်အပေါ် အားကစားလောကက အထူးတလည်စောင့်ကြည့်လာကြပါတယ်။

ဒါပေမယ့် အလှည့်အပြောင်းများတဲ့ ဘောလုံးလောကဟာ ဇီဒန်းအတွက် အလုံးစုံ ချောမွေ့ခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။ စီရိုနယ်လ်ဒို၊ ပီပီတို့လို ကစားသမားတွေကတော့ ဇီဒန်းဟာ ကစားသမားတွေနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်သူ၊ အသင်းကိုအကောင်းဆုံး ထိန်းကျောင်းနိုင်သူလို့ ချီးကျူးခဲ့ကြပေမယ့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဗာရာနီ၊ အစ္စကိုတို့လို နေရာမရတဲ့ ကစားသမားတွေကတော့ ဇီဒန်းသာ ဆက်လက်ကိုင်တွယ်ရင် အသင်းပြောင်းဖို့ရှိနေတယ်လို့ ပြောဆိုတာတွေလည်းရှိပါတယ်။

ရီးယဲလ်ဟာ လာလီဂါပွဲစဉ် အိမ်ကွင်းမှာ အက်သလက်တီကို ကို ရှုံးနိမ့်ခဲ့တာ၊ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့မှာ ဝုဖ်ဘတ်ကို အရေးနိမ့်ခဲ့တဲ့ပွဲစဉ်တွေအပြီးမှာ ဇီဒန်းရဲ့အနာဂတ်လည်း လှုပ်ခတ်ခဲ့ပါသေးတယ်။ဒါပေမယ့် ဇီဒန်းဟာ လက်ကျန်လာလီဂါ ပွဲစဉ်၁၂ ပွဲလုံးကို အနိုင်ကစားပြီး ဘာစီလိုနာကို အကောင်းဆုံးဖိအားပေးနိုင်ခဲ့သလို ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရှုံးထွက် ပွဲစဉ်ကနေစပြီး အခုချန်ပီယံအဖြစ် အောင်ပွဲခံနိုင်တဲ့အထိ အကောင်းဆုံးဦးဆောင်နိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ဥက္ကဋ္ဌပီရက်ဇ်က ဇီဒန်းကို မျိုးဗီဇထဲမှာ အောင်မြင်မှုသွေး အပြည့်ရှိနေတဲ့သူလို့ ချီးကျူးခဲ့တာဖြစ်ပါတယ်။

နည်းပြတစ်ဦးရဲ့ အရည်အသွေးဆိုတာ ရာသီတစ်ခုတည်းမှာ ရရှိခဲ့တဲ့ အောင်မြင်မှုနဲ့ချည်း ချိန်ထိုးလို့ မရဘဲ ရေရှည်အောင်မြင်ရေး တည်ဆောက်မှုအစီအမံဆိုတာလည်း လိုအပ်တဲ့အတွက် ဇီဒန်းတာဝန်ယူခဲ့တဲ့ ခြောက်လတာကာလအတွင်း ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့တာဟာ ချီးကျူးစရာကောင်းပေမယ့် နောင်လာမယ့်ရာသီတွေမှာ ဂွါဒီယိုလာ၊ ကွန်တီ၊ အန်းနရစ်တို့လို ထိပ်တန်းနည်းပြအဖြစ် ရေရှည်မှတ်ကျောက်တင်ခံနိုင်ဖို့တော့ ကြိုးစားရဦးမှာဖြစ်ပါတယ်။ သေချာတာ တစ်ခုကတော့ ဇီဒန်းဟာ ဖိအားတွေကို ခွန်အားအဖြစ်ပြောင်းလဲနိုင်ခဲ့သူ၊ ရီးယဲလ်အတွက် ဂုဏ်သိက္ခာကို ဆယ်ယူပေးနိုင်တဲ့သူ၊ ကစားသမားတွေအပေါ် အကောင်းဆုံး လွှမ်းမိုးနိုင်ခဲ့သူရယ်လို့ ချီးကျူးသင့်တဲ့ လူဆိုတာ ငြင်းလို့မရတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။

**(မေလှဲ့သင်း)**

**ဇီဒန်းနည်းပြဘဝမှတ်တမ်း**

| ကလပ်အမည် | ပွဲအရေအတွက် | အနိုင် | သရေ | အရှုံး | အနိုင်(ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ရီးယဲလ်လူငယ် | ၅၇ | ၂၆ | ၁၇ | ၁၄ | ၄၅ ဒသမ ၆၁ |
| ရီးယဲလ်မက်ဒရစ်အသင်း | ၂၇ | ၂၁ | ၄ | ၂ | ၇၇ ဒသမ ၇၈ |



# ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၉**

ကျိုင်းတုံမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက်က ကျိုင်းတုံမြို့နယ် နောင်ဖာဂိတ်တွင် ယာဉ်မောင်း အိုက်ယီမောင်းနှင်လာသည့် FF/... နံပါတ်ပါ SUCCEED အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကိုရှာဖွေရာ အိုက်ယီလွယ်ထားသည့် အိတ်အတွင်းမှစိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ထိုင်းငွေ ဘတ် ၄၂၀၀၊ မော်တော်ယာဉ် နောက်ဖုံးအတွင်းရှိ လက်ဆွဲအိတ် နှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀၀၀၊ ၎င်းခြံသည့် ခြံစောင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း (ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၁၂၅၀၀) သိမ်းဆည်းရမိသဖြင့် အိုက်ယီ(၃၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကိုရဲ)**



❖ **ကျောဖုံးမှ**

မေ ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှတပ်ဖွဲ့ဝင်များ၊ ကွတ်ခိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကောင်းခါး-ကွတ်ခိုင်လမ်းရှိ ယူကလစ်တောတွင် သတင်းအရ ယာဉ်မောင်း အောင်အောင်(ခ) ယေစောင့်တဲ့ မောင်းနှင်လာသည့် ၆ခ/. . . နံပါတ်ပါ ၁၂ ဘီး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းစီပါ ဆာလာအိတ် ၁၀၀၊ ၂ ဒသမ ၁ သိန်းပါ ဆာလာအိတ်ငါးအိတ် စုစုပေါင်း ဆာလာအိတ် ၁၀၅ အိတ်ဖြင့်ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၂၁၀ ဒသမ ၅ သိန်း (ကာလတန်ဖိုးငွေကျပ် သိန်း ၄၂၁၀၀၀)ကို သိမ်းဆည်းရမိခဲ့သည်။


ကွင်းဆက်ဖော်ထုတ်ရာ လျှိုဇီရှောင်က အောင်ဆန်းကို အောင်အောင် (ခ)ယေစောင့်တဲ့ မောင်းသည့်(၁၂) ဘီးယာဉ်ဖြင့် ဟိုနမ့်ရွာအနီးမှ စိတ်ကြွဆေးပြားများတင်ဆောင်၍ မန္တလေးသို့ပို့ရန် ခိုင်းစေခဲ့သဖြင့် သယ်ဆောင်ခဲ့ကြောင်း၊ အောင်ဆန်းမှာ မတ်တူးအဖြူရောင်ဖြင့် ရှေ့ပြေးကြိုတင်ထွက်ခွာသွားကြောင်း၊ လျှိုဇီရှောင်သည် မတ် ၅ ရက်က မန္တလေးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၇ ဒသမ ၀၇၈ သိန်း၊ အိုက် ၈၂ ကီလို၊ ဘိန်းဆီခဲ ၁၅ ဒသမ ၀၂ ကီလို၊ ဘိန်းဖြူ ၂၄ ဒသမ ၃၇ ကီလိုနှင့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှု၏ အဓိကပြစ်မှုကျူးလွန်သူဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း၊ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ အောင်အောင်(ခ)ယေစောင့်တဲ့၊ အောင်ဆန်း (ဖမ်းမမိသေး)၊ လျှိုဇီရှောင် (ခ) ကျော်ကျော် (ခ) အိုက်ပေါင် (ဖမ်းမမိသေး)တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကိုရဲ)**




အောင်အောင် (ခ)ယေစောင့်တဲ့ကို သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရန်ကုန်မြို့ ဒဂုံ(တောင်)မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**နေပြည်တော် မေ ၂၉**

မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များသည် မေ ၂၈ ရက်က ဒဂုံ(တောင်)မြို့နယ် (၅၅)ရပ်ကွက် ငွေတောင်လမ်း အမှတ်-၁၀၀၂(က)နေ မမြမြသင်း (ခ)မစု၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကိုရဲ)**

# ကျိုက်ထိုမြို့အနီးတွင် တွဲတပ် ၂၂ ဘီးယာဉ်တစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်

**ကျိုက်ထို မေ ၂၉**။ ။မွန်ပြည်နယ် ကျိုက်ထိုမြို့အနီး သဲဖြူချောင်းကျေးရွာတွင် တွဲတပ်ကားတစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက် ၁၁ နာရီခန့်က သဲဖြူချောင်းကျေးရွာတွင် ယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ဇော်မျိုးလွင်၊ တာဝန်မှူး ရဲအုပ်စိုးမင်းလတ်တို့ပါဝင်သော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ နံနက် ၁၀ နာရီခွဲခန့်က ရန်ကုန်ဘက်မှ မော်လမြိုင်ဘက်သို့ ချောက်မြို့နယ် ရှားပင်ကျေးရွာနေ ယာဉ်မောင်း သန်းလင်းခိုင် (၃၀)နှစ် မောင်းနှင်လာသော NISSAN အမျိုးအစား အပြာရောင် ၂၂ဘီး တွဲတပ်ယာဉ်အမှတ် 4C/...သည် ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၁၆/၆)နှင့် (၁၁၆/၇)တို့အကြား လမ်းကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေး ကုန်းအဆင်းသို့ထိုးကျ၍ ဦးမောင်သိန်း၏ခြံထဲဝင်ရောက်ကာ နေအိမ်အားအနည်းငယ်ပွတ်တိုက်တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း သန်းလင်းခိုင်တွင် ဝဲလက်ဖျံ ပွန်းပဲ့၊ ဝဲဖနောင့် နာကျင်၊ နဖူးပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ) ရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်ထိုမြို့မရဲစခန်းက ယာဉ်(ပ)၃၉/၂၀၁၆၊ ပြစ်မှုပုဒ်မ ၂၇၉/၃၃၇အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

■


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော်မှ **ဦးတင်ထွန်း**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၃၄/၂၀၁၆ (၂၆-၄-၂၀၁၆)အရ နေပြည်တော်ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း။ **အထက(၁)လသာ(စင်ထရယ်)မှသူငယ်ချင်းများ ရန်ကုန်မြို့။**

## အမည်မှန်ဖြစ်ကြောင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အဌမတန်းအောင်မှ မစမ်းစမ်းအိ၏ အမည်မှန်မှာ မစန်းစန်းအိ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာ၊ အထက၊ သတ္တမတန်း(B)တွင် ပညာသင်ကြားနေသော မေယွန်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွေးဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ပဲချပ်ရွာနေ (ဘ)ဦးဝမ်းမောင်၏သားဖြစ်သူ မောင်စိုးရွှေနိုင်(ခ)မောင်စိန်လွင် [၉/နထက(နိုင်)၀၅၅၄၂၀]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၁၉၈၆ ဖြစ်ကြောင်း သိစေအပ်ပါသည်။

## အမည်ပြောင်း

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်နေ (ဘ)ဦးကျော်မိုးဝင်း[၉/ရမသ(နိုင်)၁၁၈၅၇၅]၏သား မောင်မင်းသုတအား "မောင်မင်းသက်နိုင်"ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသက်နိုင်**

## အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀တောင်၊ မြေကွက်အမှတ်-၇၂၂/က၊ မြေကွက်တည်နေရာအမှတ် - ၇၂၂/ခ၊ သာလ္လဝတီ ၂လမ်း၊ ၁၀တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဦးမြင့်လွင် [၁၂/သကတ (နိုင်)၁၁၇၄၉၄]၊ ၂။ ဦးတင့်လွင်[၁၂/သကတ(နိုင်)၁၁၅၉၃၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြင့်လွင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအတွက် ဇနီးဖြစ်သူ ဒေါ်ခင်မေလွင် [၁၂/သကတ(နိုင်)၀၆၉၆၇၅]မှလည်းကောင်း ကျန်အမည်ပေါက် ဦးတင့်လွင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအတွက် ဇနီးဖြစ်သူ ဒေါ်ခင်စန်း [၁၂/သကတ(နိုင်)၀၆၈၉၅၈]မှလည်းကောင်း ပိုင်ဆိုင်စာချုပ်(၆၇၆၉/၂၀၁၅)ဖြင့်ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၅၉၆၉/၂၀၁၅)ရသူ ဦးမင်းမင်းထွန်း[၁၂/သကတ(နိုင်)၁၃၇၃၆၃]မှ (ဂရန်)မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်[သကတ/၁၀(တ)၀၉၁၀/၉၃] (၁၈-၁၀-၉၃) ဦးမြင့်လွင်၊ ဦးတင့်လွင်အမည်ပေါက်နှစ်(၆၀)ဂရန်မြေငှားစာချုပ် (မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဒီဒီက တည်းဖြတ်ထုတ်ဝေသည့် အလှအပများနှင့် 

မဂ္ဂဇင်း



- Butterfly Jewels
- G-Fatt
- Myanmar Idol
- 2016 Asia Model Festival

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃ ၀၉ ၇၅၁ ၃၃၄ ၂၅၆

## ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် National Management Degree Collegeနှင့် MPDC Educationတို့ ပူးပေါင်း၍ ဖွင့်လှစ်သော Certificate in Marketing Management (CMM) အမှတ်စဉ်(၈)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်နှင့် Myanmar Professional Development Center (MPDC)တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၈)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ (၆)လဖြစ်ပြီး ၂၀၁၆ခုနှစ်၊ မေလ ၃၀ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများကို ဆက်လက်တက်ရောက်နိုင်ပါသည်။

၄။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပါသည်။

၅။ ပညာအရည်အချင်း အထောက်အထား(မူရင်း)နှင့် မိတ္တူ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် မိတ္တူ ၂စုံ၊ လိုင်စင်ဓာတ်ပုံ(၅)ပုံ တင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

အသေးစိတ်သိရှိလိုပါက - အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။ ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၇၉၅၂၇၅၆၈၃၊ ၀၉-၄၂၁၁၀၄၇၇၁။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရက် ၁၀၀ စီမံချက်အတွင်း ရွာလုံးကျွတ်လျှပ်စစ်မီးလင်းရန် အကူအညီပေးစေလို

**သပိတ်ကျင်း မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အုံးဖိုးကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာ ဒေသခံပြည်သူများက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရက် ၁၀၀ စီမံချက်အတွင်းရွာလုံးကျွတ်လျှပ်စစ်မီးလင်းရေး အကူအညီပေးစေလိုကြောင်း ဒေသခံများက ပြောသည်။

ဇရပ်ကွင်းကျေးရွာသည် ၂၀၁၀ ပြည့်နှစ် ဧပြီလမှစ၍ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးရရှိခဲ့ပြီး ကျေးရွာမီးလင်းရေး ကော်မတီကအိမ်သုံး လျှပ်စစ်မီတာ တစ်လုံးလျှင် ငွေကျပ် ၄၀၀၀၀၀ နှင့် ၇၀၀၀၀၀ ယခု ၅၀၀၀၀၀ ကောက်ခံလာခဲ့ရာ အိမ်ခြေ ၈၀၀ ခန့်ရှိသည့် အနက် ၅၀၀ ခန့်သာ လျှပ်စစ်မီးရယူနိုင်ခဲ့ပြီး အိမ်ခြေ ၃၀၀ ခန့်မှာ မီတာဘောက်တန်ဘိုးကြီးမြင့်မှုကြောင့် ယနေ့အထိ လျှပ်စစ်မီးမရရှိသေးကြောင်း သိရသည်။

"ကျေးရွာမီးလင်းရေးကော်မတီကို ရွာလုံးကျွတ်မီးလင်းရေးအတွက် မီတာဘောက်တွေကို အဆင်ပြေအောင်လျှော့ချပေးပါလို့ ပြောတော့ ကုန်ကျစရိတ်တွေများနေလို့ မဖြစ်နိုင်ဘူးတဲ့။ ရွာကိုအစည်းအဝေးခေါ်ပေးပါဆိုတာလည်း လူမစုံဘူး။ မအားဘူး အကြောင်းအမျိုးမျိုးပြနေကြတယ်။ ၂၀၁၀ ပြည့်နှစ်ကတည်းကယနေ့အထိရွာကို အစည်းအဝေး တစ်ခါမှမခေါ်ဘူး။ အိမ်ခြေ ၅၀၀ ကျော်အတွက် မီတာဘောက်ရောင်းရတာတွေရယ်။ တစ်အိမ်ကို တစ်လ ၂၀၀၀ နဲ့ မီတာထိန်းသိမ်းခကောက်ထားတာတွေအားလုံး ဘာစာရင်းရှင်းတမ်းမှမထွက်ခဲ့ဘူး။ ပွင့်လင်းမြင်သာမှုမရှိဘူး။ ဒီလို အောက်ခြေမှာဖြစ်နေတာတွေကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဆီကို အကူအညီတောင်းအကြောင်းကြားဖို့ ဒေသခံတွေလက်မှတ်ထိုး လိုက်ယူနေတာ ၂၉၀ လောက်ရနေပါပြီ" ဟု ဇရပ်ကွင်းကျေးရွာဒေသခံ ကိုပြည်စိုးက ပြောသည်။**အောင်မြမောင်(သပိတ်ကျင်း)**

# ကျောက်မဲမြို့နယ်တွင် ပြည်သူ့အတွက် ရက် ၁၀၀ ဝန်ဆောင်မှုလုပ်ငန်းစဉ်များ ချပြရှင်းလင်း

**ကျောက်မဲ မေ ၂၉**

ပြည်သူများက ရွေးချယ်တင်မြှောက်ခြင်းခံရသော အစိုးရသစ်၏ ပထမရက် ၁၀၀ ဝန်ဆောင်မှုလုပ်ငန်းစဉ်များကို ဦးစီးဌာနအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ပြည်သူ့ထံသို့ ချပြရှင်းလင်းခြင်း အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် မေ ၂၇ ရက်၊ မွန်းလွဲ ၁ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက အမှာစကားပြောကြားခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ပထမရက် ၁၀၀ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကို Projector ဖြင့် ချပြရှင်းလင်းပြီး၊ ကျောက်မဲမြို့ရှိ ဦးစီးဌာန ၁၄ ခုတို့မှ မိမိတို့၏ဌာနအလိုက် ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိုင်းထွန်းဝင်းက တောင်နောက်ကျေးရွာတွင် ဆောက်လုပ်ထားရှိသည့် မီးသဂြိုဟ်စက် ဆောက်လုပ်ပြီးစီးပြီး ယနေ့အချိန်ထိ အသုံးပြုခွင့်မရရှိသဖြင့် သုသာန်မြေနေရာ ခွင့်ပြုပေးနိုင်ရန် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ကျောက်မဲ-မိုင်းလုံကားလမ်း ရာသီမရွေးသွားလာနိုင်ရေး လမ်းများပြုပြင်ဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိကို မေးမြန်းခဲ့ရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မီးသဂြိုဟ်စက်မြေနေရာအား ၂၀၁၆ ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လမ်းဦးစီးဌာန၊ ဦးစီးမှူးက ကျောက်မဲ-မိုင်းလုံလမ်း (၂၇)မိုင် အထိ ကတ္တရာလမ်းခင်းပြီးကြောင်းနှင့် ၂၀၁၆ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ ကျောက်မဲမြို့ဝင်လမ်းခွဲရှိ အချို့နေရာများတွင် မီးအားမပြည့်မှုနှင့် အမှတ်(၆)ရပ်ကွက်အောင်ချမ်းသာလမ်းရှိ သစ်သားဓာတ်တိုင်များအား ကွန်ကရစ်တိုင်အဖြစ် လဲလှယ်ပေးနိုင်ရေး မေးမြန်းခဲ့ရာ လျှပ်စစ်အင်ဂျင်နီယာမှ မီးအားမပြည့်သည့် နေရာများတွင် ၂၀၁၆ ခုနှစ်အတွင်း ထရန်စဖော်မာ လေးလုံးဖြင့် တိုးမြှင့် တပ်ဆင်ပေးမည်ဖြစ်ကြောင်းနှင့် ကွန်ကရစ်ဓာတ်တိုင်အရေအတွက်အား တွက်ချက်တင်ပြပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးက နယ်မြေအခြေအနေအရ တိုက်ပွဲဖြစ်ပွားနေသော ကျေးရွာများတွင် လတ်တလောကျောင်းဖွင့်နိုင်ခြင်း မရှိသေးကြောင်းနှင့် ကျောင်းအရေအတွက် အတိအကျရရှိပါက ကလေးများ ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ပြည်သူများက သိလို၍ မေးမြန်းချက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**ကျောက်မဲ(ခရိုင်ပြန်/ဆက်)**

# ထန်တလန်မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်



**ဟားခါး မေ ၂၉**

ပြည်သူ့အတွက် ပထမရက် ၁၀၀ စီမံချက်နှင့်အညီ ဟားခါးခရိုင် ထန်တလန် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဟားခါးခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်သည် ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူးဦးခင်မင်း၊ ကျေးရွာမြေငှားဂရန် ဂရန်ထုတ်ပေးနိုင်ရေးကော်မတီများမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၇ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထန်တလန်မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး လုံဇာရို၊ ခွါဖိုနှင့် မွန်ထာရ်ကျေးရွာများရှိ ကျေးလက်နေဒေသခံပြည်သူများ နှင့် တွေ့ဆုံရာ၌ ဟားခါးခရိုင် အုပ်ချုပ်ရေးမှူးဦးထူးလွင်က ဒေသဖွံ့ဖြိုးရေးအတွက် ရေရှည်မျှော်မှန်းတွက်ဆချင့်ချိန်ကြပြီး မိမိတို့ ရပ်/ရွာ လမ်းများ၏ ဧရိယာကို ကျယ်ကျယ်ဝန်းဝန်း သတ်မှတ်ထားရှိကြရန် လိုအပ်ကြောင်း၊ ပထမရက် ၁၀၀ အတွင်း ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ကျေးရွာလူထုများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဟားခါးခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်သည် ပြုပြင်ရန်လိုအပ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းအိမ်ရာများကို ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဟားခါးခရိုင် ပြန်/ဆက်)**

# မင်းကင်းမြို့နယ်၏ ရက် ၁၀၀ စီမံချက်နှင့်ဝန်ဆောင်မှု ပညာပေးရှင်းလင်း

**မင်းကင်း မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို မေ ၂၅ ရက်က စကားဝါခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီးနောက် ရဲမှူးကျော်သက်ထွန်းက အဆိုပါရဲလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားကာ မင်းကင်းမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူးတင်ယုက ရက် ၁၀၀ စီမံချက်ကာလအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ မှုခင်းကျဆင်းရေးစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးကျော်ဆန်း၊ ဒေါက်တာဆန်းဝင်းနှင့် ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးကျော်မင်းထွဋ်တို့က ဖြည့်စွက်အကြံပြုချက်များဖြင့် ဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ မြို့နယ်ကော်မတီ သုံးရပ်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဂျိုးနက်**

# ပြန်ကြားရေးဝန်ကြီး၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများအား ဆွေးနွေး

**မကွေး မေ ၂၉**

ပြန်ကြားရေးဝန်ကြီး လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၈ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မကွေးခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဒုတိယ ညွှန်ကြားရေးမှူးက ပြန်ကြားရေးပြည်ထောင်စုဝန်ကြီး လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် နိုင်ငံတော်၏မူဝါဒများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ရက် ၁၀၀ အတွင်း ပြည်သူ ဗဟိုပြုဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြည်သူများ၏ အဓိကလိုလားချက်များအတိုင်း မိမိတို့ဌာန အနေနဲ့ သတင်းအမှန်များပေးပို့ဆောင်ရွက်ရေး၊ ပြည်သူ့စာကြည့်တိုက်များကို အဆင့်မြှင့်တင်ပြီးပြည်သူများ ယုံကြည်ကိုးစားလာမှု အလျင်အမြန်တိုးတက်အောင်ဆောင်ရွက်ရေးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အဆိုပါအခမ်းအနားသို့တက်ရောက်လာသော မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများ၊ စာကြည့်တိုက်လက်ထောက်-၃ များက ရက် ၁၀၀ အတွင်း မိမိတို့မြို့နယ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများဖွင့်လှစ်




**မုံရွာ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များ၊ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်း ( Vocational Training )များ ဖွင့်လှစ်ပို့ချလျက်ရှိရာ သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းအား မုံရွာမြို့နယ် သမန္တာကျေးရွာတွင် မေ ၂၅ ရက်မှ စတင်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ရက် ၁၀၀ ကာလအတွင်းမှာ ကျေးလက်နေပြည်သူတွေထံ အရောက်သွားပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းတွေ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိပါတယ်။ သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းမှာ ဒေသထွက် အသီးအနှံတွေကို အခြေခံပြီး တန်ဖိုးမြင့် ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ရေးအတွက် ခရမ်းချဉ်သီး၊ သံပရာသီး၊ မန်ကျီးသီး၊ သဘော်သီး၊ သရက်သီးစတဲ့ သစ်သီးတွေကနေတစ်ဆင့် ယို၊ ဖျော်ရည်နှင့် ဂျယ်လီထုတ်လုပ်နည်းတို့ကို တတ်မြောက်သည်အထိ အဓိကသင်ကြားပေးမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း မုံရွာမြို့နယ်အတွင်းမှာ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်းတွေလည်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းအား မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မိုးမြင့်စံ နှင့် သုတေသနလက်ထောက်(၄) ဒေါ်မေယုမော်တို့က သင်ကြားပို့ချလျက်ရှိရာ သမန္တာကျေးရွာမှ ကျေးလက်နေ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်သင်ယူခဲ့ကြကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

ကြေးမုံ
မေ ၃၀၊ ၂၀၁၆ (တနင်္လာနေ့)



# ကျောင်းနေအရွယ်ကလေးတိုင်းပညာသင်ယူခွင့်အပါအဝင် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် ပညာရေးဝန်ကြီးဌာန ရက်ပေါင်း ၁၀၀ ခရီးစတင်

သတင်းဆောင်းပါး - ခင်ရတနာ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)၊ မေဦးမိုး

**ကျောင်းဝတ်စုံအဖြူ အစိမ်းကို ဝတ်ဆင်ထားသည့် ကျောင်းသား ကျောင်းသူများ ကျောင်းအသီးသီးသို့ မိဘအုပ်ထိန်းသူများနှင့်အတူ ဝင်ရောက်လာကြသည်။ ဆရာ ဆရာမများ၏ ကျောင်းဝင်ခွင့်လက်ခံရာနေရာများတွင် ပျားပန်းခပ်မျှများပြားသည့် ကျောင်းအပ်နှံသူများဖြင့် စတင်သက်ဝင်စည်ကားနေပြီ။ မကြာမီရက်ပိုင်းတွင် ကျောင်းခေါင်းလောင်းသံများတညံညံဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ ပထမရက်များ ဖွင့်လှစ်ကြတော့မည်ဖြစ်သည်။**


ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး။

တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ်တိုင်း ပညာသင်ယူခွင့်ရရှိနိုင်ရေးသည် ပညာရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ အစိုးရသစ်တက်လာပြီး ရက်ပေါင်း ၁၀၀ အတွင်း ပညာရေးဝန်ကြီးဌာနမှ ကျောင်းသား ကျောင်းသူအားလုံးအတွက် မြင့်မားသည့် ရည်ရွယ်ချက်ဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ရှစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိရသည်။

“နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးနဲ့ ပညာရေးကဏ္ဍဟာ သက်ဆိုင်ပါတယ်။ အိမ်တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့နယ်တိုင်းမှာ ကျောင်းသား ကျောင်းသူတွေရှိတာကြောင့် အားလုံးသိရှိထားပြီး ညီညီညွတ်ညွတ် အင်တိုက်အားတိုက်နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ဖို့လိုအပ်နေတဲ့အချိန် ဖြစ်ပါတယ်” ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်လုပ်ငန်းစဉ်ကို မေလ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာမူလတန်းပညာရေးကို မူလတန်းအရွယ်တိုင်း သင်ယူခွင့်ရရှိနိုင်ရေးနှင့် မူလတန်းပညာသင်ယူပြီးမြောက်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

“ဒီနှစ်ကစတင်ပြီး KG+12 အခြေခံပညာရေးစနစ်အတွက် KG သင်ရိုးအသစ်အရ ဆရာကိုင်စာအုပ်အသစ်အသုံးပြုပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မသင်မနေရ KG အဖြစ် သတ်မှတ်မထားပါဘူး။ ကျောင်းသား ကျောင်းသူတွေအတွက်ကိုလည်း တူညီဝတ်စုံ(School Uniform) တစ်စုံစီထောက်ပံ့ပေးမှာဖြစ်ပါတယ်။ KG သင်ရိုးအသစ်နဲ့ ကာယ၊ ဉာဏဖွံ့ဖြိုးမှုနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ပြုစုပျိုးထောင်မှုနဲ့ သင်ကြားပို့ချသွားမှာ ဖြစ်ပါတယ်။ Grade 2,3,4,5 အတန်းတက်ကြမယ့် အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူအားလုံးအတွက် ကျောင်းဝင်ကြေးအပါအဝင် မည်သည့်ငွေကြေးကိုမျှ လက်ခံသွားမှာမဟုတ်ပါဘူး။ ကျောင်းသုံးဖတ်စာအုပ်တွေနဲ့ ဗလာစာအုပ်ခြောက်အုပ်စီကို အခမဲ့ပေးဝေသွားမှာဖြစ်တဲ့အပြင် တူညီကျောင်းဝတ်စုံတစ်စုံစီကိုလည်း အခမဲ့ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ အလယ်တန်းနဲ့ အထက်တန်းကျောင်းသား ကျောင်းသူအားလုံးအတွက်ကတော့ ကျောင်းသုံးဖတ်စာအုပ်တွေကို အခမဲ့ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနဲ့ စာကြည့်တိုက်ကြေး စတဲ့ မည်သည့်ငွေကြေးကိုမျှ မပေးဆောင်စေရဘဲ လက်ဆောင်ပစ္စည်းလက်သင့်မခံတဲ့ ကျောင်းအပ်နှံရေးကို အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်”ဟု ပညာရေးဝန်ကြီးက ရှင်းပြသည်။

ကလေးများ၏ ဘဝ၊ ဉာဏဖွံ့ဖြိုးမှုနဲ့ လိုက်လျောညီထွေဖြစ်သည့် သင်ကြားသင်ယူမှုများ ဖြစ်ပေါ်လာစေရေး ကြိုးပမ်းသွားမည်ဖြစ်ပြီး ဘဝ၏အခြေခံကောင်းပေးအပ်သည့် ပညာရေး၊ အချက်အလက်အထောက်အထားများဖြင့် ကလေး၏ စဉ်းစားတွေးခေါ်နိုင်စွမ်းကို အားပေးကာ အမှားကိုမှန်အောင်ပြင်ပေး၊ မှန်သည်ကို ပိုကောင်းအောင် ပြုစုပျိုးထောင်နိုင်သည့် အခြေခံအုတ်မြစ်ကောင်းသော မူလတန်းပညာရေးဖြစ်စေရေးအတွက် အားနည်းချက်များကိုပြုပြင်ရန် ပညာရေးဝန်ကြီးဌာနက ကြိုးပမ်းနေခြင်းဖြစ်သည်။

ထို့ပြင် အဆင့်မြင့်ပညာရေးလက်အောက်တက္ကသိုလ်များနှင့် TVET တို့ကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည်အထိ အရည်အသွေးမြှင့်တင်နိုင်ရန်အတွက် မူလတန်းပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်ခြင်းကြောင့် မူလတန်းကလေးများအား သင်ကြားပို့ချပေးနေသည့် ဆရာ ဆရာမများ၏ ရင့်ကျက်မှု၊ အတွေ့အကြုံ၊ အရည်အသွေးပြည့်ဝမှုကို ထိန်းသိမ်းမြှင့်တင်ပေးရန်နှင့် အလယ်တန်း၊ အထက်တန်းပြ ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေးအတွက် လုပ်ငန်းခွင်အကြိုသင်တန်းများနှင့် လုပ်ငန်းခွင်သင်တန်းများကို ရက်ပေါင်း ၁၀၀ အတွင်း ဦးစားပေးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၁၇ ပညာသင်နှစ်မှစတင်၍ ကျောင်းအဆင့်တိုးမြှင့်ရေးမူဝါဒများကို ဖြေလျှော့ပြီး အမက၊ မူလွန်၊ အလက(ခွဲ)၊ အလက၊ အထက(ခွဲ)၊ အထက စတဲ့ အခြေခံပညာကျောင်းပေါင်း ၃၃၁၂ ကျောင်းကို ကျောင်းဖွင့်အမီ တိုးမြှင့်ဖွင့်လှစ်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးနေကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားပြီး ဇွန် ၂၀ ရက်မှ ဇူလိုင် ၉ ရက်ကာလကို ကျောင်းသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ မိဘများ၊ မိဘဆရာအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များအားလုံး ပူးပေါင်းပါဝင်ပေးကြရန် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းသည်။

ကျောင်းဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအတွက် လစာထုတ်ယူရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် လစာအပြည့်အဝမရရှိသည့် အခက်အခဲများ ပြေလည်နိုင်ရန်အတွက် ဘဏ်စာရင်းမှလွှဲပြောင်းထုတ်ယူနိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

“မြို့ပေါ်ရှိတဲ့ မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) ပုဂ္ဂလိကဘဏ်တွေနဲ့နီးတဲ့ ကျောင်းတွေအားလုံးက ဆရာ ဆရာမတွေ၊ စီမံအရာထမ်း၊ အမှုထမ်းတွေရဲ့ လစာငွေကို ဘဏ်စာရင်းကနေ လွှဲပြောင်းထုတ်ယူနိုင်ရေးအတွက် စီစဉ်နေပါတယ်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ပေါ်ရှိတဲ့ မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) ပုဂ္ဂလိကဘဏ်တွေနဲ့နီးတဲ့ အခြေခံပညာကျောင်း ၁၇ ကျောင်းနဲ့ တက္ကသိုလ်လေးခုတို့မှာ လစာငွေကို ဘဏ်စာရင်းကနေ လွှဲပြောင်းထုတ်ယူနိုင်ဖို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကမ္ဘောဇဘဏ်တို့နဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

လုပ်သက်ရင့်၊ ဝါရင့်တက္ကသိုလ်ကထိက ဆရာ ဆရာမအများစုသည် အသက်အရွယ်နှင့် တာဝန်ဝတ္တရားများကြောင့် ပုံမှန်ပါရဂူသင်တန်းများအား တက်ရောက်နိုင်ခြင်းမရှိသည့်အတွက် ရာထူးတိုးရန်ကြန့်ကြာမှုများကို ကုစားနိုင်ရေးအတွက် လုပ်သက်များအရ စွမ်းဆောင်ရည်ဆိုင်ရာ သုတေသနစာတမ်း ပြုစုတင်သွင်းဖတ်ကြားခြင်းဖြင့် ပါရဂူဘွဲ့ သင်တန်းတွေကို တက်ရောက်နိုင်ရန် ၁၀ နှစ်မှ သုံးနှစ်သို့ ဖြေလျှော့ပေးခြင်းများ စတင်ခဲ့ပြီဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထို့ပြင် ပညာရေးဆုံးခန်းမတိုင်သူများ လျော့ချရေးနှင့် အလုပ်လက်မဲ့လျော့ချရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ တိုင်းပြည် လုပ်အားစုတိုးမြှင့်ရေး၊ နိုင်ငံတော် အသားတင်ဝင်ငွေ တိုးတက်ရေးတို့တွင် နည်းပညာနှင့် သက်မွေးပညာမှာ အရေးကြီးသည့်ကဏ္ဍဖြစ်ခြင်းကြောင့် ဒေသလိုအပ်ချက်အတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်လုပ်သားများနှင့် နိုင်ငံတော်လိုအပ်ချက်အတွက် စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များတွင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်များကို လေ့လာသုံးသပ်အကြံပြုတင်ပြခြင်းနှင့် စီမံကိန်းချမှတ်အကောင်အထည်ဖော်ခြင်းများကို ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

“အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာရေးနဲ့ သင်တန်းကဏ္ဍတွေအားလုံးမှာ ဆရာ ဆရာမတွေ အတန်းဝင်ရောက်ပို့ချမှုတွေကို စစ်ဆေးအကဲဖြတ်ခြင်း ပြုလုပ်မှာဖြစ်ပါတယ်။ အခြေခံပညာ ကျောင်းသားကျောင်းသူတွေရဲ့ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားမှုအတွက် ဆရာ ဆရာမတွေ ကျောင်းတက်မှန်ကန်ရေး၊ အတန်းဝင်ချိန်မှန်ကန်ရေး၊ နောက်ကျမှုမရှိစေရေးကို မိဘပြည်သူတွေနဲ့ ကျောင်းအုပ်ကြီးတို့ရဲ့ အကဲဖြတ်မှုနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်”ဟု ဆရာ ဆရာမများ၏ အရည်အသွေးစစ်ဆေးမှုများပြုလုပ်မည့်အစီအစဉ်ကို ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ထို့ပြင် အဆင့်မြင့်ပညာတွင်လည်း ကျောင်းသားကျောင်းသူများ၏ Assessment ဆောင်ရွက်မှုအပြင် ပါမောက္ခချုပ်၊ ပါမောက္ခအဖွဲ့များဖြင့် စစ်ဆေးပေးမည်ဖြစ်ကြောင်း သိရသည်။

အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာရေးအဆင့်အသီးသီးကို ဆုံးခန်းတိုင် မသင်ကြားခဲ့ရသူများအား ထိုပညာရေးအဆင့် ပြီးမြောက်စေရန်နှင့် ကျောင်းပြင်ပမှ ပညာသင်ကြားလိုသူများ ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက် အမျိုးသားပညာရေးဥပဒေ ပုဒ် ၃၂(ခ)နှင့်အညီ ဆောင်ရွက်ပေးရန်အတွက် စီစဉ်နေကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

“မြန်မာနိုင်ငံမှာ အသက် (၅) နှစ်ကနေ (၁၆) နှစ်အရွယ် ကလေး ၂ ဒသမ ၇ သန်းခန့်ဟာ ကျောင်းဝင်ရောက်မှုမရှိသူတွေနဲ့ ကျောင်းထွက်စောတဲ့ကလေးတွေ ဖြစ်ကြပါတယ်။ ဒါ့အပြင် အသက် (၁၅) နှစ်နဲ့အထက် သက်ကြီးစာမတတ်သူကလည်း ၃ ဒသမ ၅ သန်းခန့်ရှိနေတာကို တွေ့ရပါတယ်။ ကျောင်းပြင်ပရောက်ကလေးတွေ၊ ကျောင်းကနေ စောစောစီးစီးထွက်သွားရသူတွေနဲ့ စာမတတ်သူတွေအတွက် ကူညီဖြည့်ဆည်းပေးဖို့လိုအပ်တာကြောင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေ ပုဒ်မ (၂၉)၊ ပုဒ်မခွဲ (ခ)နဲ့ အညီ ပညာသင်ယူမှုမပြီးဆုံးမီ အကြောင်းအမျိုးမျိုးနဲ့ ပညာသင်ယူမှုရပ်တန့်ခဲ့ရတဲ့ ကျောင်းသားကျောင်းသူတွေအတွက် သင့်လျော်တဲ့ ပညာသင်ယူခွင့်တစ်ခုခု ပြန်လည်ရရှိစေဖို့ လိုအပ်တဲ့အစီအမံတွေထားရှိမယ့် စနစ်ကို Alternative Education လို့ သတ်မှတ်ပြီး အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်များအနက်မှ နောက်ဆုံးစီမံချက်ဖြစ်သော Alternative ပညာရေးအကြောင်းကို ရှင်းပြသည်။

အဆိုပါပညာရေးအစီအစဉ်သည် လက်ရှိဆောင်ရွက်နေသည့် ကျောင်းပညာရေးအပြင် ပညာစတင်သင်ယူနိုင်သည့်အရွယ်မှ ကွယ်လွန်သည့်တိုင် ဘဝသက်တမ်းတစ်လျှောက် သင်ယူသူများအတွက် လိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် စနစ်တကျဖွဲ့စည်းထားသည့် ပညာရေးအစီအစဉ်တစ်ခုဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲ ကြေညာစာတမ်းတွင် ကြိုတင်ကြေညာထားခဲ့ဖူးသည့် မူလတန်းပညာသင်ယူနိုင်ရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများနှင့် ဝေးလံသော ဒေသများတွင်နေထိုင်သည့် ကလေးများ စသည့်ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များဖော်ဆောင်ပေးမည်ဟူသည့် ကတိစကားအတိုင်း ပညာရေးဝန်ကြီးဌာနသစ်သည် ရက် ၁၀၀ စီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

ထို့ပြင် မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်မည့် ပညာသင်နှစ်သစ်အတွက် ရွှေ့လျားသို့မဟုတ် အိုးအိမ်နှင့် ရပ်ရွာအတည်တကျမရှိသည့် ကလေးများ၊ တိုင်းရင်းသားများနှင့် မသန်စွမ်းကလေးများ၊ ပဋိပက္ခဖြစ်ပွားရာဒေသများမှ ကလေးများအတွက် ဆီလျော်သည့် ပညာရေးအစီအစဉ်များကို ထည့်သွင်းထားရာ အရည်အသွေးပြည့်ဝသည့် ပညာရေး၏ အနှစ်သာရကို မြင်တွေ့နိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။


ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးအတွက် ကျောင်းသား ကျောင်းသူများ သန့်ရှင်းရေးဆောင်ရွက်နေကြစဉ်။

**၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။**


ဓာတ်ပုံ-Dagonuniversity.edu.mm


ကျောင်းကျန်းမာရေးရက်သတ္တပတ်အဖြစ်
ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။



ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နိုင်ရေး ကျောင်းအပ်နှံရေးသီတင်းပတ်လုပ်ငန်းစဉ်ကို
မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ကြေးမုံ
မေ ၃၀၊ ၂၀၁၆ (တနင်္လာနေ့)

# ရက် ၁၀၀ စီမံချက်ဖြင့် စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းဖွင့်

**မုံရွာ မေ ၂၉**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို မေလတတိယပတ်မှ စတင်ပြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး ခန်းမ၌ ရက် ၁၀၀ စီမံချက်ဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

သင်တန်းမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများမှ တိုင်းဒေသကြီးအဆင့် တာဝန်ခံများနှင့် မုံရွာစီးပွားရေးတက္ကသိုလ်မှ ဆရာမများက စီမံကိန်းဘာသာရပ်အဖြစ် စီမံကိန်းသဘောသဘာဝ၊ မြန်မာနိုင်ငံတွင်ရေးဆွဲခဲ့သော စီမံကိန်းများ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ညွှန်းကိန်းများ၊ ကဏ္ဍ/ဒေသန္တရ စီမံကိန်း ရေးဆွဲခြင်းနှင့် ဦးစားပေးအစီအစဉ်၊ ကျေးရွာ/ရပ်ကွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ရေးဆွဲခြင်း၊ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တွက်ချက်ခြင်း၊ စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် ထိန်းကျောင်းကြပ်မတ်ခြင်း၊ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အခြေခံအချက်အလက်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခြင်း(SDG) ဘာသာရပ်များ၊ ငွေရေးကြေးရေး ဆိုင်ရာဘာသာရပ်အဖြစ် ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘာသာရပ်အဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ အာဆီယံစီးပွားရေးအသိုက်အဝန်း ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိရာ လက်တွေ့နယ်ပယ်နှင့် နှိုင်းယှဉ်စိစစ်သုံးသပ်ပို့ချပေးပြီး ဖွံ့ဖြိုးမှုဆိုင်ရာဘာသာရပ်များကို သင်ကြားပေးမှာဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ သင်တန်း ဖွင့်လှစ်ခြင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသန္တရစီမံကိန်းနှင့် အမျိုးသားစီမံကိန်းများရေးဆွဲရာတွင် စီမံကိန်းရေးဆွဲခြင်း၏ သဘောသဘာဝ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတများ၊ အခွန်၏သဘောတရားများကို လူငယ်လူရွယ်များက သိရှိနားလည်ပြီး နိုင်ငံတော်တည်ဆောက်ရေးကို တစ်ဖက်တစ်လမ်းမှ ထိထိရောက်ရောက် အကျိုးပြုလာနိုင်မည်ဖြစ်ပြီး သင်တန်းကို မေ ၁၉ ရက်မှ ဇွန် ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဝန်ထမ်းသင်တန်းသား ၁၀ ဦးနှင့် ပြင်ပသင်တန်းသား ၃၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။



**(ဖိုးချမ်း-မုံရွာ)**



# သွေးလွန်တုပ်ကွေးနှင့် ဇီကာပိုင်းရပ်ကာကွယ်ရေး ဆောင်ရွက်ပေး

**ရန်ကုန် မေ ၂၉**
ရက် ၁၀၀ ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာပိုင်းရပ်ခြင်ကြောင့်ဖြစ်သည့်ရောဂါများ ကြိုတင်ကာကွယ် နှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူဗဟိုပြုကာ ပြည်သူများပါဝင်သည့် လှုပ်ရှားမှုအသွင်ဖြင့် အပတ်စဉ် ခရိုင်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၈ ရက် နံနက်က တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက်တွင် သွေးလွန်တုပ်ကွေးနှင့် ဇီကာပိုင်းရပ်ကာကွယ်ရေး ခြင်ထောင်ဆေးစိမ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခပ်ပေးခြင်း၊ ဖုန်းသွန်လဲစစ်နှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြသည်။

"သွေးလွန်တုပ်ကွေးနဲ့ ဇီကာပိုင်းရပ်ကာကွယ်ရေးလုပ်တာမှာပြည်သူဗဟိုပြုတဲ့အတွက် ပြည်သူတွေပါ တစ်ဖက်တစ်လမ်းကပါဝင်လာအောင် ပညာပေးလှုံ့ဆော်ပြီးစည်းရုံးရတာပါ။ ပုဏ္ဏားကုန်းရပ်ကွက်က လက်လုပ်လက်စားများတယ်။ အိမ်ခြေတွေကစိတ်ပြီး လေဝင်၊ လေထွက်နဲ့ ရေစီးဆင်းမှုမကောင်းရင် ရောဂါအလွယ်တကူရရှိစေနိုင်တာကြောင့် တာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး ပြည်သူတွေပါဝင်တဲ့ လှုပ်ရှားမှုလုပ်ပေးတာပါ။ ကျောင်းဖွင့်ရာသီဖြစ်တဲ့အတွက်လည်း ကလေးတွေ သွေးလွန်တုပ်ကွေးမဖြစ်စေရေး ဦးစားပေးဆောင်ရွက်ရတာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးက ရှင်းပြသည်။

အလားတူ ကာကွယ်ရေးလုပ်ငန်းများအား အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်၊ အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်များ၌ ဆောင်ရွက်ပေးခဲ့ကြသည်။

**၁၉၄**

# ပုလဲမြို့နယ်တွင် အခြေခံပညာကျောင်း အဆင့်တိုး ၄၆ ကျောင်းရရှိ

**ပုလဲ မေ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း အဆင့်တိုး ၄၆ ကျောင်းရရှိ၍ ကျောင်းသား ကျောင်းသူများ၏ ပညာရေးမျှော်မှန်းချက်များ ပိုမိုရရှိလာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောသည်။

ပုလဲမြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဇော်မြင့်က "ကျွန်တော်တို့ မြို့နယ်အနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်တိုး၂၂ ကျောင်း၊အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုး ၁၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း အဆင့်တိုး ငါးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့်တိုး သုံးကျောင်း စုစုပေါင်း ၄၆ ကျောင်းကို နိုင်ငံတော်က ခွင့်ပြုပေးခဲ့ပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း အဆင့်တိုးရရှိသည့် ၄၆ ကျောင်းတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်သို့ အခြေခံပညာမူလတန်းလွန်ကျောင်း စစ်ရင်၊ ကြိုပင်၊ လက်ပန်၊ ကျောက်ကုန်း၊ ပုပ္ပါး၊ ဇီးရင်း၊ နှောရိုး၊ မုံပင်၊ သင်တီးကန်၊ မင်းမ(အရှေ့)၊ ရွှေလောင်း၊ အင်ကြင်းစု၊ ရွာထင်၊ သရက်ကန်၊ ဘန့်ဘွေး၊ ရွာသာ၊ ဦးနှောက်၊ ချင်ပြစ်ကျင်း၊ သေတ္တရာ၊ မုံကြိုင်း၊ ဆင်ရှင်နှင့် ဇီးဖြူကုန်း(တ)၊ အခြေခံပညာမူလတန်းလွန်ကျောင်းအဆင့်သို့ အခြေခံပညာမူလတန်းကျောင်း သပြေရေ၊ တောင်ရင်း၊ ပြင်လှိုင်း၊ ကျောက်ဆင်ထူး၊ သီတင်း၊ ချောင်းနား၊ သက္ကယ်ကျင်း(အ)၊ တောင်ပျောက်၊ ကုန်းရွာ၊ သာယာကုန်း၊ ခေါင်းပွာ၊ ခင်သာ၊ ဂျပ်၊ ကျော်တော၊ ငှက်ပျောတောနှင့် ကျွဲကျ၊ အခြေခံပညာမူလတန်းကျောင်းအဆင့်သို့ အမက(ခွဲ) ကံသာယာ၊ ချမ်းသာအောင်၊ ပုလဲမြိုင်၊ ဖိုမိုးအိုက်နှင့် ကိုယ့်အားကိုယ်ကိုးကျောင်း ပိတောက်ကုန်းမှာ၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆင့်သို့ ကိုယ့်အားကိုယ်ကိုးကျောင်း ပြောင်းခင်းကြီး၊ အုန်းပင်တောနှင့် ရေချမ်းသာတို့ဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# ရက် ၁၀၀ စီမံချက်ပါ မြို့လယ်ချောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**သီပေါ မေ ၂၉**
စည်ပင်သာယာရေးဌာန၏ ရက် ၁၀၀ စီမံချက်တွင် ပါဝင်သော သီပေါမြို့သန့်ရှင်းသာယာလှပရေးနှင့် မြို့လယ်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် နုန်းဆယ်သန့်ရှင်းရေးလုပ်ငန်းများကို စက်ယန္တရားများအကူအညီဖြင့်မေ ၂၇ ရက်နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

သီပေါမြို့သန့်ရှင်းသာယာရေးနှင့် မြို့လယ်မှ စီးဆင်းနေသည့် မြို့လယ်ချောင်းအတွင်း အမှိုက်များနှင့် နုန်းများရှင်းလင်းဆယ်ယူရေးလုပ်ငန်းများကို သီပေါမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့် ဦးဆောင်၍ အင်ဂျင်နီယာဌာန ဝန်ထမ်းများ၊ စည်ပင်ရုံးဝန်ထမ်းများနှင့် သန့်ရှင်းရေးဌာနဝန်ထမ်းများက ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

အဆိုပါ စည်ပင်သာယာရေးဌာန၏ ရက် ၁၀၀ စီမံချက်လုပ်ငန်းများကို လိုအပ်သလို နေ့စဉ် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။ **(သီပေါကိုလတ်)**



# ရက် ၁၀၀ စီမံချက်ဖြင့် ဒိုက်ဦးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ဒိုက်ဦး မေ ၂၉**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ပျဉ်ထောင်တွင်း တံတားတစ်စင်းနှင့် နွေရာသီ သောက်သုံးရေရှားပါးမှု ကြုံတွေ့နိုင်သော ကျေးရွာနှစ်ရွာတို့၌ ရေရရှိရေးတို့အတွက် လေးလက်မအကျယ်ရှိ တွင်းတိမ်နှစ်တွင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်းနှင့် ဝန်ထမ်းများသည် သောက်သုံးရေရှားပါးခဲ့သော သုံးခွကျေးရွာ၊ အမရကျေးရွာတို့တွင် ရေရရှိရေးအတွက် လေးလက်မအကျယ်ရှိ တွင်းတိမ်တစ်တွင်းစီ တူးဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပျဉ်းမလွင်ကျေးရွာနှင့် ပျဉ်ထောင်တွင်းကျေးရွာကို ဆက်သွယ်ထားသောလမ်းမပေါ်ရှိ ပျဉ်ထောင်တွင်းတံတား အရှည် ပေ ၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကမ်းကပ်ခုံကွန်ကရစ်၊ သံမဏိ သံပါင်ခံ သစ်သားကြမ်းခင်းတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ကျပ် ၂၇ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တံတားပြီးစီးသွားပါက ကန်ကလေး၊ ပျဉ်းမလွင်၊ ပျဉ်ထောင်တွင်း၊ ကြွေးခင်တန်း၊ ကျောင်းကုန်း၊ ကညင်တစ်ပင်ကျေးရွာတို့ရှိ ဒေသခံပြည်သူများ ရာသီမရွေး လွယ်ကူစွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ် မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။

(စာတည်း)



(တက္ကသိုလ်
ဟန်စိုးဦး)

# ရပ်ဝန်းတစ်ခု
# လမ်းကြောင်းတစ်ခု (၁၁)

## ကြုံတွေ့လာနိုင်သည့် အခက်အခဲများနှင့် စိန်ခေါ်မှုများ

တရုတ်နိုင်ငံက အဆိုပြုထားတဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ ပထဝီအနေအထားအရ ကြီးမားကျယ်ပြန့်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သမိုင်းကြောင်းနဲ့ ကိုးကွယ်ယုံကြည်မှု ကွဲပြားခြားနားတဲ့ နိုင်ငံပေါင်း (၆၅) နိုင်ငံ ပါဝင်အကျုံးဝင်လျက်ရှိတဲ့အတွက် လက်တွေ့အကောင်အထည်ဖော်ရာမှာ လွယ်လွယ်ကူကူပြီးမြောက်နိုင်မယ့် စီမံချက်မဖြစ်နိုင်ဘူးဆိုတာ သိသာလှပါတယ်။

မြေပြင်အခြေစိုက် ပိုးလမ်းမစီးပွားရေးလမ်းကြောင်းကိုကြည့်ရင် အာရှအလယ်ပိုင်းဒေသဟာ အရေးပါတဲ့နေရာကပါဝင်နေပြီး ယခင်ဆိုဗီယက်ပြည်ထောင်စုက ကွဲထွက်လာတဲ့ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မေနစ္စတန်နဲ့ ဥဇဘက်ကစ္စတန် ငါးနိုင်ငံကို ဖြတ်သန်းသွားပါတယ်။ ဒီငါးနိုင်ငံစလုံးဟာ ပထဝီအနေအထား၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းကြောင်းနဲ့ ကိုးကွယ်ယုံကြည်မှုမှာ တူညီမှုတွေ အများအပြားရှိနေသော်လည်းပဲ နိုင်ငံရေး၊ စီးပွားရေးနဲ့ နိုင်ငံခြားဆက်ဆံရေးမူဝါဒတွေမှာ ကွဲပြားခြားနားမှုတွေ အများအပြားရှိနေပါတယ်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်မှာ အာရှအလယ်ပိုင်းဒေသမှာ နိုင်ငံအကျယ်အဝန်းအရ အကြီးဆုံးနိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ ကာဇက်စတန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံတို့ဟာ ဒေသတွင်းပေါင်းစည်းမှု ပိုမိုရရှိရေးအတွက် ကြိုးပမ်းခဲ့ပါတယ်။ အာရှအလယ်ပိုင်းသမဂ္ဂ (Central Asian Union) ဖွဲ့နိုင်ဖို့အတွက် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း တာ့ရှ်ကင့်မြို့(Tashkent)မှာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ကာဂျစ္စတန်နိုင်ငံကလည်း နောက်ပိုင်းမှာ ပါဝင်လာခဲ့ပါတယ်။ အာရှအလယ်ပိုင်းသမဂ္ဂ ဖွဲ့စည်းခဲ့ခြင်းဟာ အာရှအလယ်ပိုင်းဒေသမှာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် စီးပွားရေးအရ ပေါင်းစည်းမှုခိုင်မာလာစေဖို့အတွက် အစပြုနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ သို့သော်လည်း နောက်နှစ်ပေါင်း(၂၀)အကြာမှာ အာရှအလယ်ပိုင်းဒေသတွင်းမှာရှိတဲ့ နိုင်ငံများအကြား မသင့်မြတ်မှု၊ ပြည်ပအင်အားကြီးနိုင်ငံတွေရဲ့ ဝင်ရောက်စွက်ဖက်မှုတွေ ရှိလာတဲ့အတွက် အာရှအလယ်ပိုင်းဒေသနိုင်ငံများ ပေါင်းစည်းရေးအိပ်မက်ဟာ သဲထဲရေသွန်ဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် အာရှအလယ်ပိုင်းဒေသတွင်းနိုင်ငံများအကြားမှာ နိုင်ငံတော်အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ နယ်မြေအငြင်းပွားမှု၊ ရေအရင်းအမြစ်နဲ့ စွမ်းအင်အရင်းအမြစ်ဆိုင်ရာ အငြင်းပွားမှုတွေကို ဖြေရှင်းနိုင်ခြင်းမရှိသေးသလို နိုင်ငံရေး၊ သံတမန်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ကွဲပြားခြားနားမှုတွေ၊ အပြန်အလှန် မယုံကြည်မှုတွေ၊ ဒေသတွင်း ဦးဆောင်မှုအနေအထားရရှိရေးအတွက် ပြိုင်ဆိုင်မှုတွေ ရှိနေဆဲဖြစ်ပါတယ်။




(အာရှအလယ်ပိုင်းနိုင်ငံများ၏ မြေပုံ)

တရုတ်နိုင်ငံဟာ အာရှအလယ်ပိုင်းဒေသအတွင်းမှာ ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ခဲ့သလို ဒေသတွင်းမှာရှိတဲ့ နိုင်ငံအများစုရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာခဲ့ပေမယ့် ဒေသတွင်းမှာ ရုရှားနိုင်ငံဟာ စီးပွားရေးအရ လွှမ်းမိုးမှုအရှိဆုံးနိုင်ငံအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ အာရှအလယ်ပိုင်းနိုင်ငံများနဲ့ စွမ်းအင်ကဏ္ဍမှာ နီးကပ်စွာ ဆက်ဆံမှုရှိတဲ့အတွက် သူပြည်ပကနေတင်သွင်းနေရတဲ့ သဘာဝဓာတ်ငွေ့ စုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းကို တရုတ်-အာရှအလယ်ပိုင်းသဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းများကနေတစ်ဆင့် တင်သွင်းနိုင်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ အဲဒီပိုက်လိုင်းစီမံကိန်းတွေ စတင်အသက်ဝင်လာပြီးတဲ့နောက်မှာ အာရှအလယ်ပိုင်းဒေသနိုင်ငံတွေကနေ ရုရှားနိုင်ငံကို တင်ပို့နေတဲ့ သဘာဝဓာတ်ငွေ့ပမာဏဟာ ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ သို့သော်လည်း ရုရှားနိုင်ငံဟာ အာရှအလယ်ပိုင်းဒေသရဲ့ ရေနံဈေးကွက်မှာ တရုတ်နိုင်ငံထက် ပိုပြီးကြီးမားတဲ့ကဏ္ဍကနေ ပါဝင်နေဆဲဖြစ်ပါတယ်။ တာဂျစ်ကစ္စတန်နိုင်ငံဟာ သူ့ရဲ့ရေနံထွက်ပစ္စည်း ၉၀ ရာခိုင်နှုန်းကို ရုရှားနိုင်ငံကနေ တင်သွင်းနေရဆဲဖြစ်သလို ကာဂျစ္စတန်နိုင်ငံဟာလည်း သူအသုံးပြုနေတဲ့ စွမ်းအင်ပမာဏရဲ့ ၉၂ ရာခိုင်နှုန်းကို ရုရှားနိုင်ငံကနေ ဝယ်ယူသုံးစွဲနေရတာဖြစ်ပါတယ်။

အလားတူ အာရှအလယ်ပိုင်းဒေသနိုင်ငံအများစုက လူငယ်လူရွယ်တွေဟာ ရုရှားနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြပြီး အဲဒီလူတွေ သူတို့နိုင်ငံတွေဆီကို ပြန်လည်လွှဲပြောင်းပေးပို့တဲ့ ငွေပမာဏဟာလည်း ကြီးမားလှတာကို တွေ့မြင်ရပါတယ်။ ကမ္ဘာ့ဘဏ်ကနေရရှိတဲ့ အချက်အလက်တွေအရ ရုရှားနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ အာရှအလယ်ပိုင်းနိုင်ငံက ပြည်သူတွေရဲ့ ပြန်လည်လွှဲပြောင်းပေးပို့ငွေဟာ ၂၀၁၃ ခုနှစ်မှာ တာဂျစ္စတန်နိုင်ငံနဲ့ ကာဂျစ္စတန်နိုင်ငံတို့ရဲ့ ဂျီဒီပီရဲ့ ၂၅ ရာခိုင်နှုန်းအသီးသီးရှိပြီး ဥဇဘက်ကစ္စတန်နိုင်ငံ ဂျီဒီပီရဲ့ ၁၂ ရာခိုင်နှုန်းရှိတယ်လို့ သိရှိရပါတယ်။ ရုရှားနိုင်ငံမှာ မကြာသေးမီက စီးပွားရေးအကျပ်အတည်း ကြုံတွေ့ခဲ့ရပြီး နိုင်ငံရဲ့ ရူဘယ်ငွေတန်ဖိုး ကျဆင်းသွားခဲ့တဲ့အတွက် အာရှအလယ်ပိုင်းနိုင်ငံက ပြည်သူတွေရဲ့ ပြန်လည်လွှဲပြောင်းပေးပို့ငွေဟာ သိသာစွာကျဆင်းသွားခဲ့ပေမယ့် အဲဒီလွှဲပြောင်းငွေတွေဟာ ဒီနိုင်ငံတွေရဲ့ ဂျီဒီပီမှာ အရေးပါတဲ့အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ဒါ့အပြင် ရုရှားနိုင်ငံဟာ တရုတ်နိုင်ငံထက်စာရင် ဒေသတွင်းမှာ သူဦးဆောင်တဲ့ ဒေသတွင်းစီးပွားရေးအရ ပေါင်းစည်းရေးအစီအစဉ်တွေကို အောင်မြင်စွာဆောင်ရွက်နိုင်စွမ်းရှိနေတာကိုလည်း တွေ့မြင်ရပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၀၃ ခုနှစ်မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Shanghai Cooperation Organization-SCO)လွတ်လပ်စွာကုန်သွယ်ရေးဇုန်ကို အဆိုပြုထားသော်လည်း လက်တွေ့မှာ အကောင်အထည်ဖော်နိုင်မှု အားနည်းနေသေးပါတယ်။ ရုရှားနိုင်ငံဟာ ၂၀၁၀ ပြည့်နှစ်မှာ သူဦးဆောင်တဲ့ အာရှဥရောပအကောက်ခွန်သမဂ္ဂ (Eurasian Customs Union)ကို စတင်ဖွဲ့စည်းနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှာ အာရှဥရောပစီးပွားရေးသမဂ္ဂ (Eurasian Economic Union-EEU)အဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ EEU မှာ ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန်၊ အာမေးနီးယား၊ ကာဂျစ္စတန်နိုင်ငံတို့ ပါဝင်ပြီး တာဂျစ်ကစ္စတန်နဲ့ တူရကီနိုင်ငံတို့လည်း ပါဝင်လာဖို့ရှိပါတယ်။ EEU ရဲ့ရည်မှန်းချက်က အဖွဲ့ဝင်နိုင်ငံများအကြား ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေအတွက် တစ်ခုတည်းသောဈေးကွက်ဖြစ်လာစေရေး ဖြစ်ပါတယ်။ EEU အဖွဲ့ဟာ တရုတ်နိုင်ငံရဲ့ အာရှအလယ်ပိုင်းနိုင်ငံများအကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုမှာ အခက်အခဲတစ်ခု ဖြစ်လာနိုင်ဖွယ်ရာရှိပါတယ်။

နိုင်ငံရေးနဲ့ လုံခြုံရေးအပိုင်းမှာလည်း ရုရှားနိုင်ငံဟာ ဒေသတွင်းမှာ လွှမ်းမိုးမှုကြီးမားဆဲဖြစ်တယ်ဆိုတာ အလွယ်တကူတွေ့မြင်နိုင်ပါတယ်။ ဒေသတွင်းမှာရှိတဲ့ ငါးနိုင်ငံစလုံးဟာ ရုရှားနိုင်ငံက ဦးဆောင်ဖွဲ့စည်းထားတဲ့ လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့(Commonwealth of Independent States-CIS) မှာ အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိပါတယ်။ CIS မူဘောင်အောက်မှာ စုပေါင်းကာကွယ်ရေးစာချုပ်အဖွဲ့(Collective Security Treaty Organization-CSTO)ကို ဖွဲ့စည်းထားပြီး ရုရှားနိုင်ငံဟာ စစ်ရေးကဏ္ဍမှာ ဦးဆောင်မှုကို ရယူထားပါတယ်။ နေတိုးတပ်ဖွဲ့ဝင်တွေ ၂၀၁၄ ခုနှစ်မှာ အာရှအလယ်ပိုင်းဒေသကနေ ပြန်လည်ရုပ်သိမ်းသွားပြီးတဲ့နောက်ပိုင်းမှာ ရုရှားဦးဆောင်တဲ့ CSTO အဖွဲ့ဟာ ဒေသတွင်းမှာ အဓိကကျတဲ့ လုံခြုံရေးအင်အားစုတစ်ရပ်ဖြစ်လာခဲ့ပါတယ်။

“ တရုတ်နိုင်ငံဟာ အာရှအလယ်ပိုင်းနိုင်ငံများနဲ့ စွမ်းအင်ကဏ္ဍမှာ နီးကပ်စွာ ဆက်ဆံမှုရှိတဲ့အတွက် သူပြည်ပကနေ တင်သွင်းနေရတဲ့ သဘာဝဓာတ်ငွေ့ စုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းကို တရုတ်-အာရှအလယ်ပိုင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းများကနေတစ်ဆင့် တင်သွင်းနိုင်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ အဲဒီပိုက်လိုင်းစီမံကိန်းတွေ စတင်အသက်ဝင်လာပြီးတဲ့နောက်မှာ အာရှအလယ်ပိုင်းဒေသနိုင်ငံတွေကနေ ရုရှားနိုင်ငံကို တင်ပို့နေတဲ့ သဘာဝဓာတ်ငွေ့ပမာဏဟာ ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ သို့သော်လည်း ရုရှားနိုင်ငံဟာ အာရှအလယ်ပိုင်းဒေသရဲ့ ရေနံဈေးကွက်မှာ တရုတ်နိုင်ငံထက် ပိုပြီးကြီးမားတဲ့ကဏ္ဍကနေ ပါဝင်နေဆဲ ”

ခ ကိုရင်ညြ

# မတူကွဲပြား လက်ချောင်းများ အင်အားဖန်တီးသည်

ယခုရက်သတ္တပတ်အတွင်း ကျွန်ုပ်တို့၏ အာရှဘုမ္မိမြေသို့ ရောက်ရှိလာသူ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ဦးသည်ကား ဘားရက် အိုဘားမားဟု အမည်သညာတွင်လေသူ အမေရိကန်သမ္မတဖြစ်လေ၏။

အာရှခရီးစဉ်ကို အပြင်းနှင်လာသူ သမ္မတအိုဘားမားသည် မေ ၂၅ ရက်တွင် ဂျပန်နိုင်ငံသို့ ဆိုက်ရောက်လာခြင်းမရှိမီ ထူးထူးခြားခြားတွေ့မြင်ရသည့် ဆက်ဆံရေးအခွင့်အလမ်းအဖြစ် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ရောက်ရှိခဲ့လေသည်။

သံတမန်ရေး ချစ်ကြည်ရေးခရီးစဉ်၏ ပျားရည်ဆမ်း ပုံရိပ်လွှာများကို ကမ္ဘာ့သတင်း စာမျက်နှာများပေါ်တွင် ကျွန်ုပ်တွေ့မြင်ရပြီးလျှင် အရှေ့တောင်အာရှ၊ အင်ဒိုချိုင်းနားကျွန်းဆွယ်ရှိ ဗီယက်နမ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆန်းစသော်တာ ဆက်ဆံရေးအရွေ့ကို ပြကတေ့ ဆင်ခြင်သုံးသပ်ရန် ကျွန်ုပ်စိတ်ကိုင်းညွတ်မိလေသည်။

ဗီယက်နမ်နိုင်ငံသည်ကား တောင်တရုတ်ပင်လယ်နှင့် တုန်ကင်ပင်လယ်ကွေ့တို့၏ နှုတ်ခမ်းသတ်နေရာ တစ်နေရာတွင် ငြိမ်းချမ်းသာယာစွာ တည်ရှိနေသည့် နိုင်ငံပေတည်း။

ဗီယက်နမ်နိုင်ငံသည် ၁၉၉၅ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီးလျှင် ယင်းနှစ်မှာပင် အမေရိကန်ပြည်ထောင်စုနှင့် သံတမန်ဆက်ဆံရေးကို ပြန်လည်ထူထောင်ခဲ့သည်။

သမိုင်းတွင်ရစ်လေသော ၁၉ နှစ်ကြာ ဗီယက်နမ်စစ်ပွဲကြီးအပြီး ဆယ်စုနှစ် နှစ်ခုကြာ ကာလအရောက်တွင် သံတမန်ဆက်ဆံရေးကို ပြန်လည်အသက်သွင်းခဲ့ကြကာ ချစ်ကြည်ရေးလက္ခဏာများကို အသီးသီး ထုတ်ဖော်ပြသခဲ့ကြလေရာ ရွှေ့လျားနေသော သမိုင်းရှက်လှေကြီး လှိုင်းတံပိုးများ၏ ဘောင်ဘင်ခတ်မှုမှ ကျော်လွှားလွန်မြောက်ခဲ့ပြန်ချေပြီဟူ၍ ကျွန်ုပ်တွေးတောမိလေသည်။

**ပြောင်းလဲချိန်တန်ပြီ**

အမေရိကန်နှင့် ဗီယက်နမ်တို့၏ ဆက်ဆံရေးလမ်းပန်းခရီးတွင် တစ်ချိုးတစ်ကွေ့သို့ ရောက်ရှိလာ၏။ ပြောင်းလဲချိန်တန်လျှင် ပြောင်းလဲရရိုးရှိသည့် လောကတံထွာ ဓမ္မတာနှင့်အညီပင် ခနရှင် အမေရိကန်နှင့် ကွန်မြူနစ် ဗီယက်နမ်တို့ သမိုင်းစဉ်တွင် နေရာယူကြလေပြီ။

အမေရိကန်နှင့် ဗီယက်နမ်တို့၏ ဆက်ဆံရေးအလှည့်အပြောင်းမှာ တစ်မူထူးခြားလှပြီး သမိုင်းအရပေးဆပ်ရမှု တန်ဖိုးကြီးမားလှပုံကို ကျွန်ုပ်တို့ ယနေ့တိုင် မမေ့နိုင်ပေ။

သမိုင်းစဉ်ကို ငဲ့စောင်းကြည့်လျှင် ရန်သူတော်နိုင်ငံများဟူသော ဖြစ်တည်မှုမှ မိတ်သဂ်ဟနိုင်ငံများဟူသော ဖြစ်တည်မှုသို့ပြောင်းလဲလာခဲ့ခြင်းမှာ အခါအခွင့်သင့်သည့် သံတမန်အရွေ့ဟု ဆိုနိုင်ပေလိမ့်မည်။

သမိုင်းအရ တန်ဖိုးကြီးကြီးပေးဆပ်ခဲ့ကြရသော စစ်ပွဲကြီးသည်ကား 'ဗီယက်နမ်စစ်ပွဲ' ပေတည်း။

**ဗီယက်နမ်စစ်ပွဲ**

ဗီယက်နမ်စစ်ပွဲဆိုသည်မှာ စစ်အေးကာလအတွင်း ဗီယက်နမ်နိုင်ငံ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော စစ်ပွဲဖြစ်သည်။ ၁၉၅၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်၍ ဆိုင်ဂုံမြို့ ကျဆုံးသည့် ၁၉၇၅ ခုနှစ် ဧပြီ ၃၀ ရက်တွင် ပြီးဆုံးခဲ့သည်။

ဗီယက်နမ်စစ်ပွဲသည် ပထမအင်ဒိုချိုင်းနားစစ်အပြီးတွင် ဖြစ်ပွားခဲ့သည်။ မဟာမိတ်များက ထောက်ပံ့ကူညီသော မြောက်ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုနှင့် အခြားကွန်မြူနစ်ဆန့်ကျင်သူ မဟာမိတ်များက ထောက်ပံ့ကူညီသော တောင်ဗီယက်နမ်တို့ တိုက်ခိုက်ကြသည့် စစ်ပွဲဖြစ်သည်။

ကွန်မြူနစ်တို့ ဦးဆောင်သော တောင်ဗီယက်နမ်ရှိ ဗီယက်ကောင်းသို့မဟုတ် အမျိုးသားလွတ်မြောက်ရေး တပ်ဖွဲ့က ဒေသအတွင်းရှိ ကွန်မြူနစ်ဆန့်ကျင်သည့် တပ်များကို ပြောက်ကျားစစ်ဖြင့် တိုက်ခိုက်ခဲ့ကြသည်။

ဗီယက်နမ် အမျိုးသားတပ်မတော် (မြောက်ဗီယက်နမ်တပ်မတော်) ကမူ အလုံးအရင်းနှင့် ပုံမှန်စစ်ပွဲကို ဆင်နွှဲကြသည်။ အမေရိကန်နှင့် ပူးပေါင်းတပ်ဖွဲ့များက လေကြောင်းတိုက်ပွဲနှင့် ပစ်ခတ်မှု အားသာချက်တို့အပေါ်တွင် အခွင့်ကောင်းယူ၍ မြေပြင်တပ်များ၊ အမြောက်တပ်များနှင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ ပူးပေါင်း၍ စစ်ဆင်ရေးကို ဆင်နွှဲကြသည်။

အမေရိကန်အစိုးရက ထိုစစ်ပွဲတွင် ပါဝင်ပတ်သက်မှုအား ကွန်မြူနစ်တို့ တောင်ဗီယက်နမ်အား သိမ်းပိုက်ခြင်းမှ တဆင့် ကွန်မြူနစ်ဝါဒ ပျံ့နှံ့ခြင်းကို တားဆီးနိုင်ရန်ဟု ထင်မြင်ယူဆသည်။

မြောက်ဗီယက်နမ်အစိုးရနှင့် ဗီယက်ကောင်းတို့ကမူ အစပထမတွင် အမေရိကန် ကျောထောက်နောက်ခံ ပေးထားသော ပြင်သစ်နှင့် နောင်တွင် အမေရိကန်၏ ရုပ်သေးအစိုးရနှင့် တိုက်ခိုက်သော ကိုလိုနီစစ်ပွဲအဖြစ် ယူဆကြသည်။ ပြည်သူများမှာ မြေစာပင်ဖြစ်ရသည်။

အမေရိကန်စစ်ရေးအကြံပေးများသည် ထိုစဉ်က ပြင်သစ်အင်ဒိုချိုင်းနားဟုခေါ်သော ထိုနေရာသို့ ၁၉၅၀ ပြည့်နှစ်တွင် စတင်ရောက်ရှိခဲ့သည်။ အမေရိကန်တို့၏ ပါဝင်ပတ်သက်မှုသည် ၁၉၆၀ နှစ်များ အစောပိုင်းတွင် အရှိန်မြင့်လာပြီး အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့များ ၁၉၆၅ တွင် စတင် တပ်စွဲခဲ့သည်။

စစ်ဆင်ရေးသည် နိုင်ငံတကာ နယ်နိမိတ်များအထိတိုင်အောင် ပျံ့နှံ့ခဲ့ပြီး လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့လည်း အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခံခဲ့ရသည်။

အမေရိကန်တို့၏ စစ်ပွဲတွင် ပါဝင်ပတ်သက်မှုသည် "တက် တိုက်ခိုက်မှု (Tet Offensive) ဟု ခေါ်သောအချိန်ဖြစ်သည့် ၁၉၆၈ ခုနှစ်တွင် အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်။

ထိုနောက်ပိုင်းတွင် အမေရိကန် မြေပြင်တပ်များသည် ဗီယက်နမ်မိုင်ဇေးရှင်း (Vietnamization) ပေါ်လစီအရ တဖြည်းဖြည်း ဆုတ်ခွာလာခဲ့သည်။ ၁၉၇၃ ဇန်နဝါရီလတွင် ပါရီငြိမ်းချမ်းရေး သဘောတူညီချက်ကို ပါဝင်တိုက်ခိုက်သူအားလုံးက လက်မှတ်ရေးထိုးခဲ့သော်လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သေးသည်။

အမေရိကန်တို့၏ ပါဝင်ပတ်သက်မှုသည် ၁၉၇၃ ခု ဩဂုတ်လ ၁၅ ရက်တွင် ပြီးဆုံးခဲ့သည်။ အမေရိကန် ကွန်ဂရက်မှ အတည်ပြုလိုက်သော ကေ့စ်-ချပ် ပြင်ဆင်မှုဥပဒေကြောင့်ဖြစ်သည်။

ဗီယက်နမ် အမျိုးသားတပ်မတော်က ဆိုင်ဂုံအား ၁၉၇၅ ခုနှစ် ဧပြီလတွင် သိမ်းပိုက်ပြီးနောက် စစ်ပွဲပြီးဆုံးခဲ့ကာ နောက်တစ်နှစ်တွင် မြောက်ဗီယက်နမ်နှင့် တောင်ဗီယက်နမ်တို့ ပြန်လည်ပေါင်းစည်းခဲ့သည်။ စစ်ပွဲကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။

**သံတမန်ဗျူဟာသစ်**

သံတမန်ဗျူဟာ အခင်းအကျင်းအသစ်သည် အိုဘားမား၏ ခရီးစဉ်ကို ထင်ဟပ်လျက်ရှိသည်ဟု ကျွန်ုပ်ရိပ်စားမိ၏။ အကြောင်းမူကား သူ၏ ခရီးစဉ်အတွင်း အတိတ်ကာလ ပိတ်ဆို့မှုကြီးတစ်ရပ်ကို ပွင့်သွားအောင် ရှင်းလင်းဖယ်ထုတ်ပေးလိုက်ခြင်းကြောင့်တည်း။

ဗီယက်နမ်နိုင်ငံအပေါ် ချမှတ်ထားခဲ့သော လက်နက်ရောင်းချမှု ပိတ်ပင်ရေး တားမြစ်မိန့်ကို ပယ်ဖျက်ပေးလိုက်ပြီဟု သမ္မတ အိုဘားမားက ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ ဒေသတွင်း၌ တောင်တရုတ်ပင်လယ်အရေး တင်းမာမှုတအုံနွေးနွေး ဖြစ်နေချိန်နှင့် ချိန်ခါသင့်ဖြစ်နေသည်ဟု ရှုမြင်ကြရ၏။

အမေရိကန်နှင့် ယင်း၏ အာရှမိတ်ဆွေနိုင်ငံများက တစ်ဘက်၊ တရုတ်နိုင်ငံက တစ်ဘက် တောင်တရုတ်ပင်လယ်အရေး ပွတ်တိုက်မှုများ ဖြစ်ပေါ်ဆဲကာလတွင် လက်နက်ရောင်းချမှု တားမြစ်ပိတ်ပင်ရေး အမိန့်ကို အမေရိကန်က ပြန်လည်ရုပ်သိမ်းပေးလိုက်ရာ ဒီယုန်မြင်လို့ ဒီချုံထွင်သည့် လှုပ်ရှားမှုပေလောဟု စေ့ငုစရာရှိလာ၏။

"နိုင်ငံကြီးများက နိုင်ငံငယ်များအပေါ် အနိုင်မကျင့်ပါနဲ့"

"အငြင်းပွားမှုတွေ၊ စောဒနာပြုမှုတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းသင့်ကြပါတယ်" စသည့် အိုဘားမား၏ စကားလုံး အသုံးအနှုန်းများက ဒေသဆိုင်ရာ လုံခြုံရေးအခြေအနေကို မေးငေါ့ပြသနေသယောင် အတွေးဝင်စရာပင်။

ဗီယက်နမ်၌ သုံးရက်ကြာ သံတမန်ရေး လှုပ်ရှားမှုများပြုလုပ်ခဲ့အပြီး အိုဘားမား၏ ဦးတည်ရာမှာ ဂျပန်နိုင်ငံဖြစ်သည်။ ဂျပန်ခရီးစဉ်၏ အထွတ်အထိပ်မှာ ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု (ဂျီ-၇) ထိပ်သီးညီလာခံဖြစ်လေသည်။

**ဂျီ-၇ ၏ လားရာ**

ကမ္ဘာ့အချမ်းသာဆုံး အုပ်စုဖြစ်သော ဂျီ-၇ က ယခုနှစ်ညီလာခံတွင် မည်သည့် အခြင်းအရာများကို အလေးပေးဆွေးနွေးမည်နည်းဟု ကျွန်ုပ်စိတ်ဝင်စားမိ၏။

ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နှင့် အမေရိကန်တို့ ပါဝင်သော ဂျီ-၇ အုပ်စုသည် ထုံးစံအတိုင်းပင် ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် နိုင်ငံတကာ ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် ဦးတည်ရင်း ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

ဂျီ-၇ အုပ်စုက ကမ္ဘာကြီးနှင့် သက်ဆိုင်နေသောမည်သည့် အစီအစဉ်သစ်များကို ချမှတ်ပေးမည်၊ မည်ကဲ့သို့ ကတိကဝတ်များ ပြုကြမည်စသည်တို့နှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံအပေါင်းက စောင့်ကြည့်နေကြလေသည်။

ကမ္ဘာ့စီးပွားရေးတွင် အရေးကြီးလှသည်မှာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၌ အခြေခံအဆောက်အအုံများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် အရည်အသွေးပိုင်းဆိုင်ရာ စံနှုန်းများဝင်အောင် လုပ်ဆောင်သင့်သည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

ယနေ့ကာလတွင် တစ်ကမ္ဘာလုံး၌ နိုင်ငံများ စုပေါင်း၍ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုများ ရယူကာ လုပ်ကိုင်လာကြသည်ကို တွေ့မြင်ရသည်။ နိုင်ငံများအလိုက် အားသာချက်၊ အားနည်းချက်များ ရှိနေကြလင့်ကစား အားလုံးအတွက် တရားမျှတသော စျေးကွက်သစ်များကို ဖော်ဆောင်မည်ဟု နိုင်ငံအပေါင်းက ကောင်းမြတ်သော မနသိကာရ စိတ်ထားရှိကြပါလျှင် ကမ္ဘာ့စီးပွားရေးယန္တရားကြီး ချောမွေ့သွက်လက်လာမည်ဟု ကျွန်ုပ်တွေးဆမိလေသည်။

**ကမ္ဘာကြီးပိုမိုလုံခြုံစေဖို့**

ကမ္ဘာ့နိုင်ငံများသည် နိုင်ငံခြားရေးမူဝါဒအရ တစ်နိုင်ငံနှင့် တစ်နိုင်ငံ သဟဇာတဖြစ်စေလျက် ကမ္ဘာ့လုံခြုံရေးအတွက် ကြိုးပမ်းကြရန် အရေးကြီးလှပေသည်။

ယခုနှစ်ပိုင်းအတွင်း အကြမ်းဖက်မှု၊ အစွန်းရောက်မှု၊ ဒုက္ခသည် ပြဿနာများဖြင့် ဒွန်တွဲလွန်ဆွဲနေကြသည်ကို တွေ့မြင်ရ၏။ ဆီးရီးယားနိုင်ငံ၌ ငါးနှစ်ကြာပြည်တွင်းစစ်မီးမှာ ယနေ့တိုင် ငြိမ်းသတ်၍ မရနိုင်သေးပေ။ မီးတကာ့မီးများအနက် ပြည်တွင်းစစ်မီးသည် လောင်စာများ အလျှံပယ်ရှိနေသည့်အတွက် ငြိမ်းသတ်ရန်ခက်သည်ဟု ကျွန်ုပ်သံဝေဂရမိ၏။

ဒေသဆိုင်ရာ လုံခြုံရေးကိစ္စကို ဆက်ရလျှင် လုံခြုံရေးအတွက် နိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် ရလဒ်ကောင်းများရစေနိုင်သည်ဟု ရှုမြင်ရလေသည်။

တောင်တရုတ်ပင်လယ်အတွင်း ကျွန်းတုများ ဖန်တီးကာ "ဒါတို့ပြည်၊ ဒါတို့မြေ" ဟူ၍ ကြွေးကြော်သံများ ပေါ်ထွက်နေစဉ်မှာပင် အချုပ်အခြာအာဏာပိုင်စိုးရေးအတွက် တောင်းဆိုနေသည့် အသံဗလံများက ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်အထိ လျှံတက်လာကာ နားနှင့်မဆန့်အောင် ကြားနေရဆဲပင်ဖြစ်သည်။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်နှင့် ပဲ့ထိန်းဒုံးကျည် စီမံကိန်းများ အရေးမှာ ကမ္ဘာ့ပြဿနာတစ်ရပ်အဖြစ် ဂျီ-၇က ရှုမြင်ပြီးလျှင် ယင်းနိုင်ငံကို စုပေါင်းအားဖြင့် ညှပ်ပူးညှပ်ပိတ် ဝိုင်းချုပ်ကြဖို့ နည်းလမ်းများ ရှာဖွေလျက်ရှိပုံကိုလည်း ကျွန်ုပ်တွေ့မြင်ရ၏။

ခရိုင်းမီးယား ဒေသကို သိမ်းပိုက်မှု၊ ယူကရိန်းအရှေ့ပိုင်း၌ ခွဲထွက်ရေးဝါဒီများအား ထောက်ခံအားပေးမှုတို့ကို အကြောင်းပြု၍ ရုရှားနှင့် ဂျီ-၇ အကြား အားပြိုင်နေကြဆဲဖြစ်လေသည်။

**တရားဥပဒေစိုးမိုးရေး**

တရားဥပဒေစိုးမိုးရေးသည် တစ်ကမ္ဘာလုံးအတွက် အရေးကြီးလှပေရာ ဂျီ-၇ အုပ်စုက အလေးပေးလျက်ရှိသည်။

တရားဥပဒေစိုးမိုးရေးဟူသည် နိုင်ငံတစ်နိုင်ငံတည်းနှင့်သာ သက်ဆိုင်သည် မဟုတ်၊ နိုင်ငံတကာနှင့် သက်ဆိုင်သည်ဟု ယူဆနိုင်သည်။ ယနေ့ကမ္ဘာတွင် ကွန်ပျူတာကွန်ရက် (Cyberspace) လုံခြုံရေးအတွက် တရားဥပဒေစိုးမိုးမှုရှိရန် အရေးကြီးလှသည့် အချိန်အခါဖြစ်ပြီးလျှင် ဆိုင်ဘာ တိုက်ခိုက်မှုကြောင့် စစ်ရေးနှင့် လုံခြုံရေးမှသည် ဘဏ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအထိ အရှိုက်ထိုးခံရတတ်ပုံကို သတိမူကြပါလေ။

ဒီဂျစ်တယ်ကမ္ဘာကြီးအဖြစ် တည်ဆောက်ရေးအတွက် ဂျီ-၇ အုပ်စုက အားပေးလျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ ဒီဂျစ်တယ် ကမ္ဘာကြီးတွင် သတင်းအချက်အလက်များ လွတ်လပ်စွာ စီးဆင်းမှု ရှိရမည်ဖြစ်ပြီး အွန်လိုင်းဝန်ဆောင်မှုများမှ တစ်ဆင့် အဂတိလိုက်စားမှုကို လျှော့ချလာနိုင်ပေလိမ့်မည်။

လုံခြုံရေးကိစ္စရပ်များပြီးလျှင် အရေးတကြီးဆွေးနွေးရန်မှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်သည်။

ကမ္ဘာကြီးကို ဖိစီးနေသော ရာသီဥတုပြောင်းလဲလာမှု ပြဿနာမှာ ရေရှည်ကိုင်တွယ်ရမည့် စိန်ခေါ်မှုကြီးဖြစ်နေပြီး စွမ်းအင်ဆိုင်ရာ ဖြေရှင်းချက်များ ရရှိရန် ဂျီ-၇ က မည်သို့ရှေ့ဆက်မည်ကို ကမ္ဘာ့နိုင်ငံများက စောင့်ကြည့်လျက်ရှိကြသည်။

**မတူကွဲပြားလက်ချောင်းများ**

ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ တစ်နေရာနှင့် တစ်နေရာ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူကွဲပြားစွာ ရှိနေကြသည်။

လူ့လက်ချောင်းများသည် အတိုအရှည်၊ အနိမ့်အမြင့် ကွဲပြားခြားနားကာ တစ်ချောင်းနှင့် တစ်ချောင်း မတူကွဲပြားခြားနားသော်လည်း လက်ချောင်းများအားလုံး၏ စုစည်းအားကို အသုံးချကာ မိမိတို့လိုသလို လှုပ်ရှားနိုင်မှု ပြုလုပ်နိုင်ကြလေသည်။

မတူကွဲပြားနေသော ကမ္ဘာ့နိုင်ငံများသည် လက်ချောင်းများပမာပင် စုစည်းအားကို ဖန်တီးကာ ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် သာယာဝပြောသော လူ့ဘောင်သစ်ဆီသို့ ချီတက်နိုင်မည်ဟု တွေးတောမိရင်း "မတူကွဲပြား လက်ချောင်းများ အင်အားဖန်တီး သည်" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။



ဂျပန်နိုင်ငံ၌ ဘာသာရေးအရ အထွတ်အမြတ်ပြုသော ရှင်တိုဘုရားကျောင်းများအား ဂျီ-၇ ခေါင်းဆောင်များ လေ့လာကြစဉ်။ ဓာတ်ပုံ- in-cyprus.com

## ဝက်လက်မြို့ သန့်ရှင်းသာယာလှပရေးစီမံချက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဝက်လက် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ သန့်ရှင်းသာယာလှပရေးစီမံချက် အလုပ်ရုံဆွေးနွေးပွဲကို New Hall ခန်းမ၌ မေ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့မိမြို့ဖဦးဘမြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက မြို့နယ်ဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်းက စည်ပင်သာယာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က မြို့၏လိုအပ်ချက်များ၊ လူသားအရင်းအမြစ်ဆိုင်ရာများနှင့် လူထုပါဝင်ဆောင်ရွက်ရေးကိုလည်းကောင်းဆွေးနွေးခဲ့သည်။

မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌက မြို့လုပ်ငန်းများ အကြံပြုခြင်းကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြို့သည် ကျေးလက်နှင့်ဆက်သွယ်သည့် အဓိကအစိတ်အပိုင်းဖြစ်ကြောင်းနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိက လမ်းမပိုင်းဆိုင်ရာဥပဒေအချက်အလက်များကိုလည်းကောင်း၊ တရားလွှတ်တော်ရှေ့နေက စည်ပင်သာယာရေးဆိုင်ရာဥပဒေများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက စည်ပင်ဌာန၏ အခွန်အရပ်ရပ်ကိစ္စများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက လုံခြုံရေးဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိက ဘဏ္ဍာနှင့်အခွန်ငွေကြေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြသည်။

ယင်းတို့၏ ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသူများက ပြန်လည်အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

## ကျောက်မဲတွင် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်

**ကျောက်မဲ မေ ၂၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်အားပြည့်ပြီး ဗို့အားကျဆင်းနေသည့် ကျောက်မဲမြို့ အမှတ် ၄ ရပ်ကွက် အောင်ဆန်းလမ်းနှင့် မုန်လာခြံလမ်းထောင့်နေရာတွင် Tun & Than Engineering Group Co.Ltd ၏ အစီအစဉ်ဖြင့် 11/0.4KV (200)KVA ထရန်စဖော်မာတစ်လုံးကို မေ ၂၆ ရက်က စတင်တိုးချဲ့တည်ဆောက်ခဲ့သည်။

အဆိုပါ ထရန်စဖော်မာတပ်ဆင်ပြီးစီးပါက အောင်ဆန်းလမ်း၊ ပတ္တမြားလမ်း၊ ပုလဲလမ်းတစ်ဝိုက်တို့တွင် ဗို့အားအပြည့်အဝသုံးစွဲနိုင်မည်ဖြစ်ပြီး မန်နားရပ်ရန်ကင်းမွှာရုံနှင့် ပင်ပေါလေးတို့တွင်လည်း ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းသန်း(ကျောက်မဲ)**

## ပြည်သူများအပေါ် အခွန်ငါးဆတိုးမြှင့်ခြင်းဆိုသည်မှာ မဟုတ်မှန်

**ကသာ မေ ၂၉**

အခြေခံဝင်ငွေနည်းပါးသူပြည်သူများအပေါ် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန် အကောက်ဥပဒေအရ အခွန်ငါးဆတိုးမြှင့်သည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း ကသာမြို့နယ် အခွန်ဦးစီးမှူးက ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် ၂၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အခွန်ဦးစီးဌာနမှ အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်ကောက်ဥပဒေ ရှင်းလင်းပွဲကျင်းပခဲ့ရာ မြို့နယ်ဦးစီးမှူးက ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါရှင်းလင်းပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံသားတိုင်းအနေဖြင့် အခွန်ပေးသွင်း၍နိုင်ငံတော်၏ အခွန်ထမ်းဆောင်ခြင်းတာဝန်ကို ကျေပွန်စွာထမ်း၍ ဂုဏ်ယူကြရန်တိုက်တွန်းပြောကြားခဲ့ပြီး မြို့နယ် အခွန်ဦးစီးမှူးက အခွန်ထမ်းဆောင်ခြင်းဆိုင်ရာနည်းဥပဒေများ၊ ပုံမှန်အခွန်ထမ်းဆောင်နေသူများ၊ အခြေခံဝင်ငွေနည်းပါးသူပြည်သူများအပေါ် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အခွန်ငါးဆတိုးမြှင့်သည်ဆိုသည်မှာ မဟုတ်ကြောင်း အသိပေးတင်ပြခဲ့သည်။

ရှင်းလင်းပွဲအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် (NGO) အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ပြီး တက်ရောက်သူ ၆၀ ဦးရှိကြောင်း သိရသည်။

**မြင့်ဇော်(ကသာ)**

## ဆင်သေချောင်းရေကျော်တံတားတည်ဆောက်ပြီးစီး၍ သွားလာရေးလွယ်ကူလာ



**တပ်ကုန်း မေ ၂၉**

နေပြည်တော်တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ရှားတောကျေးရွာပြည်သူများ မြို့ပေါ်နှင့် အခြားကျေးရွာများသို့ သွားလာရာတွင် လွယ်ကူချောမွေ့စေရန် လူထုဗဟိုပြု စီမံကိန်းထောက်ပံ့ငွေဖြင့် ဆင်သေချောင်းကူးရေကျော်တံတား အလျား ပေ ၁၁၀၊ အနံ ၁၄ ပေရှိ၄ ပေ၊ ၂ပေခွဲ ရေထွက်ပေါက်လေးခုပါရှိသော ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ဧပြီ ၅ ရက် နံနက်ပိုင်းမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မေ ၂၀ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းအားလုံးပြီးစီး၍ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာက အထက်တန်းကျောင်း (ခွဲ) ရှိပြီး ဒေသခံပြည်သူတွေက စပါး၊ အာလူး၊ ကြက်သွန်၊ ငရုတ်၊ ပဲသီးနှံမျိုးစုံစိုက်ပျိုးတဲ့အပြင် တစ်ပိုင်တစ်နိုင် ဝက်၊ နွားမွေးမြူပြီး အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ပါတယ်။ လူထုဗဟိုပြုစီမံကိန်း ပထမနှစ်ထောက်ပံ့ငွေဖြင့် ဆင်သေချောင်းကူးမှာ ရေကျော်တံတား ဆောင်ရွက်ပါတယ်။ ဒုတိယနှစ်ထောက်ပံ့ငွေများက အလျား ပေ ၁၂၀၊ ပေ ၃၀ ရှိ စာသင်ဆောင်သစ်ဆောက်လုပ်ပါတယ်။ ယခင်က ရွာသူ၊ ရွာသားများ စုပေါင်းဆောက်လုပ်တဲ့သစ်သား တံတားကို အသုံးပြုသွားလာရပါတယ်။ သစ်သားတံတားဆိုတော့ ချောင်းရေကြီးရင် တစ်နှစ်တည်းနဲ့ မျောပါတာတွေခံရပါတယ်။ အုတ်၊ သံ၊ ဘိလပ်မြေများနှင့်ပြုလုပ်ထားတဲ့ ချောင်းကူးရေကျော်တံတား ပြီးစီးသဖြင့် ရေကျော်တံတားအသုံးပြုမည့်ဒေသခံပြည်သူ ၄၂၀၀ ကျော် မြို့ကျောင်းနှင့်ဈေးသို့လည်း လွယ်လင့်တကူသွားလာနိုင်မည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးများလည်း ပိုမိုဖွံ့ဖြိုးလာတော့မည်" ဟု ရှားတောကျေးရွာမှ ဦးဇော်ဝင်းခိုင်က ပြောသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်



**ဝါးခယ်မ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပတ္တမြားရပ်ကွက်နှင့် ဈေးရပ်ကွက်ရှိ ရေနုတ်မြောင်းများ မိုးတွင်းအခါ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ပြန်လည်အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပတ္တမြားရပ်ကွက် ဘုရားကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ရေနုတ်မြောင်းနှင့် ဈေးရပ်ကွက် ဘုရားကြီးလမ်းနှင့် မြို့မလမ်းထောင့်ရှိ ရေနုတ်မြောင်းတို့မှာ အဓိကရေထွက်ပေါက်များဖြစ်သည့်အတွက် မိုးတွင်းအခါ ရေစီးရေလာကောင်းမွန်စေရန် ပြန်လည်တူးဖော် အသစ်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပတ္တမြားရပ်ကွက် ဘုရားကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ရေနုတ်မြောင်းမှာ အကျယ်ပေ ၄၀၊ အရှည် ၄ ပေခွဲ၊ အနက် ၄ ပေ ၃ လက်မရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၅ သိန်း၊ ဈေးရပ်ကွက်၊ ဘုရားကြီးလမ်းနှင့် မြို့မလမ်းထောင့်ရှိ ရေနုတ်မြောင်းမှာ အကျယ် ၄၉ ပေ၊ အရှည် ၅ ပေ ၃ လက်မ၊ အနက် ၄ ပေ ၃ လက်မရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှမ်းသီဟ(ဝါးခယ်မ)**

## HIV/AIDS ရောဂါဝေဒနာရှင်များအား အသိပညာပေးသင်တန်းဖွင့်

**ထားဝယ် မေ ၂၉**

အနာဂတ်အလင်းရောင်( Future Light )ဘဝတူကူညီပံ့ပိုးပေးရေးအဖွဲ့၏အစီအစဉ်ဖြင့် HIV၊ AIDS ရောဂါဝေဒနာရှင်များအား အသိပညာပေးသင်တန်းကို မေ ၂၈ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်၊ ( Future Light) ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ HIV နှင့် နေထိုင်သူများအသင်းမှ ဦးဇာနည်အောင်နှင့် ဒေါ်ခိုင်မာဆွေတို့က ထားဝယ်ခရိုင်လေးမြို့နယ်မှ HIV၊ AIDS ရောဂါဝေဒနာရှင် စုစုပေါင်း ၂၅ ဦးအား သင်တန်း၏ရည်ရွယ်ချက်၊ မျှော်လင့်ချက်များဖော်ထုတ်ခြင်း၊ စိုးရိမ်ပူပန်မှုများအားဖော်ထုတ်ခြင်း၊ HIV၊ C၊ Bပိုးနှင့် ပတ်သက်သောကူးစက်မှုအခြေအနေများဖြစ်သည့် ကူးစက်ပုံနည်းလမ်းများနှင့်လက္ခဏာများအကြောင်း၊ ကျန်းမာစွာနေထိုင် နိုင်ရန်နည်းလမ်းများအကြောင်း၊ သွေးစစ်ဆေးမှုနှင့် ကုသမှုဆိုင်ရာ အခြေခံသတင်းအချက်အလက်များအကြောင်း၊ ဒေသတွင်းနိုင်ငံများ အခြေအနေနှင့် ကုသနိုင်မှုအနေအထားများ၊ နိုင်ငံအတွင်း ဝန်ဆောင်မှုရရှိနိုင်သော နေရာများအကြောင်း၊ HIV၊ AIDS ကူးစက်ခံထားရသူများအတွင်း ကြုံတွေ့နေရသော အခက်အခဲများအကြောင်း ခေါင်းစဉ်များနှင့် ပတ်သက်၍ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲကျင်းပ

**မုံရွာ မေ ၂၉**

၂၀၁၆ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မုံရွာမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက (က)မူးယစ်ကင်းစင်ဒို့ဘဝအသွင်အစဉ်ဖွံ့ဖြိုး ကြိုးပမ်းစို့ (ခ)စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ (ဂ) တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့ (ဃ)လူတိုင်းကိုယ်စီရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာမူးယစ်ကင်း (င)ရေရှည်တည်တံ့ခိုင်မြဲရေး မူးယစ်ဆေးကိုရှောင်မနှေး ခေါင်းစဉ်ငါးခုဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်တပ်ဖွဲ့စု (၈)မှ ဦးစီးကျင်းပပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်သွားမည်ဖြစ်သည်။ **မင်းဝေ(မုံရွာ)**

## မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးအောင်မင်းဦး)-ဒေါ်သန်းသန်းငွေးတို့၏သား
ဗိုလ်မှူးနေထွန်း-ဒေါ်ဝတီမင်းတို့၏ မောင်

**မောင်ထက်ဝေမင်း**

B.A(English) (MMMC-CD-31)
2nd Officer(F.G), Recruiting Manager, M Ship Management Company Limited

နှင့်

ရန်ကုန်မြို့နေ
ဦးသိန်းဇော်-ဒေါ်တင်တင်ဦးတို့၏ သမီး
Dr.သန့်ဇော်လွင်-ဒေါ်အေးအေးခိုင်တို့၏ ညီမ၊ မောင်သူရိန်ထက်၏ အစ်မ

**မနှင်းပွင့်လွင်**

B.A(English)
Government and Stakeholder Affairs Officer
PTTEP International Company Limited

တို့၏ ၁၄-၅-၂၀၁၆ရက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားဆောင်တွင် ကျင်းပပြုလုပ်သည့် လက်ထပ်မင်္ဂလာ မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားသူကြီး ဒေါ်သူဇာမွန်အားလည်းကောင်း၊ ၂၉-၅-၂၀၁၆ရက်၌ Sule-Shangrila Hotel တွင် ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဇေယျကျော်ထင်ဗိုလ်ချုပ်ထင်အောင်ကျော်(ငြိမ်း)နှင့် ဇနီးဒေါ်အေးညွန့်ရွှေ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ပါမောက္ခ ဒေါက်တာဦးနေဝင်းနှင့် ဇနီးဒေါ်မေမေသွဲ့တို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုခိုင်မြဲသာ၊ မင်္ဂလာပန်းကြဲပေးပါသော မောင်စွမ်းရည်ထွန်းနှင့် မဧသန့်သန့်ဖူး၊ လက်စွပ်ဗန်းကိုင် မသီရိက္ကန္ဒြေထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင် မယွန်းဝေဖူး၊ သတို့သားအရံ ကိုသန်းထွဋ်အောင်နှင့် ကိုဖြိုးကိုကိုမြတ်၊ သတို့သမီးအရံ မမေဇွန်ဦးနှင့်မချယ်ရီဦး၊ မင်္ဂလာအခါတော်တေး တီးခတ်သီဆိုပေးပါသော အကယ်ဒမီ ဒေါ်ချိုပြုံးနှင့် စောင်းမောင်ဝင်းကျော်(ပဥ္စသိခ်နတ်စောင်းသံတူရိယာအဖွဲ့)၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော Venus Gems & Jewellery၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ရွှေဝတီပိုးထည်တိုက်၊ မင်္ဂလာဝတ်စုံဒီဇိုင်းဖန်တီးပေးပါသော ဒီဇိုင်နာကိုပြည်စိုးအောင်၊ ပန်းကြဲ၊ လက်စွပ်ဗန်းကိုင်၊ အောင်စံပယ်ပန်းကိုင်နှင့်သတို့သမီးအရံများ၏ ဝတ်စုံဒီဇိုင်းများဖန်တီးပေးပါသော ထာဝရ Glamour Couture Fashion Boutique၊ မိတ်ကပ်ဆံပင်ကိုမာနှင့်အဖွဲ့၊ ပန်းအလှဆင် မဝင်းစန္ဒာကြီး၊ Pre -wedding နှင့်ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Dior Photo and Studio မှ ကိုကျော်ရွှေမင်းနှင့်အဖွဲ့သားများ၊ မေတ္တာဖြင့်လိုအပ်သည်များအား ဝိုင်းဝန်းကူညီပေးကြပါသော PTTEPI မှ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ထက်ဝေမင်း-မနှင်းပွင့်လွင်**

## အမြန်ဆက်သွယ်ပါ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၊ ဆင်ဖုံကျေးရွာအတွင်း ဝယ်ယူထားသော မြေကွက်ပိုင်ရှင်များ ဂရန်ထုတ်ပေးနေပြီဖြစ်ပါ၍ ဆင်ဖုံကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသို့ အမြန်လာရောက်ဆက်သွယ်ပါရန် ကြေညာအပ်ပါသည်။ လာရောက်ရန်ပျက်ကွက်ပါက မိမိတာဝန်ဖြစ်ပါသည်။

**ဂရန်ရရှိရေးကော်မတီ**
**ဆင်ဖုံကျေးရွာ၊ လှည်းကူးမြို့။**

## အမည်ပြောင်း

အထက (ဝါးဘလောက်သောက်) နဝမတန်းမှ (အဖ) ဦးအောင်တင်ဝင်း၏သား မောင်ကောင်းချစ်ကိုအား မောင်ဇော်လင်းထက်ဝင်းဟု ပြောင်းလဲခေါ်တွင်ပါရန်။

**မောင်ဇော်လင်းထက်ဝင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမျိုးကျော်ထွန်း [၁၂/မရက(နိုင်)၁၀၉၄၁၂]၏ 7J/3715 Honda Fit ကားအုံနာဘုတ်နှင့် အခွန်ဆောင်ထားသည့်စာရွက် အစိမ်းရောင်မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၄၃၀၆၅၂၆၀**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

RUBY
519100
09-51-77212, 535100

ကား မျိုးစုံ
(Alphard/Crown/MarkII/...
Ph : 09795549249, 095418126

## ပတ္တမြားရတုမင်္ဂလာဆုတောင်း

အနန္တကျေးဇူးရှင်များ ဖြစ်ကြသည့် ဖေဖေ ဦးဟန်အေးနှင့် မေမေဒေါ်အေးအေးသန်းတို့၏ ၃၀-၅-၂၀၁၆ရက်တွင် ကျရောက်သည့် နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာရက်မြတ်မှသည် ရတုအဆက်ဆက် တိုင်အောင် သား၊ သမီး၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာနေထိုင်ပြီး ဘာသာ သာသနာအကျိုးတို့ကို ဆောင်ရွက်ရင်း ဘဝခရီးလမ်းကို ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

သားကြီး -ဦးစည်သူဟန်-ဒေါက်တာခင်မျိုးသော်
သားငယ်-ဗိုလ်မှူးဗညားဟန်-ဒေါ်နန်းရွှေစင်
မြေးများ -ဟိန်းညာဏစိုး၊ ပြည့်ဘုန်းသုတ

## ဖခင်အမည်မှန်

အထက(၁)၊ ဒိုက်ဦး၊ အဌမတန်း (A)မှ မောင်ပြည့်ဟန်အောင်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်အောင် [၇/ဒဉန(နိုင်)၀၉၂၈၉၈] ဖြစ်ပါကြောင်း။ **ဦးသန့်ဇော်အောင်**
**[၇/ဒဉန(နိုင်)၀၉၂၈၉၈]**

## ဖခင်အမည်မှန်

မြို့မ အထက၊ ရမည်းသင်းမြို့၊ နဝမတန်းမှ မောင်အောင်မျိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ဖြစ်ပါကြောင်း။
**ဦးမောင်မြင့်[၉/ရမသ(နိုင်)၀၂၃၄၈၈]**

## ပျောက်ဆုံး

ကျွန်တော် ဦးထွန်းနိုင်ဝင်း [၉/မနတ(နိုင်)၀၀၇၅၈၁]၏ သွင်းကုန်ပါမစ် အမှတ် ISP IDV8 15-16 41501 (10/2/2016)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**Ph:01-389100, 095171585**

## ကြော်ငြာစာ

တိုင်းရင်းဆေးကောင်စီမှ ကြီးမှူး၍ ရှေးဟောင်းမြန်မာ့တိုင်းရင်းဆေးကျမ်းများဆိုင်ရာ စာပေပြိုင်ပွဲကို မကြာမီကာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပြိုင်ပွဲဝင်ရောက်မည့် တိုင်းရင်းဆေးဆရာ(တဆ) မှတ်ပုံတင်ရှိသူ တိုင်းရင်းဆေးသမားတော်များသည် အောက်ပါဆေးကျမ်းများအား လေ့လာထားရှိကြပါရန် အသိပေးအပ်ပါသည်။ ပြိုင်ပွဲများအား (၆)လ(၁)ကြိမ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပပြုလုပ်မည့်အချိန်၊ နေရာနှင့်ကျင်းပပြုလုပ်မည့် ပုံစံများအား ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

**လေ့လာထားရှိရမည့် တိုင်းရင်းဆေးကျမ်းများ**

(၁) နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်း(ဦးဟန်ထွန်း)
(၂) ခြောက်လုံးကောက်ဋီကာဓာတ်ကျမ်း(တောင်သာ)
(၃) ဓာတုဝိနိစ္ဆယဆေးကျမ်း(သုံးဆယ်ဦးပန်းသာ)
(၄) ခံပူးကုထုံးကျမ်း(ခံပူးဆရာတော်)
(၅) ဒဗ္ဗဂုဏပကာသနီကျမ်း

**တိုင်းရင်းဆေးကောင်စီ**



# ကာတီယာစိန်တိုက်

1ct အောက်မှ 10ct အထက်ထိ စိန်ပွင့်ကြီးများကို သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးနေပါသည်။

စိန်အကြွေဆိုဒ်စုံများကိုလည်း မိမိစိတ်တိုင်းကျ 1ပွင့် ချင်းစီ ရွေးချယ် ဝယ်ယူနိုင်ပါသည်။

"အို...ပိုက်ဆံများရှိလို့ကတော့ ကာတီယာစိန်တိုက်က စိန်တွေကိုဝယ်ပြီး တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မှာ..."

Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်) Tel : 246838, 384905, 241929
Show Room(II) No.52 အရှေ့ဘက်အပြင်တန်းဗိုလ်ချုပ်အောင်ဆန်းဈေး။ Tel : 253308

## ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်) ရေကျိုးအသံလွှင့်စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ဖျက်သိမ်းရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်နှင့် ရုပ်မြင်သံကြား(ရန်ကုန်)၊ ရေကျိုး အသံလွှင့်စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ (၅) လုံးအား ဖျက်သိမ်းရောင်းချမည်ဖြစ်၍ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။


၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၅-၂၀၁၆ရက်မှ ၁၄-၆-၂၀၁၆ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအထိ ရုံးချိန်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)တွင် တစ်စုံလျှင် ကျပ်(၂၀၀၀) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၆-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန် ကျော်လွန်သော တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ရေကျိုးအသံလွှင့်စက်ရုံဝင်းအတွင်းရှိ အဆောက်အအုံများကို ရေကျိုးစက်ရုံ(ရန်ကုန်)ရုံးတွင် ၃၀-၅-၂၀၁၆ရက်မှ ၁၄-၆-၂၀၁၆ရက်အထိ လာရောက်ကြည့်ရှုနိုင်ပါသည်။

၅။ တင်ဒါပုံစံစည်းကမ်းချက်များ၊ အဆောက်အအုံစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)ပြည်လမ်း၊**
**ဖုန်းအမှတ်-၀၁-၅၃၅၈၅၀၊ ၀၁-၅၃၅၈၀၀၊ ၀၁-၆၆၀၃၀၁**





## Tender Announcement
## Invitation of Tender for Antenna Poles/Towers

Myanmar International Terminals Thilawa Co.,Ltd (MITT) which is a Container Port in Yangon is now seeking a qualified contractor for the supply of suitable Antenna Poles/ Towers and erection at the Port.

| | |
|---|---|
| Antenna Poles or Towers | -13 Nos |
| Height of Poles | -35 Meters |
| Weight of devices to install | -approx. 30 Kgs |
| Ground Space Availability | -3×3 M for each Antenna Pole |

We would like to invite you to submit tender bid complete with your company profile and experience reference and relevant documents. The Tender Document and relevant information will be available at the MITT office. The Tender Bids should be sent to the following address to arrive not later than **14 June 2016.**

Myanmar International Terminals Thilawa Co.,Ltd.
Berth 5~9, Thilawa, Kyauktan Township, Yangon, Myanmar.
e-mail:-engg@mitt.com.mm, khinmaunglatt@mitt.com.mm
Phone:-(95)98613909, 98613929, 977246900, 977246901
Fax:-(95)98617168, 98618364

The bidder needs to deposit Kyats 1,500,000/-to MITT as Bid Bond for guarantee of tender Bid.
It will be returned back when the tender result is announced.
You can contact to the Engineering Department of MITT for further information and tender document.
Tender Committee
MITT

## အမည်ပြောင်း

အ-ထ-က(၃)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) နဝမတန်း(K)မှ အဖ ဦးစိန်၏သမီး မလှကြည်အား နန်းလှကြည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ နန်းလှကြည် [၁၃/ဟပန(နိုင်) ၁၀၂၈၁၅]

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဂံမြို့၊ ပျူစောထီးရပ်နေ အဖ ဦးမောင်ကို(ခ) ဦးကျော်သန်း၏ သမီးအမည်မှန်မှာ ဒေါ်ယုယုထူး(ခ) ဒေါ်ခင်မြင့်ကြည်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဒေါ်ယုယုထူး(ခ)ဒေါ်ခင်မြင့်ကြည်
[၅/ကလဝ(နိုင်)၀၀၃၈၃၄]




## တိုက်ခန်းရောင်းမည်

သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ ကျောကပ်၊ City mark နီး ပေ(၂၀×၆၀)၊ B.C.C ပြီး MB 1/S.B 1 ရေချိုးခန်းအိမ်သာ ၂ခန်း၊ ဘိုထိုင်၊ ကြွေခင်း၊ ကြွေကပ်၊ မြေညီ (၁၇ပေအမြင့်)/၃လွှာ၊ (၉ပေအမြင့်) / ၄လွှာ(၉ပေအမြင့်)၊
Ph:09253809423, 09263534187, 0930024766

## တိုက်ခန်းရောင်းမည်

စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ ဈေး/ကျောင်းအနီး၊ ပေ (၂၅×၅၀) B.C.C ပြီး၊ MB 1/D.B 1 တစ်အိမ်လုံးပါကေးခင်း/ရေချိုးခန်းအိမ်သာ၊ ကြွေခင်း၊ ကြွေကပ် ဘိုထိုင်အိမ်သာ၊ မီးဖိုခန်းကြွေခင်း၊ ကြွေကပ်၊ အဆင့်ဆင့်ပြင်ပြီး အသင့်နေနိုင်။ ၂လွှာ/၄လွှာ
Ph:09253809423, 09-26354187, 0930024766

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ဦးရာလူအမြန်ရောင်းမည်
## တာမွေမြို့နယ်၊ ၁၆၂ လမ်း

-15' x 70' မြေညီတိုက်ခန်း
-15' x 70' ခန့် မြေပို(အဆောက်အအုံပါ)
-မြေပိုင်ဆိုင်မှု ပေါင်းသုံးခုလုံးကို
-မြေရှင်ကိုယ်တိုင် ကျပ်သိန်း ၁၅၀၀ဖြင့် အမြန်ရောင်းမည်
Ph: 09-73211117, 09-5132522, 09-779922038


အူရီဒူး Facebook Plus
ooredoo
Facebook
၃ ကျပ် / MB
အူရီဒူး
အချင်းချင်း
အခမဲ့
အခြား
ကွန်ရက်များသို့
၂၀ ကျပ် / မိနစ်
အခမဲ့ ရယူဖို့
*4444# သို့ခေါ်ဆို၍ (သို့)
4444 သို့ FB ဟု
SMS ပေးပို့ပါ
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။


MTSH
သီလဝါအထူးစီးပွားရေးဇုန်ရှိ လူနေဈေးဆိုင်ခန်း (Shop House) များ အရစ်ကျစနစ်ဖြင့် ရောင်းချမည့်အစီအစဉ်
TPD
(၁၁ လ) လစဉ်အရစ်ကျ ငွေချေစနစ်
Type (A)
(က) လမ်းမအရှေ့ (၆၆၇၃.၆၂) စတုရန်းပေ အကျယ်အဝန်းရှိ (၄) ထပ်မြင့် လူနေဆိုင်ခန်း (၁၄) ခန်း။
(ခ) လမ်းမအနောက် (၆၆၇၃.၆၂) စတုရန်းပေ အကျယ်အဝန်းရှိ (၄) ထပ်မြင့် လူနေဆိုင်ခန်း (၁၄) ခန်း။
Type (B)
(က) လမ်းမအရှေ့ (၆၀၆၀.၀၈) စတုရန်းပေ အကျယ်အဝန်းရှိ (၃) ထပ်ခွဲမြင့် လူနေဆိုင်ခန်း (၁၄) ခန်း။
(ခ) လမ်းမအနောက် (၆၀၆၀.၀၈) စတုရန်းပေ အကျယ်အဝန်းရှိ (၃) ထပ်ခွဲမြင့် လူနေဆိုင်ခန်း (၁၄) ခန်း။
Today Fashion Shop
ပထမဆုံး ဝယ်ယူသည့်လူနေဆိုင်ခန်း (၂၈) ခန်းအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးပါမည်၊
မြန်မာ - ဂျပန် ပူးပေါင်း တည်ဆောက်အကောင်အထည်ဖော်နေသည့် သီလဝါအထူးစီးပွားရေးဇုန်၏ လိုအပ်ချက်ကို
အဘက်ဘက်မှ ပံ့ပိုးနိုင်ရန် (၃၅) ဟက်တာ ကျယ်ဝန်းသည့် Residential & Commercial Area အတွင်းရှိ
လူနေဈေးဆိုင်ခန်း (Shop House) များတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများဆောင်ရွက်နိုင်ရန် စိတ်ပါဝင်စားသူ မည်သူမဆို
(နိုင်ငံခြားသားအပါအဝင်) လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်၊
Sales & Markteting Department
Thilawa Property Development Ltd.
Roof Top Floor - အမှတ်(၂၉)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း +၉၅-၉၇၅၆၀၅၂၁၂၊ ၇၈၀၇၆၄၄၈၃၊ +၉၅-၁-၂၃၀၁၇၇၂၊ ၂၃၀၁၇၇၃ E-mail : sales.mtsh@gmail.com, hlathandarwai.mtsh@gmail.com

# Congratulations

ALESCO

GRAND OPENING OF

## KANSAI PAINT MYANMAR CO. LTD

NO.120, BADIN WUN U SHWE BIN ROAD,
NO.65 (SETHMU) PLOT, SHWE PYI THA INDUSTRIAL ZONE, SHWE PYI THAR TOWNSHIP,
YANGON, MYANMAR.



IEC

**IEC PLANT ENGINEERING SDN BHD**
E-mail : info@iecpe.com Website : www.iecpe.com
**DISPERSION GRINDING MIXING**

## Congratulations for Factory Opening of Kansai Paint Myanmar Co., Ltd.

ARKEMA
ARKEMA COATING RESIN MALAYSIA SDN. BHD.

THOR
THOR SPECIALTIES SDN. BHD.

3G
GREAT GOLDEN GLORY CO., LTD.

မယုံမရှိနဲ့ တကယ်ရနိုင်ပါသည် **28 သိန်းကျပ်** → တစ်ခန်းလုံးအလှဆင် 12 ft x 40 ft

Home Since 1996



| | Bedroom 1 | Bedroom 2 | Living room | Walkway | Kitchen |
|---|---|---|---|---|---|
| (a) Laminate Floor | ✓ | ✓ | ✓ | ✓ | |
| (b) Wall Covering/ Paint | ✓ | ✓ | ✓ | ✓ | |
| (c) Panel | ✓ | ✓ | | ✓ | |
| (d) Aluminium Door | ✓ | ✓ | | | |
| (e) Single face Partition | ✓ | ✓ | ✓ | | |
| (f) Tile ( Floor+Wall ) | | | | | ✓ |
| (g) Indoor Plant | | | ✓ | | |
| (h) Kitchen Cabinet | | | | | ✓ |

* Terms & Condition Apply

ဖုန်း – 09 730 84 840 , 09 730 84 841
ဖုန်း – 09 79 700 70 73 , 09 79 700 70 83
ဖုန်း – 09 730 84 844, 09 79 5900 146
ဖုန်း – 09 3311 6626 , 09 3311 6636
ဖုန်း – 09 79 700 70 79 , 09 79 700 70 89
ဖုန်း – 09 79 700 70 88, 09 79 700 70 99
ဖုန်း – 09 79 700 70 75 , 09 79 700 70 85
ဖုန်း – 09 79 58 999 80 , 09 79 58 999 81
ဖုန်း – 09 78 12345 01, 09 78 12345 02
ဖုန်း – 09 79 700 70 87 , 09 79 700 70 97

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**ခဂုံမြို့သစ်**
အငှားပိုင်း
အိမ်ကာမြို့နယ်
ဂေါင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

Number One Directory in Myanmar YELLOW PAGES

The **YANGON DIRECTORY** The **MANDALAY DIRECTORY** ဘာပဲလိုလို Everything U Need



- အဆင့်မြင့်တင်၍ထုတ်လုပ်ထားသော ရန်ကုန်လမ်းညွှန်နှင့်မန္တလေးလမ်းညွှန် Mobile App ကို Android, iOS နှစ်မျိုးလုံးတွင် အလွယ်တကူအသုံးပြုနိုင်ပါပြီ။
- လုပ်ငန်းလိပ်စာပေါင်း – ၁၁၀,၀၀၀ကျော် ပါဝင်ပြီး ရန်ကုန်မြို့ရှိဆိုင်များမှ Discount coupon များရယူနိုင်သော Yangon Deals.
- GooglePlay တွင် Download လုပ်ယူမှုအများဆုံး Directory App.
- Mobile App တွင်သာမက လမ်းညွှန်စာအုပ်နှင့် Website ထဲမှာပါ ဝင်ရောက်ရှာဖွေနိုင်ပီ...

**ဖုန်းတိုင်းမှာ သုံးနိုင်တဲ့လမ်းညွှန်**


ယခုပင်ဆက်သွယ်လိုက်ပါ... **SALES : 09448001662 ၊ 02-400061**

www.yangondirectory.com ၊ www.mandalaydirectory.com

မြန်မာနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုအသင်း
Myanmar Oil and Gas Services Society (MOGSS)



သဘာဝ ပတ်ဝန်းကျင် နှင့် တိုင်းပြည်ဖွံ့ဖြိုးမှု
Environment and Country Development
ဆွေးနွေးဟောပြောပွဲ



ဆရာ အော်ပီကျယ်
Saya AW PI KYEH
Cartoonist

ဆရာ ဦးကျော်ကျော်လှိုင်
Saya U KYAW KYAW HLAING
SMART

UMFCCI MINGALAR HALL
03-June-2016 ( Fri )
1:00 PM to 4:00 PM

UMFCCI မင်္ဂလာခန်းမ
၂၀၁၆ ခုနှစ် ဇွန်လ(၃) ရက်
မွန်းလွဲ(၁)နာရီ မှ (၄)နာရီထိ

No Admission Fee
Interpretation Provided

MAIN SPONSOR
MAX ENERGY

GOLD SPONSOR
PCML * KST CONSTRUCTION * OK MYANMAR

SILVER SPONSOR
MYANMAR COSL

ဝင်ကြေး အခမဲ့
မည်သူမဆို တက်ရောက်နိုင်ပါသည်


# KENBO SMARTPHONE ဝယ်ယူအားပေးမှုအပေါ်အထူးကျေးဇူးတင်ရှိခြင်း

**Aung Kan Bo Trading** ကုမ္ပဏီလီမိတက်သည် **KENBO SMART PHONE** ဖြန့်ဖြူး ရောင်းချခြင်းနှင့် SERVICE ပေးခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ရာအချိန်တို(၂)နှစ်ကျော်ကာလအတွင်း ခိုင်မာသောဈေးကွက်တစ်ခုကိုရရှိခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ပါသည်။ CUSTOMERများ၏ယုံကြည်စွာဝယ်ယူအားပေးမှုအကျိုးတူပူးပေါင်းဆောင်ရွက်သော အရောင်းဆိုင်များ၏ ကြိုးပမ်းဖြန့်ဖြူးရောင်းချမှု ၊ အကောင်းဆုံး ပြုပြင်ဖြည့်ဆည်းပေးကြသော SERVICE CENTER များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ အောင်မြင်မှုရရှိသည့်အတွက် CUSTOMER များ၊ အရောင်းဆိုင်များ၊SERVICE CENTERများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ကျေးဇူးတုံ့ပြန်သောအားဖြင့်လည်းပိုမိုဆန်းသစ်သောဒီဇိုင်းများတီထွင်ဖြန့်ဖြူးခြင်း၊ အကောင်းဆုံးဝန်ဆောင်မှုနှင့် SERVICE ပေးခြင်း၊ အခါအားလျော်စွာ အထူးပရိုမိုးရှင်းပွဲများပြုလုပ်ပေးပြီး ဈေးနှုန်း သင့်တင့်စွာ စိတ်ချမ်းမြေ့စွာ ဝယ်ယူ သုံးစွဲနိုင်ရေး ဆောင်ရွက် ပေးခြင်းတို့ကို ယခုထက် ပိုမို၍ ကြိုးစားဆောင်ရွက် ပေးသွားပါမည်။ လုပ်ငန်း သက်တမ်း နုနယ်စဉ် ကာလ အတွင်း ဝန်ဆောင်မှု လိုအပ်ချက်၊ SERVICEလိုအပ်ချက်နှင့်အခြားချို့ယွင်းချက် အားနည်းချက်များအပေါ်နားလည် သည်းခံ ခွင့်လွှတ်ပေးကြသော သုံးစွဲ သူအပေါင်း တို့၏ မေတ္တာ စေတနာကို လည်းအထူးပင် ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။




အထူးပင်ကျေးဇူးတင်ရှိစွာဖြင့်
Aung Kan Bo Tradingကုမ္ပဏီလီမိတက်
B.O.D အဖွဲ့နှင့်ဝန်ထမ်းများ

KenboSmartphone. Myanmar
www. kenbomobile. com


KENBO
SMARTPHONE



ပြောင်းပြန်စတိုင် ဖုန်းပြောနိုင်
Fly One

- 180ဒီဂရီဖုန်းလှည့်ပြောနိုင်
- 5.5" IPS HD Screen
- Dual Speaker နှင့် 3D အသံစဉ်
- RAM/ROM 2GB+16GB

FAME
Mangosteen
Natural antibiotics
မင်းဂွတ်သီးဆေး
TMR 013064 (0118)
၂/၂၀၁၅ တဆဆထ (တို) ၀၆၅၇
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Resveratrol
Cellular Energy Booster
စပျစ်သီးဆေး
TMR 013019 (0118)
၂/၂၀၁၅ တဆဆထ (တို) ၀၆၅၇
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified


**ဖခင်အမည်မှန်**

ဒိုက်ဦးမြို့၊ အထက(၂) ဒသမတန်းမှ မင့်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးကောင်းမြတ်ဝင်း [၇/ရကန(နိုင်)၀၄၃၈၆၈]ဖြစ်ပါကြောင်း။ **ဦးကောင်းမြတ်ဝင်း**

**ဖခင်အမည်မှန်**

ဇမ္ဗူသီရိမြို့နယ်၊ အထက(၅)၊ အဌမတန်း(က)မှ မမေသက်တင်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်အုံး [၁၂/စခန(နိုင်)၀၄၂၄၈၁] ဖြစ်ပါသည်။
**ဦးတင်မောင်အုံး**

**ဖခင်အမည်မှန်**

ဒိုက်ဦးမြို့၊ အထက(၂) ဒသမတန်းမှ မနွေးနွေးလှိုင်၏ဖခင်အမည်မှန်မှာ ဦးအောင်မျိုးနိုင် [၇/ဒဥန(နိုင်)၀၄၄၄၅၅]ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးနိုင်**

**ပြင်ဆင်ဖတ်ရှုပါရန်**

၃-၁-၂၀၁၆ ရက်စွဲ ကြေးမုံသတင်းစာ၏ ... (၂၆၂/ခ) ... (၂၆၂/ခ)(၂)ရပ် ... ဖတ်ရှုပါရန်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဝင်းနိုင်၏ သင်္ဘောသားမှတ်ပုံတင်အမှတ်- CDC-98844, CERTIFICATE OF PROFICIENCY IN SAFETY FAMILIARIZATION AND BASIC TRAINING, CERTIFICATE OF PROFICIENCY IN SECURITY-AWARENESS TRAINING, CERTIFICATE OF PROFICIENCY IN BASIC TRAINING FOR OIL AND CHEMICAL TANKER CARGO OPERATIONS, CERTIVICATE OF PROFICIENCY IN DESIGNATED SECURITY DUTIES, PROFICIENCY IN SURVIVAL CRAFT AND RESCUE BOATS OTHER THAN FAST RESCUE BOATSများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
မောင်ဝင်းနိုင် [၁၂/မဘန(နိုင်)၁၂၄၇၂၀]
ဖုန်း-၀၉၄၆၅၅၅၄၉၇၅၅


MONSOON PROMOTION 1st May to 30th Jun

အသုံးပြုနိုင်သည့် နည်းလမ်းများ - Hire Purchase • Rental • Lease • Trade-in

KONICA MINOLTA
Authorized Business Partner
GANDAMAR
Business Solutions



Best Seller
bizhub 164
B/W A3
Multifuntion Copier
3 Year Unlimited Onsite Service
USD-710 USD-667

FREE
MONO LASER PRINTER (1500W)

Best Seller
bizhub C221
Color A3
Multifuntion Copier
3 Year Unlimited Onsite Service
USD 184 / mth
OR
USD-2,750 USD-2,650

FREE
Page Pro 5650DN
HI-SPEED
MONO LASER
PRINTER

09-253547980, 09-253547981, 01-383932, 01-383934

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**

**ဦးလှဖေ (ကြည်း-၇၅၃၉) (ဗိုလ်မှူး/ငြိမ်း)**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

**အသက်(၈၈)နှစ်**

ဦးလှဖေ(မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)သည် ၂၅-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့) ည ၁၀း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သစ်ထုတ်ရေးဌာန၊ အငြိမ်းစားအရာထမ်းများအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးသန့် @ Annie Kuu (မော်လမြိုင်)**

**အသက်(၈၁)နှစ်**

**(တင်ရွှေစာပေ)**

**အမှုဆောင်၊ မဟာစည် အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့**

ဦးသောင်းတင် (ဒုဝန်ကြီး-ငြိမ်း)-ဒေါ်တင်တင်အေး (KMD Computer Group)တို့၏ မိခင်ကြီး ဒေါ်အေးသန့် @ Annie Kuuသည် ၂၇-၅-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board of Director အဖွဲ့နှင့် ဝန်ထမ်းများ**
**KMD Co., Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးသန့် @ Annie Kuu(မော်လမြိုင်)**

**အသက်(၈၁)နှစ်**

**(တင်ရွှေစာပေ)**

**အမှုဆောင်၊ မဟာစည် အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့**

ဦးသောင်းတင် (ဒုဝန်ကြီး-ငြိမ်း)-ဒေါ်တင်တင်အေး (KMD Computer Group)တို့၏ မိခင်ကြီး ဒေါ်အေးသန့် @ Annie Kuuသည် ၂၇-၅-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board of Director အဖွဲ့နှင့် ဝန်ထမ်းများ**
**DCD Co., Ltd.**

## အထူးကျေးဇူးတင်ရှိပါကြောင်း

**ဦးမြင့်ဇော်(ခ)ဦးမောင်မောင်ဦး**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဦးချစ်မောင်လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ၂၄-၅-၂၀၁၆ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ဦးမြင့်ဇော်(ခ)ဦးမောင်မောင်ဦး (ရေဦးမြို့) မကျန်းမာစဉ်ကုသပေးခဲ့သော ဝိတိုရိယဆေးရုံမှ ဆရာဝန်များ၊ HD နှင့် HDU မှ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် နာရေးကိစ္စများကိုကူညီပေးခဲ့သော စိန်ရတနာ နာရေးကူညီမှုအသင်း(အင်းစိန်)၊ လှူဖွယ်များကို လာရောက်ပေးကြသူများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့်တကွ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာထွန်းထွန်းဝင်း(သခ-၁၂၉၀)**

**သွားနှင့်ခံတွင်းဆရာဝန် (26th Batch)**

**အသက်(၄၆)နှစ်**

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၏ အသင်းဝင်တစ်ဦးဖြစ်သူ ဒေါက်တာထွန်းထွန်းဝင်းသည် ၂၇-၅-၂၀၁၆ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း(ဗဟို)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမောင်မောင်ကြီး**

**အသက် (၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ လှိုင်ရွာနေ (ဦးကျော်ညွန့်-ဒေါ်ကံမေ)တို့၏သား၊ (ဦးမြရှိန်-ဒေါ်အေးကြည်)တို့၏သားသမက်၊ (ဦးအေးချို)-ဒေါ်ဝင်းကြည်တို့၏အစ်ကို၊ အမှတ်(၂၀၄)၊ မိဂသီ(၁၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးအေးကြွယ်-ဒေါ်သန်းသန်းအေး၊ ဦးဝင်းဇော်ထွဋ်-ဒေါ်ဇာခြည်ဟန်၊ ဦးကျော်မင်းထွဋ်-ဒေါ်ကြူကြူခိုင်၊ ဦးရဲမင်းထွဋ်-ဒေါ်တင်သူဇာစိုး၊ ဦးစိုင်းမင်းမောင်ဦး-ဒေါ်စင်သီယာထွဋ်၊ မောင်ရန်နိုင်ထွဋ်၊ မခင်နီလာထွဋ်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်ခင်ခင်မြင့်၏ခင်ပွန်း ဦးမောင်မောင်ကြီးသည် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၆ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်လှမြင့် (၇၉)နှစ်**

**ဗဟန်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အမှတ်(၃)၊ လေးလွှာ၊ မဟာမြင့်မိုရ်လမ်းနေ (ဦးအုန်းတင်)၏ဇနီး၊ ဦးစိုးမြင့်-ဒေါ်ခင်ဌေး၊ ဦးအောင်ဝင်းရှိန်-ဒေါ်သန်းသန်းမြင့်၊ (ဦးသန်းကြွယ်)-ဒေါ်သီတာအောင်၊ ဦးမောင်မောင်အောင် (Shin Yang Shipping Co., Ltd)-ဒေါ်နီလာဝင်းတို့၏မွေးသမိခင်၊ Captain; ဦးမောင်မောင်ဌေး (ASIAN WIN GS AIRWAYS)-ဒေါ်စုလတ်မွန်၊မောင်ဟိန်းထွဋ်ဇော်-မသင်းသင်းအောင်(AYA BANK၊ မြောင်းမြ)၊ မောင်နေလင်း၊ မအဥ္ဇလီမြင့်၊ မမေသက်ထားတို့၏အဘွား၊ မချမ်းမြေ့မေသူ၊ မောင်သန့်မောင်မောင်ဌေးတို့၏ ဘွားဘွားကြီးသည် ၂၈-၅-၂၀၁၆ (စနေနေ့) နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၆ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၆ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်ကျင်စိန်(ထားဝယ်)**

**အသက်(၈၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ သင်္ဘောဆိပ်ရပ်၊ အမှတ်(၇၀)၊ ကမ်းနားလမ်းနေ (ဦးထိုက်ကျော်)၏ဇနီး၊ ဦးမောင်မောင်ကျော်-ဒေါ်ခင်ခင်လတ်၊ ဦးမောင်မောင်အုန်း-ဒေါ်နီလာမြင့်၊ ဦးမောင်မောင်သန့်-ဒေါ်မေပုလဲ၊ ဦးကျော်လင်းထွန်း-ဒေါ်ခင်မာမွေး၊ ဦးမျိုးသန့်-ဒေါ်ဖြိုးဖြိုးတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၁ ယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ကျင်စိန်သည် ၂၈-၅-၂၀၁၆ (စနေနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာသုသာန်၌ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဆရာမဒေါ်တင်ညို (၇၅)နှစ်

**အလက(၁)မရမ်းကုန်း (ငြိမ်း)**

မန္တလေးမြို့နေ (ဦးမြကွယ်-ဒေါ်လှခင်)တို့၏သမီး၊ ဗန်းမော်မြို့နေ (ဦးဘသိန်း-ဒေါ်ကွေစင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ခနသိဒ္ဓိလမ်း၊ အမှတ်(၁၂၃)နေ [ဦးသိန်းဟန်(ကုန်သွယ်ဆောက်လုပ်-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်လီလီသိန်း(အထက-၃၊ မရမ်းကုန်း-ငြိမ်း)၊ ဒေါက်တာသိန်းကျော်မိုး (ခာတ်မှန်အထူးကုဆရာဝန်ကြီး၊ ဖျာပုံဆေးရုံကြီး)-ဒေါ်ခင်ချိုချိုဝင်း၊ ဦးကျော်စိုးဦး [ကိုစိုးစိုး(မြနန္ဒာ-စင်ကာပူ)]-ဒေါ်လင်းလင်း၊ ဦးဝင်းဗိုလ်သိန်း(ကိုတိုးတိုး) တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွား ဆရာမဒေါ်တင်ညိုသည် ၂၈-၅-၂၀၁၆ရက် ည ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)

**ဦးစံမောင် (၇၂)နှစ်**

နတ်မောက်မြို့နယ်၊ ဆင်သေကန်ရွာနေ ဦးဘဟန်-ဒေါ်ဖွားတုတ်တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဒဂုံရောအဝေးပြေးဝင်း ရွှေအိမ်စည်စားသောက်ဆိုင်နေ ဦးစိုးနိုင်-ဒေါ်လှလှတင်၊ ဦးစိုးပိုင်-ဒေါ်ခင်သိန်းတို့၏ ဦးလေး ဦးစံမောင်သည် ၂၆-၅-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်ဆွေများနှင့် အသင်းသားများအား ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

### ဒေါ်ခင်ခင် (၆၅)နှစ်

**ဒု-လက်ထောက်ညွှန်ကြားရေးမှူး စား/ကုန် စက်မှုဝန်ကြီးဌာန**

မော်လမြိုင်မြို့နေ (ဦးထွန်းရွှေ-ဒေါ်နှင်းစိန်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်(၂၀၉)၊ အခန်း(၁၂)နေ (ဦးစိန်မြင့်)-ဒေါ်အေးမြင့် တို့၏ တူမ၊ (ဦးသန်းစိုး)၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ (ဦးရဲမြင့်)၊ ဦးသန်းဌေး-ဒေါ်စိုးစိုးမြင့်၊ (ဦးလှမိုး)-ဒေါ်နုနုရီ၊ ဦးအောင်ငွေစိုး-ဒေါ်မြကြည်၊ ဦးတင်ထွန်းကျော်-ဒေါ်ခင်ဆွေမြင့်၊ (ဦးသိန်းဇော်မြင့်)၊ ဦးဝင်းမော်-ဒေါ်ချောစုမြင့်၊ ဦးညဏ်လင်းမြင့်-ဒေါ်စိုးမိုးသိန်း၊ ဦးညဏ်ဝင်းမြင့်-ဒေါ်နီနီခိုင်တို့၏အစ်မကြီး၊ တူ/တူမ ၂၀ ယောက်တို့၏အဒေါ် ဒေါ်ခင်ခင်သည် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်သန်းနွယ် (၅၉)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ ဇရပ်ပြင်ကျေးရွာနေ (ဦးမောင်ဦးသာ)-ဒေါ်ခိုင်စိန်တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၆၁)နေ ဒေါ်ချိုချိုမြင့်၊ ဦးထွန်းထွန်းမြင့်၊ ဦးအောင်စိုး-ဒေါ်ဆွေဆွေဝင်း၊ ဦးထွန်းမင်းဝင်း-ဒေါ်ငြိမ်းငြိမ်းခိုင်၊ ဦးကျော်ဆန်း-ဒေါ်မိမိခိုင်တို့၏အစ်မကြီး၊ တူ/တူမ လေးယောက်တို့၏ ကြီးကြီးသည် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်လွင်(ခ)သားကြီး (၅၃)နှစ်

**(မြစ်ကြီးနား)**

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ (ဦးသောင်းလွင်)-ဒေါ်ခင်ဌေးဌေးတို့၏ သားကြီး၊ ဦးညီညီလွင်၊ ဒေါ်ဝါဝါလွင်တို့၏အစ်ကို၊ ဒေါ်နှင်းဆီ(ခေတ္တ-အမေရိကန်)၏ခင်ပွန်း၊ မောင်မြတ်သူအောင်၊ မမေသူအောင်တို့၏ဖခင် ဦးမောင်မောင်လွင်(ခ)သားကြီးသည် ၂၈-၅-၂၀၁၆ (စနေနေ့) ည ၁၀း၂၀နာရီတွင် ဘားအံပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ဘားအံပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ဘားအံမြို့ ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး စိုးဝင်းမင်း (၄၄)နှစ်

**တပ်မတော်(လေ)**

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ ယုဇနလမ်းနေ [ဦးသောင်းညွန့် (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-၂)]-ဒေါ်ခင်မြင့် (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-၂)တို့၏သား၊ မိတ္ထီလာမြို့၊ ပွဲစားတန်းရပ်နေ (ဦးစိန်မောင်-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဘောက်ထော်(၁၆)ရပ်ကွက်၊ တိုက်အမှတ်(၂)၊ အခန်း(၅)နေ ဒေါ်အေးအေးသက်၏ ချစ်လှစွာသောခင်ပွန်း၊ မစိုးနဒီဝေ၊ မရွှန်းမြသက်တို့၏ ချစ်လှစွာသောဖခင် ဒုတိယဗိုလ်မှူးကြီး စိုးဝင်းမင်း (တပ်မတော်-လေ) သည် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**လေ-၂၂၃၀ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းမင်း**

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၆)**

**အသက်(၄၄)နှစ်**

ဟုမ္မလင်းလေတပ်စခန်းဌာနချုပ်နေ ဒေါ်အေးအေးသက်၏ ချစ်လှစွာသောခင်ပွန်း၊ ဟုမ္မလင်းလေတပ် စခန်းဌာနချုပ်၊ ယာယီဒုတိယလေတပ်စခန်းဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီး စိုးဝင်းမင်းသည် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**

## ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး

**ဦးဘစံ**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်အရှေ့ရပ်ကွက်၊ မြို့မကျောင်းလမ်း၊ အမှတ်(၁၀၅)နေ (ဦးသူငယ်လေး-ဒေါ်သန်းမြ)တို့၏သား၊ (ဦးမောင်ရှင်-ဒေါ်စိန်ကြွေ)တို့၏သားသမက်၊ ဒေါ်ယဉ်နွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသန့်ဇင်)-ဒေါ်သန်းသန်းနွဲ့၊ (ဦးသက်တင်)၊ ဦးမင်းကြည်-ဒေါ်မွှေမွှေထွန်း၊ ဦးအောင်ချိုဦး-ဒေါ်အေးအေးသန်း (ကြံတိုင်းအောင်ပွဲရုံ)တို့၏ ချစ်လှစွာသောဖခင်၊ မသူဇာ၊ မသန္တာ (မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ရှယ်ယာဌာန)၊ ကိုပြည့်ဖြိုးကျော် (Executive Director of Mobile Communication Co., Ldt)-မဟန်နီအောင် (ရွှေရည်ဦး ရတနာရွှေဆိုင်)၊ ကိုထက်အောင်ဖြိုး (Carnival Cruise Line)-မဟေမာမိုးကြည် (မြန်မာ့ရေနံဆောင်ဘဏ်၊ ဆင်ရေတွင်း)၊ ကိုဟိန်းထက်လင်း (Carnival Cruise Line)၊ မောင်အောင်မြတ်ကျော် (BSM.Maritime)၊ မသဥ္ဇာလှိုင်မင်းတို့၏အဘိုး၊ မြစ်တစ်ယောက်၏ ဘိုးဘိုးသည် ၂၈-၅-၂၀၁၆ (စနေနေ့) ညနေ ၃း၄၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၅-၂၀၁၆ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၃၁)ပါ ဦးမင်းအောင်(မန္တလေး) အသက်(၈၁)နှစ် နာရေးတွင် အမှတ်(၅၀)၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့် နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဒေါ်မြင့်ကြည် (၈၅)နှစ်

**(မင်္ဂလာတောင်ညွန့်ရပ်ကွက်)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ အမှတ်(၁)၊ (၁၀၅)လမ်းနေ (ဦးအုန်းသော်-ဒေါ်စောကျင်)တို့၏ သမီးကြီး၊ (ဦးသိန်းမြင့်)-ဒေါ်ညွန့်စိန်တို့၏ ညီမ၊ (ဦးကိုကိုကြီး-ဒေါ်နှင်းရီ)၊ (ဦးတက်မြင့်လှ)-ဒေါ်ခင်စိုးရီ (Mrs. Daisy Luke) (Australia Perth)၊ ဦးဇော်ဝင်းတို့၏အစ်မကြီး၊ ဦးထွန်းရွှေ (ရွှေ့ဆောင်ရုပ်ရှင်ရုံ-ငြိမ်း)၏ ဇနီး၊ ဦးမောင်မောင်လွင် (ရုပ်ရှင်လုပ်ငန်း)-(ဒေါ်ဥမ္မာထွန်း)၊ ဦးသန့်ဇင် (သဇင်-ရွှေဆိုင်-မဂိုလမ်း)-ဒေါ်သီတာထွေး၊ ဦးညီညီလွင် (ကားဘော်ဒီဆေးမှုတ်လုပ်ငန်း)-ဒေါ်အေးအေးထွန်း၊ ဦးညဏ်ထွန်း-ဒေါ်သီတာ၊ ဦးသိန်းအောင်-ဒေါ်အေးအေးစမ်းတို့၏မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏အဘွား ဒေါ်မြင့်ကြည်သည် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ကြည်

**အသက်(၈၄)နှစ်**

**AEE (ငြိမ်း)၊ MEPE**

**မြစ်ကြီးနား၊ ဗန်းမော်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်အိမ်ရာစခန်း၊ တိုက်(၁၉)၊ အခန်း(၁၁)နေ (ဒေါ်ခင်သန်းကြူ)၏ခင်ပွန်း၊ ဦးအေးလွင်ရှိန်-ဒေါ်မာမာမြင့်၊ [ဦးဇော်လွင်ရှိန်(ခ)ဖိုးဇော်]၊ ဦးကြည်သိန်း(ဒုထွေဂျာ-အင်းဝဘဏ်လီမိတက်)-ဒေါ်နီလာကြည်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၁၆(စနေနေ့) နံနက် ၆း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်မြို့ မဟာပညာဗိမာန်စာသင်တိုက် ဦးစီးပဓာနနာယက**

**ဆရာတော် ဘဒ္ဒန္တပညာဝရ**

**သိက္ခာတော်(၈၀)၊ သက်တော်(၁၀၀)**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ မဟာပညာဗိမာန်စာသင်တိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တပညာဝရ သိက္ခာတော်(၈၀)၊ သက်တော် (၁၀၀)သည် (၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ရက်) ၂၄-၅-၂၀၁၆ (အင်္ဂါနေ့)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွား ပါသဖြင့် (၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ရက်) ၇-၆-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးဖိတ်ကြားအပ်ပါသည်။

ဈာပနကျင်းပရေးဦးစီးအဖွဲ့၊ ရွှေကျင်မြို့

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ ကေသရမထေရ်မြတ်**

**သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မြင်းဝန်မင်းကြီးတိုက်၊ သီရိရွှေစင်ကျောင်း၏ ဦးစီးပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ ကေသရမထေရ်မြတ် သိက္ခာတော် (၆၆)ဝါ၊ သက်တော်(၈၆)နှစ်သည် (၁၃၇၈ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်) ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၂း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၇၈ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်) ၂-၆-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဧရိပ်ငြိမ်သုသာန်၌ အန္တိမ အဂ္ဂိဈာပနကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ပါရန် ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူတပည့်ဒါယကာ/ဒါယိကာမများ

## ဦးခင်မောင်လွင် (၈၇)နှစ်

**ဂန္ထဝင်အဆိုတော်ကြီး(စမ်းချောင်းမြို့နယ်၊ ဂီတအစည်းအရုံးဥက္ကဋ္ဌ)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေ/တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၄၉)နေ (ဦးမြမောင်-ဒေါ်ခင်ညွန့်)(ဦးဘဲဥ-ဒေါ်လှညွန့်)တို့၏ သား၊ ဒေါ်လွင်လွင်မေ(မဖြူ)၏ခင်ပွန်း၊ သားသမီး ၁၃ယောက်တို့၏ဖခင်၊ မြေး ၁၈ယောက်တို့၏အဘိုး၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကိုကိုကြီး (၅၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆန္ဒန်လမ်း၊ အမှတ်(၈) မြေညီနေ (ဦးအာလေး)-ဒေါ်ပုတို့၏သားကြီး၊ (ဦးကွင်း-ဒေါ်စိန်ညွန့်)တို့၏ သားသမက်၊ ဒေါ်ထွေးထွေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဖုန်းသီဟ(ပထမနှစ်ဆေးတက္ကသိုလ်)၏မွေးသဖခင်၊ ဦးဝင်းဖေ-(ဒေါ်ခင်ခင်ကြီး)၊ ဦးနိုင်ဦး-ဒေါ်ခင်ခင်လေး၊ ဦးစိုးထိုက်-ဒေါ်သူဇာစိုး(ပင်းဂွင်းမုန့်တိုက်)တို့၏အစ်ကိုကြီးသည် ၂၉-၅-၂၀၁၆ရက် နံနက် ၀၀း၃၅ နာရီတွင် အာရှတော်ဝင် အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်နိုင် (၅၃)နှစ်

**B.E (Tex TILE)**

**ဒုတိယအထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)**

**အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၁၀)ရပ်ကွက်၊ ပိတောက်ချောင်းလမ်းနေ ဦးမာဒင်-(ဒေါ်အေးညွန့်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နေ ဦးအောင်စိုး-ဒေါ်ခင်အေးတို့၏သားသမက်၊ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၅၂၀၉)၊ အခန်း(၀၂)နေ ဒေါ်မိုးမိုးခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မယွန်းဝတီနိုင် (နဝမတန်း)၏ဖခင်သည် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံအအေးတိုက်မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်တင်အေး(ခ)မမီးမီး**

**တော်ကူး၊တံခွန်တိုင်(မုဒုံမြို့)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီ (၁၃) လမ်း၊ အမှတ်(၇၉၀-A)နေ (ဦးဝင်းကြည်)-ဒေါ်သန်းရီတို့၏ သမီးကြီး၊ (ဦးဂျော်နီ-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးထွန်းအုံ(R/O,Ex,MOGE)၏ချစ်လှစွာသောဇနီး၊ ကိုတင်ဇော် (JSM Int'L Ltd)-မပြုံးဝတ်ရည်အေး၊ ကိုရဲသူလွင် (Micron Semiconductor Asia SingaporeLtd)-မဝတ်မှုံသင်း၊ ကိုအောင်ချစ်ဝင်း-မနှင်းအိဖြူတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကောင်းမြတ်ဟိန်း၊ မချစ်နှင်းကြယ်စင်တို့၏ ဘွားဘွားကြီးသည် ၂၈-၅-၂၀၁၆ (စနေနေ့) ညနေ ၆း၁၅နာရီတွင် တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး ၍ ၃-၆-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်အုန်း (၆၃)နှစ်

**ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်(ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၀)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ်(၁၃၆၆)နေ [ဗိုလ်ကြီးအောင်စောလှ(ငြိမ်း)-ဒေါ်နု]တို့၏သမီးကြီး၊ (ဦးမျိုးအောင်)၏ဇနီး၊ မခိုင်မြတ်သူ (ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန)၏မိခင်၊ ဦးကျော်ကျော် (တရားလွှတ်တော်ရှေ့နေ)-ဒေါ်အေးအေးခိုင်တို့၏ညီမ၊ ဦးထွန်းဝေ(ရွှေလမင်း စားသောက်ဆိုင်၊ဒလ)-ဒေါ်ချိုချိုဝင်း၊ ဒေါ်စန်းစန်းအုန်း(အထက-၃၊ မြောက်ဒဂုံ)၊ (ဦးဇော်ကြီး)-ဒေါ်မင်းမင်းထွေး၊ ဦးစောဝင်းအောင် (ကောင်းစံမိတ္တူ)-ဒေါ်ခင်ဆွေမော်တို့၏အစ်မသည် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၄း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၆(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဖူးပွင့်လန်းဆန်းနေသော အနာဂတ်မျိုးဆက်သစ်ရတနာလေးများ

**သတင်းဆောင်းပါး - နေသန်၊ သတင်းဓာတ်ပုံ - ဇာဏီ**

"သူတစ်ပါးဉစ္စာကို မတရားရယူလိုတဲ့ စိတ်ဓာတ်မကောင်းသောရွဲကုန်သည်ဟာ လောဘ၊ ဒေါသတွေရဲ့ပြင်းထန်လှတဲ့အပူကြောင့် ရူးသွပ်ရာမှ ရင်ကွဲနာကျ သေဆုံးသွားရသတဲ့ကွယ်" ဆရာမ၏ပုံပြင်အဆုံးတွင် ကလေးများငြိမ်သက်လျက် အတွေးကိုယ်စီ စဉ်းစားနေကြသည်။ တောက်ပသော၊ အပြစ်ကင်းစင်သော၊ ရွှင်လန်းတက်ကြွသော ဟန်ပန်အမူအရာ၊ မျက်လုံးကလေးများနှင့် တဖျပ်ဖျပ်လင်းလက်လျက်ရှိသောနေရာမှာ နေပြည်တော် ဇေယျာသီရိ မြို့နယ် မဟာရတနာသိုက်ချောင်းတပ်ဦးကျောင်းရှိ ဓမ္မစကူးသင်တန်း စာသင်ခန်းအတွင်း၌ ဖြစ်သည်။

တစ်ပတ်တာတနင်္ဂနွေရက်များဆိုလျှင် မိဘများနှင့်ရင်သွေးငယ်များမှာ ပုံမှန်အားဖြင့် မိသားစုအားလပ်ရက်အချိန်ကို အမျိုးမျိုးဖြတ်သန်း ကုန်ဆုံးခဲ့ကြသည်။ နေအိမ်တွင် မိသားစုအေးအေးလူလူနေထိုင်ကြ၊ အချို့လည်း အပန်းဖြေနေရာများသို့လည်းပတ်ကြ၊ များသောအားဖြင့် မိဘများက မိမိတို့၏ သားသမီးများကို ကျူရှင်အမျိုးမျိုးသို့ ပို့တတ်ကြသည်။ ချို့တဲ့သော မိသားစုများအဖို့ အားလပ်ရက်တွင်ပင် မအားလပ်ရှာဘဲ မိသားစုအကျိုးရှိရာ အလုပ်တစ်ခုခုကို လုပ်ကိုင်ကြရသည်။

ထိုကဲ့သို့သော မျက်မှောက်ကာလ မိသားစုဘဝအခြေအနေအမျိုးမျိုးတွင် ကလေးသူငယ်အများစု မြန်မာတို့၏ရှေးရိုးအစဉ်အလာ ဓမ္မရသ၊ ဓမ္မအဆုံးအမတို့နှင့်ကင်းကွာခဲ့သည်မှာ မျိုးဆက်တစ်ခုမက ရှိခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် မကြာသေးမီနှစ်များအတွင်းက ဘာသာရေးဆိုင်ရာ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးသင်တန်းများ၏ အကျိုးကျေးဇူးကြောင့် မိဘရင်သွေးငယ်များ၏ အနာဂတ်အတွက် စိတ်အေးဖွယ်ဖြစ်လာခဲ့သည်ဟုဆိုနိုင်သည်။ ယင်းအခြေအနေနှင့်ပတ်သက်၍ ဇေယျာသီရိမြို့နယ်တွင် ဓမ္မစကူးသင်တန်းကို လက်ခံဖွင့်လှစ်ပေးထားသော ဆရာတော်ထံအရောက်သွားကာ လေ့လာမိသည်။ "ဦးဇင်းရဲ့ဘွဲ့ကတော့ ဦးအာစိဏ္ဏဖြစ်ပါတယ်။ ဓမ္မစကူးလ်ဖောင်ဒေးရှင်းအနေနဲ့ ကလေးတို့စိတ်ဓာတ်ယဉ်ကျေးလိမ္မာအောင်၊ ပျော်ရွှင်အောင်၊ သားကောင်းရတနာ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✿



နေပြည်တော် ဇေယျာသီရိမြို့နယ် မဟာရတနာသိုက်ချောင်းတပ်ဦးကျောင်းရှိ ဓမ္မစကူးသင်တန်း၌ ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။

## ကာလတန်ဖိုး ကျပ် ၄၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကောင်းခါး-ကွတ်ခိုင်လမ်း ယူကလစ်တောတွင် သတင်းအရ ယာဉ်မောင်း အောင်အောင်(ခ) ယေစောင့်တဲ့ မောင်းနှင်လာသည့်၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆာလာအိတ် ၁၀၅ အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၂၁၀ ဒသမ ၅ သိန်း(ကာလတန်ဖိုးကျပ်သိန်း ၄၂၁၀၀၀)အား မေ ၂၈ တွင် သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များမှ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ရက် ၁၀၀ စီမံချက် ချမှတ်အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိရာ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❖

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

